# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၆)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိ

မြဝတီ ဧပြီ ၃

မြဝတီနယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းမကြီးဖြစ်သည့် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် ခရီးသည်တင်ယာဉ်များ၊ အိမ်စီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိပြီး (ယာပုံ) ကုန်စည်စီးဆင်းမှုအနေဖြင့်လည်း ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကားတွေကတော့ ပုံမှန်အတိုင်း သွားလာနေတာပါ။ ယခင် ရက်ပိုင်းကတော့ တံတားပြုပြင်တာတွေ ဆောင်ရွက်နေတဲ့အတွက် နာရီပိုင်းပိတ်ပြီး ပြန်ဖွင့်ပါတယ်။ တချို့သတင်းတွေ တက်နေသလို အခုထိ ပိတ်ထားတုန်း၊ ကုန်စည်စီးဆင်းမှုတွေ ရပ်နားထားရလို့ ကုန်ဈေးနှုန်းတွေလည်း တက်နေပြီဆိုတာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းကတော့ ကားတွေ ပစ်တာ၊ မီးရှို့တာတွေလုပ်တော့ ကုန်တင်ယာဉ်တွေက စိုးရိမ်မှုတော့ရှိတာပေါ့။ ဒါပေမယ့် ပုံမှန်အတိုင်းပဲ သွားလာနေပါတယ်" ဟု ကုန်တင်ယာဉ်မောင်းသူ တစ်ဦးက ပြောသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑




မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

# မြိတ်နှင့် ကော့သောင်းခရိုင်တို့၌ ဆီအုန်းစိုက်ပျိုးမှုဖြစ်ထွန်းသော်လည်း ဆီကြိတ်စက်ရုံလိုအပ်

မြိတ် ဧပြီ ၃

တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ပျိုးမှု ဖြစ်ထွန်းနေသော်လည်း မြိတ်ခရိုင်၌ ဆီကြိတ်စက်ရုံ လိုအပ်လျက်ရှိကြောင်း မြိတ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်းတွင် ဆီအုန်းစိုက်ပျိုးအောင်မြင်သည့် ရေမြေရာသီဥတုရှိသောကြောင့် ပြည်တွင်း ပြည်ပ ကုမ္ပဏီအများအပြားက ဆီအုန်းစိုက်ပျိုးမှုအတွက် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်မှစတင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးမှုစတင်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး တစ်ခုလုံးတွင် ဧက လေးသိန်းကျော် စိုက်ပျိုးထားသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း၌ ဆီအုန်းစိုက်ပျိုးမှု ဧက လေးသိန်းကျော် ရှိသည့်အနက် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ကော့သောင်းခရိုင်တွင် ဆီကြိတ်စက်ရုံ နှစ်ရုံရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ○



ကော့သောင်းခရိုင်အတွင်းရှိ ဆီအုန်းစိုက်ခင်းများ။

**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမိန့်ကြော်ငြာစာအမှတ် ၁၂ / ၂၀၂၂ ထုတ်ပြန်**

ပြည်တွင်းသတင်း | စာ - ၅

**ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင်**

ဆောင်းပါး | စာ - ၆

**လေကြောင်းဖြင့်ရောက်ရှိလာသော ခရီးသွားများ ရောဂါကူးစက်မှု မရှိကြောင်း အထောက်အထား စာရွက်စာတမ်းပြသခြင်း ဘာရာဇီးနိုင်ငံ ပယ်ဖျက်**

နိုင်ငံတကာသတင်း | စာ - ၁၃

# ပြည်ပပို့ကုန်အလားအလာကောင်းသည့် ဝဥစိုက်ပျိုးထုတ်လုပ်ရေး

တောင်သူများ ဝင်ငွေတိုးရေးအတွက် ဝဥစိုက်ပျိုးရန် နှိုးဆော်တိုက်တွန်းလျက်ရှိသည်။ ဆန်အစားထိုး စားသုံးနိုင်သည့် သီးနှံဖြစ်သော ဝဥကို မြန်မာနိုင်ငံတွင် စားသုံးမှုနည်းပါးလျက်ရှိသေးသော်လည်း ဝဥသည် စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဝါးကုန်ကြမ်း၊ စက်မှုကုန်ကြမ်းအဖြစ် အသုံးဝင်သောကြောင့် ပြည်ပဝယ်လိုအားရှိသော စိုက်ပျိုးရေးထွက်ကုန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝဥကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အရိပ်ကောင်းပြီး အစိုဓာတ်ကောင်းသည့် နေရာများ၌ သဘာဝအလျောက် ပေါက်ရောက်သည်ကို တွေ့ရသလို ရန်ကုန်၊ တနင်္သာရီ၊ ရခိုင်နှင့် ချင်းတို့တွင် စီးပွားဖြစ်စိုက်ပျိုးသည်ကိုလည်း တွေ့ရသည်။ ပြည်ပဈေးကွက်ဝယ်လိုအားရှိသည့် သီးနှံဖြစ်သည့် အလျောက် သဘာဝအတိုင်း အလေ့ကျပေါက်သည့် ဝဥများကို ရှာဖွေတူးဖော်မှု များပြားလျက်ရှိရာ ရေရှည်တွင် ရရှိမှုနည်းပါးလာခြင်းနှင့် ဈေးကွက်ဝင်အရွယ်အစား မရရှိနိုင်တော့ခြင်းတို့ ကြုံတွေ့လာရသည့်အတွက် ဝဥစိုက်ပျိုးမှုကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်လာသည်။ ထို့အပြင် ဝဥစိုက်ပျိုးထုတ်လုပ်သူများအတွက် ဈေးကွက်ခိုင်မာစေရန် ပြည်ပသို့ တင်ပို့မှုအပြင် တစ်ဖက်တွင်လည်း ပြည်တွင်းစားသောက်သုံးစွဲမှု မြင့်မားလာစေရန် စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်၍ ဈေးကွက်ကျယ်ပြန့်လာစေရန် ဖော်ဆောင်ပေးရမည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ဝဥပြည်ပတင်ပို့မှုတွင် တရုတ်နိုင်ငံသို့ ၈၅ ရာခိုင်နှုန်းခန့် တင်ပို့နေခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသို့ ၁၅ ရာခိုင်နှုန်းခန့်သာ တင်ပို့နေခြင်းဖြစ်သည်။

ဝဥပင်သည် မိုးများပြီး ပူနွေးစွတ်စိုသော ရာသီဥတုနှင့် မြေဆွေးဓာတ်များပြီး အစိုဓာတ်ထိန်းအားကောင်းသည့် နုန်းမြေ၊ မြေချဉ်ငန်ဓာတ် (PH) ၅ ဒသမ ၅ မှ ၆ ဒသမ ၅ ကို ကြိုက်နှစ်သက်သည်။ ပျမ်းမျှအပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်ကြား၊ အပင်ကြီးထွားချိန်တွင် မိုးရေချိန် ၆၀ လက်မ ရွာသွန်းသည့် ဒေသမျိုးတွင် ဖြစ်ထွန်းသည်။ ရေစီးရေလာမကောင်းသော ရေဝပ်မြေမျိုးကို မကြိုက်သော အပင်မျိုးဖြစ်သည်။ အရိပ်ကြိုက်သော အပင်မျိုးဖြစ်သောကြောင့် နှစ်ရှည်ပင်များကြားတွင် ကြားသီးနှံအဖြစ် စိုက်ပျိုးနိုင်သည်။ ပြည်တွင်းဈေးကွက်တွင် ဝဥအမျိုးအစား သုံးမျိုးရှိရာ ဝဥအနီရောင်ကို ပထမတန်းစား၊ အဝါရောင်ကို ဒုတိယတန်းစား၊ အဖြူရောင်ကို တတိယတန်းစားအဖြစ် သတ်မှတ်ထားသည်။

ဝဥကို စားသောက်ကုန်၊ အလှကုန်၊ ဆေးဝါးနှင့်စက်မှုကုန်ကြမ်းအဖြစ် သုံးစွဲနိုင်သော်လည်း မိမိတို့နိုင်ငံမှ ရောင်းချရာတွင် ဝဥခြောက်အနေဖြင့်သာ ရောင်းချနေရခြင်းဖြစ်သည်ဟု ဆိုသည်။ ဝဥစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဝဥကုန်ချောထုတ်လုပ်ခြင်းတို့အတွက် နည်းပညာနှင့် အရင်းအနှီးတို့ လိုအပ်ကြောင်း၊ ဝဥကုန်ချော စက်ရုံ ၂၀ ကျော်ခန့်ရှိရာတွင် တိုင်းရင်းသားနိုင်ငံသားပိုင် စက်ရုံ တစ်ရုံသာရှိကြောင်း သတင်းများတွင် တွေ့ရှိရာ ဝဥကုန်ချောထုတ်လုပ်မှုတွင် နိုင်ငံသားပိုင် သို့မဟုတ် နိုင်ငံပိုင်စက်ရုံများ တည်ထောင်ခြင်းဖြင့် ကုန်ကြမ်းသက်သက်သာ ရောင်းချနေရသည့် ဘဝမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးအပါအဝင် ပြည်ပတင်ပို့မှုများ ရပ်ဆိုင်းနေခဲ့သော်လည်း ရောဂါကူးစက်ပျံ့နှံ့မှု ကျဆင်းလာသည်နှင့်အမျှ ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ကြရမည်ဖြစ်သည်။ ပြည်ပဈေးကွက် အလားအလာကောင်းမွန်သည့် ဝဥစိုက်ပျိုးထုတ်လုပ်ရေး၊ ဝဥကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်တင်ပို့နိုင်ရေးအတွက် လိုအပ်သော နည်းပညာအကူအညီ၊ ရင်းနှီးမြှုပ်နှံမှု အကူအညီများဖြင့် ထောက်ပံ့ကူညီကာ မြန်မာ့စိုက်ပျိုးထွက်ကုန်အတွက် ပြည်ပဈေးကွက် ခိုင်မာကျယ်ပြန့်နိုင်ပါစေကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## “မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်နေ့မှ တန်ခူးလဆုတ် ၁ ရက်နေ့အထိ (၂၀၂၂ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ”

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင်အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ် အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်) မပါဘဲမမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ/ လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။

(စ) “ သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်နေ့မှ တန်ခူးလဆုတ် ၁ ရက်နေ့အထိ (၂၀၂၂ ခုနှစ် ဧပြီလ ၁၃ ရက် နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိ လည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ညနေ ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## သင်္ကြန်အကြို နွားထိုးကြီး-ရန်ကုန် ယာဉ်စီးခများ ဈေးတက်

**နွားထိုးကြီး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီး-ရန်ကုန် အမြန်ယာဉ်များ၏ ယာဉ်စီးခများကို သင်္ကြန်အကြို ဧပြီ ၇ ရက်မှစ၍ ခရီးသည်တစ်ဦး ယာဉ်စီးခငွေကျပ် သုံးသောင်းဖြင့် ဈေးတက်ယူရန်ရှိကြောင်း နွားထိုးကြီး ရွှေစကြာအမြန်ယာဉ်အသင်းထံမှ သိရသည်။

ယခင်က နွားထိုးကြီး-ရန်ကုန် ယာဉ်စီးခ ငွေကျပ် ၂၂၀၀၀ ဖြင့် ပြေးဆွဲရာမှ ယခုငွေကျပ် ၃၀၀၀၀ ဖြင့် ဈေးမြင့် ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။ အလားတူ အခြားပြေးဆွဲနေသော ယာဉ်အသင်းများကလည်း ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ အထိ ဈေးတက်ပြေးဆွဲကြမည်ဟု သိရသည်။ အမြန်ယာဉ်များမှာ သင်္ကြန်ရက်တွင်း ပြေးဆွဲခြင်း ရပ်နားကြမည်ဖြစ်သည်။

၀၁၈

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မကွေး-နေပြည်တော် လမ်းတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များ၌ ခရီးသွားပြည်သူများအား နိုင်ငံသားကတ်(မှတ်ပုံတင်) ပါရှိခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် နိုင်ငံသားအားလုံး ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားတိုင်း နိုင်ငံသားကတ် (မှတ်ပုံတင်) ကိုင်ဆောင်နိုင်ရေးနှင့် မရှိသေးသူများ မဖြစ်မနေဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် အများပြည်သူ ခရီးသွားလာရာတွင်ဖြစ်စေ၊ တည်းခိုနေထိုင်ရာတွင်ဖြစ်စေ၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်ဖြစ်စေ တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို ဧပြီ ၁ ရက်မှစတင် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ရေဝတီတံတား(မကွေး) မင်းဘူးဘက်ခြမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ သွားရောက်၍ တာဝန်ရှိသူများက ခရီးသွားပြည်သူများကို နိုင်ငံသားကတ်(မှတ်ပုံတင်)ပါရှိခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများကို စစ်ဆေးဆောင်ရွက်ခြင်းကြောင့် ခရီးသွားလာမှု ကြန့်ကြာမှုမရှိစေရေးနှင့် ခရီးသွားများအား ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရေး၊ နိုင်ငံသားကတ် (မှတ်ပုံတင်) မပါလာသူများနှင့် မပြုလုပ်ရသေးသူများအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ခရီးသွားပြည်သူများကို ရင်းရင်းနှီးနှီးနွေးနွေးနှုတ်ဆက်ကာ နိုင်ငံသားကတ်စစ်ဆေးရသည့်ရည်ရွယ်ချက်၊ ကတ်ပြား၏ အသုံးဝင် တန်ဖိုးနှင့် စနစ်တကျ ကိုင်ဆောင်နိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ မကွေး-တောင်တွင်းကြီးလမ်း ကံပြား စစ်ဆေးရေးဂိတ်၌ တာဝန်ရှိသူများက ခရီးသွားပြည်သူများကို နိုင်ငံသားကတ်(မှတ်ပုံတင်)ပါရှိခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-ကံပြားလမ်း၊ မြို့သစ်နှင့် တောင်တွင်းကြီးလမ်းခွဲရှိ ဆောက်လုပ်ရေးဧည့်ခန်းမ၌ ပူးပေါင်းစစ်ဆေးရေးဆောင်ရွက်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသွားပြည်သူများအား တွေ့ဆုံကာ နိုင်ငံသားတိုင်း နိုင်ငံသားကတ်(မှတ်ပုံတင်) ရရှိကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံသားကတ်ကို ယခင် မိုးပွင့်စီမံချက်ဖြင့် ကတ်ပြား ၈ ဒသမ ၄ သန်းကျော်၊ သစ္စာစီမံချက်ဖြင့် ၆ ဒသမ ၂ သန်းကျော်၊ ယခုပန်းခင်းစီမံချက်ဖြင့် ၃ သန်းခန့် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း။

သို့သော်လည်း မပြုလုပ်ရသေးသူများ ကျန်ရှိနေသေးသည့်အတွက် ပြည်သူများအား အသိပေးနှိုးဆော်သည့်အနေဖြင့် ယခုကဲ့သို့ စစ်ဆေးရေးဂိတ်များနှင့် တည်းခိုနေထိုင်ရာ နေရာများ၊ နိုင်ငံသားကတ်ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင် နိုင်ငံသားကတ် ပါ/မပါ စစ်ဆေးဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

ယင်းကဲ့သို့ နိုင်ငံသားကတ် (မှတ်ပုံတင်) စစ်ဆေးမည့် အသိပေးကြေညာချက်ကိုလည်း အများပြည်သူသိရှိစေရန်လွန်ခဲ့သည့် သုံးပတ်ခန့်မှ စတင်ကာ မီဒီယာများမှ ကြေညာခြင်း၊ အသိပေးဆိုင်းဘုတ်များစိုက်ထူ အသိပေးခြင်းစသည်တို့ကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးရေး ဆောင်ရွက်နေသူများအနေဖြင့် အများပြည်သူ ခရီးသွားလာမှု အနှောင့်အယှက် မဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းကို မထိခိုက်စေရေး စနစ်တကျစစ်ဆေးရန်နှင့် နိုင်ငံသားကတ်ပါရှိခြင်း ရှိ/မရှိ ပြသစေခြင်းသာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ မပါရှိသူများကို မှတ်တမ်းထားရှိကာ မပြုလုပ်ရသေးပါက သက်ဆိုင်ရာရုံးများသို့ ဆက်သွယ်ဆောင်ရွက်ရန်နှင့် နောင်အစစ်ဆေးခံနိုင်ရန် ယူဆောင်လာရေးရှင်းလင်းချပြကြရန် ဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်၏ အသုံးဝင်တန်ဖိုးကို မသိကြဘဲ အဆင်ပြေသလို ထောက်ခံစာဖြင့် သွားလာဆောင်ရွက်နေကြသည်ကို ခွင့်မပြုတော့ဘဲ နိုင်ငံသားကတ်ရှိမှ ဖြစ်မည်ဆိုသည့် အသိရရှိစေရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားကာ စစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား တာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်(မှတ်ပုံတင်) စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အဝင် တောင်ညိုစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင်များက ခရီးသွားပြည်သူများ နိုင်ငံသားကတ်(မှတ်ပုံတင်)ပါရှိခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးရဲတင့် မြစ်ကြီးနားမြို့၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ

**မြစ်ကြီးနား ဧပြီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ကချင်ပြည်နယ်အတွင်း ရုပ်သံထပ်ဆင့်ထုတ်လွှင့်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တိုင်းရင်းသားဘာသာ) အစီအစဉ်အတွက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနသို့ ရောက်ရှိပြီး ဌာနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Community Centre လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးစင်တာအတွင်း အားကစားလေ့ကျင့်ရေး ပစ္စည်းများဖြင့် ဝန်ဆောင်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် အစည်းအဝေးခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် မြစ်ကြီးနားခရိုင်ရုံး၊ ဝိုင်းမော်မြို့နယ်ရုံး၊ တနိုင်းမြို့နယ်ရုံး၊ ချီဖွေမြို့နယ်ရုံး၊ ဆဒုံးမြို့ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ဇုန်နယ်မှူးနှင့် မိုးကောင်း၊ ဆဒုံး၊ ကန်ပိုက်တီတို့မှ စက်ရုံမှူးများ၊ ရုပ်ရှင်ဌာနခွဲနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း မြစ်ကြီးနားသတင်းဌာနခွဲတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ညှိနှိုင်းပေါင်းစပ်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံ၏ အခြေအနေမှန်ကို ရှင်းလင်းစွာ သိရှိနားလည်ပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ပေးအပ်လာသော တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရေး၊ လူငယ်လူရွယ်များအား အတွေးအခေါ် မှန်ကန်မှုရှိစေရေး၊ ပညာပြည့်ဝသည့် လူငယ်များဖြစ်စေရေး၊ အနာဂတ်ခေါင်းဆောင်များအဖြစ် ပေါ်ထွန်းလာစေရေးအတွက် ပညာပေးရန်၊ အသိပညာပေးရန်ဆိုသည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဖြင့် ပြုစုပျိုးထောင်ပေးရေး၊ ဝန်ထမ်းများ ကိုယ်တိုင် စာပေဖတ်ရှုလေ့လာပြီး အတွေးအခေါ်၊ အသိပညာ ဗဟုသုတ တိုးပွားအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး ပြည်နယ်ဦးစီးမှူး၊ ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၃**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကချင်ပြည်နယ် မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများနှင့်တွေ့ဆုံ၊ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ကချင်ပြည်နယ် လူမှုရေး ဝန်ကြီး ဦးဝင်းရဲထွန်း၊ မြစ်ကြီးနား တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း၊ ကချင်ပြည်နယ် ပညာရေးမှူး ဦးကြည်စိန်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားပညာရေးဒီဂရီကောလိပ် သို့ရောက်ရှိကာ ကျောင်းပြန်လည် ဖွင့်လှစ်နိုင်ရေး အတွက် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ပြင်ဆင် ထားမှုနှင့် ကျောင်းဆောင်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



### ဝိုင်းဝန်းလက်တွဲဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ကျောင်းခန်းမတွင် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပညာရေးဒီဂရီကောလိပ်ဆရာ ဆရာမများ အနေဖြင့် ဆရာ ဆရာမလောင်းလျာ ကျောင်းသား ကျောင်းသူများကို သင်ကြားပေးရာတွင် စာတတ် အောင်၊ပညာတတ်အောင် သင်ကြားပေးရုံသာမကဘဲ စည်းကမ်းရှိအောင်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိ အောင်၊ ယဉ်ကျေးလိမ္မာအောင်၊ မြန်မာ့ယဉ်ကျေးမှု ကို မြတ်နိုးတန်ဖိုးထားတတ်အောင်၊ မိဘ၊ ဆရာများ အပေါ် ရိုသေလေးစား တန်ဖိုးထားတတ်အောင် သင်ကြားပေးစေလိုပါကြောင်း၊ သို့မှသာ ပညာရေး ဒီဂရီကောလိပ်များက သင်ကြားပေးလိုက်သည့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူ လူငယ်များကို နိုင်ငံတော်က အားထားရသည့် စည်းကမ်းရှိသော၊ ယဉ်ကျေးလိမ္မာသော၊ နိုင်ငံ ချစ်စိတ် မျိုးချစ်စိတ်ပြည့်ဝသောသူများဖြစ်အောင် ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ တပည့်များကို မိမိတို့ထက်တော်သော၊ ထူးချွန်သော သူများဖြစ်စေရန် မိမိတို့တတ်ကျွမ်းသည့် အသိပညာ အတတ်ပညာများကို ဆရာစားမချန်ဘဲ သင်ကြား ပို့ချပေးစေလိုပါကြောင်း၊ စာသင်ကောင်းသည့် ဆရာ ဆရာမများဖြစ်ရန် စာပေဗဟုသုတများကိုလည်း အမြဲမပြတ် လေ့လာရန်လိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြား နိုင်ရန်အတွက် ကျောင်းအတွင်း သန့်ရှင်းသပ်ရပ် ကောင်းမွန်သော ကျောင်းဥပဓိရုပ်နှင့်ပြည့်စုံရန် ဆောင်ရွက်ထားကြစေလိုပါကြောင်း၊ ဆရာ ဆရာမ များအနေဖြင့် မိမိတို့ပြည်နယ်အတွင်း ပညာရေးဖွံ့ဖြိုး တိုးတက်ရေးကို မိမိတို့အားလုံး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေး လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ဖော်ကိုင်ဖက် အချင်းချင်း၊ ပညာရေးမိသားစုအချင်းချင်း ကိုယ်ချင်းစာတရားထားရှိဆက်ဆံကာ အောင်မြင် အောင် လက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း၊ မိမိတို့ပညာရေးဒီဂရီကောလိပ်၏ သင်ကြားရေးရာ၊ စီမံရေးရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ လာမည့် မေ ၁၂ ရက်တွင် ပညာရေးဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆရာ ဆရာမများ အားလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းလက်တွဲ ပြင်ဆင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြား သည်။

### ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တက်ရောက်လာသူများက သိရှိ လိုသည်များနှင့် လိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြား၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁၁) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# မွေးမြူရေးအခြေခံသော တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှုနှင့် သားငါးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၂ ရက်တွင် ရှမ်းပြည်နယ် တောင်ပိုင်း ပေါင်းလောင်းမြို့ လိမ်းလီရွာအနီးရှိ ပေါင်းလောင်း ဆည်အတွင်း ရေပေါ်လှောင်အိမ် ဖြင့် တီလားပီးယားငါးမျိုးများ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။(**အောက်ပုံ**)

ထို့နောက် ဒေသနေပြည်သူ များ၏ ငွေရောင်ငါးကြင်းနှင့် ထိုင်းငါးခုံးမများအား ဖမ်းယူ ရောင်းချနေမှုကို ကြည့်ရှုပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိရေး၊ ငါးသယံဇာတများ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးတို့ အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေး မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီး သည် တပ်ကုန်းမြို့နယ်ရှိ ပုဂ္ဂလိက မွေးမြူရေးခြံများဖြစ် သော ကံကြီးမွေးမြူရေးဇုန်သို့ လည်းကောင်း၊ မွေးမြူရေး တောင်သူ ဦးသန်းဌေး၏ ဆိတ် မွေးမြူရေးခြံသို့ လည်းကောင်း၊ (IR)ဥစားကြက် မွေးမြူရေးခြံသို့ လည်းကောင်း ရောက်ရှိပြီး မွေးမြူရေး ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုး တက်လာစေရေးအတွက် အခြေခံ ကျသည့် လယ်ယာသားငါးထွက် ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး နှင့် တန်ဖိုးမြင့် ကုန်ချောများအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဒေသရေမြေရာသီဥတုနှင့် လိုက် လျောညီထွေမှုရှိစေပြီး ဈေးကွက် အလားအလာရှိသော မွေးမြူရေး ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး ကို မျှော်မှန်းဆောင်ရွက်ရေး၊ ဖြစ်ပေါ်တတ်သော တိရစ္ဆာန် ကူးစက်ရောဂါများ ကြိုတင် ကာကွယ်ရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။



သတင်းစဉ်

## နတ်တလင်းမြို့နယ်တွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်

**နတ်တလင်း မေ ၃**

နတ်တလင်းမြို့နယ်တွင် စိုက်ပျိုး ရေး၊ မွေးမြူရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန် အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ မေ ၂ ရက်က ချင်းကုန်းကံ ကျေးရွာအုပ်စု ကုက္ကိုလ်မြောင်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

ထို့သို့ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေစိုး က ဒေသခံတောင်သူများအနေဖြင့် နွေစပါးလျာထားချက်ကို ပြည့်မီ ကျော်လွန်အောင်စိုက်ပျိုးရေး၊ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကိုလည်း တိုးချဲ့ကြိုးစားဆောင်ရွက်စေရေး၊ ကျေးရွာလုံခြုံရေးကိစ္စများ ကို ဂရုစိုက်စေရေးနှင့် လျှပ်စစ်မီးလင်းရေးကိစ္စတို့ကို ဆွေးနွေးပြောကြား သည်။ ထို့နောက် ဒေသခံတောင်သူများ သိရှိလိုသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် မေးမြန်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

○ *ရွှေ့ဖုံးမှ*

"မြိတ်ဒေသမှာရှိတဲ့ ဆီကြမ်း စက်လေးတွေက ဆီသီးခိုင်တွေ ကို အမြဲကြိတ်ခွဲနိုင်ဖို့ မရှိသေးပါ ဘူး။ ဒါကြောင့် ဘုတ်ပြင်းမြို့နယ် မှာ ရှိတဲ့ တောင်ဒဂုန် ဆီကြမ်းစက်ရုံ နဲ့ ကော့သောင်းမှာရှိတဲ့ ယုဇန ဆီကြမ်းစက်ရုံတွေကို ပို့ဆောင် ပေးနေရပါတယ်။ လက်ရှိ ပေါက် ဈေးအရ ဆီသီးခိုင်ဈေးနှုန်းတွေက တစ်တန်ကို ငွေကျပ်သုံးသိန်းမှ ငွေကျပ် ၃၁၀၀၀၀ အထိ ပေါက် ဈေး ရှိနေ ပါတယ်"ဟု မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အင် ကြင်းခိုင်က ပြောသည်။

တနင်္သာရီ တိုင်းဒေသကြီး အတွင်း ဆီအုန်းကုမ္ပဏီပေါင်း ၂၀ ကျော်ရှိပြီး ပုဂ္ဂလိကခြံရှင် ၄၀ ခန့် ရှိကာ ကုမ္ပဏီနှင့် ခြံရှင်အများစု တို့မှာ ကော့သောင်းခရိုင်အတွင်းရှိ ဆီကြမ်းစက်ရုံများသို့ သွားရောက် ရောင်းချနေရကြောင်း သိရသည်။

"ကျွန်တော်တို့ ခြံကထွက်တဲ့ ဆီသီးခိုင်တွေကို တောင်ဒဂုန် စက်ရုံမှာပဲ သွားရောက်ရောင်းချ နေရပါတယ်။ ဆီအုန်းစိုက်ပျိုးမှု က နောက်ပိုင်းတွက်ခြေကိုက်လာ သော်လည်း ဆီသီးခိုင်သွားရောက် ရောင်းချရတဲ့ စရိတ်တွေက ကုန်ကျမှုတွေ ရှိနေပါတယ်။ မြိတ် ခရိုင်အတွင်းမှာ ဆီကြမ်းစက်ရုံ တွေသာရှိမယ်ဆိုရင် ကျွန်တော် တို့ ခြံရှင်တွေအတွက် ပိုပြီး အဆင် ပြေလာဖို့ ရှိပါတယ်" ဟု ဆီအုန်း စိုက်ပျိုးသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆီအုန်းစိုက် ပျိုးဖြစ်ထွန်းမှုမှာ တနင်္သာရီတိုင်း ဒေသကြီး တစ်ခုတည်းသာရှိသည့် အတွက် ခရိုင်အလိုက် ဆီကြမ်း စက်ရုံများ ဖြစ်ပေါ်လာရန် ဒေသခံများက မျှော်လင့်နေ ကြောင်း သိရသည်။ မြင့်ဦး(မြိတ်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမိန့်ကြော်ငြာစာအမှတ် ၁၂ / ၂၀၂၂ ထုတ်ပြန်

**အမိန့်ကြော်ငြာစာအမှတ် ၁၂ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၃ ရက်)**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရ ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့် ရရှိသောဝင်ငွေများကို မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ပေးပို့ပြီး နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ အလုပ်လုပ်ရက် (၁) ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရောင်းချရမည်။

၃။ အပိုဒ် (၂) ပါအတိုင်း ဆောင်ရွက်ရာတွင် ကင်းလွတ်ခွင့်ပြုမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက သီးခြားထုတ်ပြန်ဆောင်ရွက်မည်။

၄။ နိုင်ငံခြားသုံးငွေများ ပြည်ပသို့လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှ တစ်ဆင့် ဆောင်ရွက်ရမည်။

၅။ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မတိုင်မီ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးသော နိုင်ငံခြားငွေစာရင်းအသီးသီးရှိ နိုင်ငံခြားငွေများကိုလည်း ဤအမိန့်ကြော်ငြာစာ အပိုဒ် (၂) ပါ အတိုင်း ဆောင်ရွက်ရမည်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က (၃-၁၀-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၈။ ဤအမိန့်ကြော်ငြာစာကို လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

**သန်းညိန်း**
**ဥက္ကဋ္ဌ**

---

❑ *ရွှေ့ဖုံးမှ*

အဆိုပါ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် KKO ခွဲထွက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဧပြီ ၁ ရက်မတိုင်မီ ရက်ပိုင်းအတွင်းက အာရှလမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသည့် ကုန်တင်မော်တော်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် အိမ်စီး မော်တော်ယာဉ်များအား အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့်အတွက် စိုးရိမ်လျက်ရှိကြသော်လည်း ခရီးသည်တင်ယာဉ်များ၊ အိမ်စီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ သတိဝီရိယဖြင့် ပုံမှန်အတိုင်း သွားလာလျက်ရှိသည်။

မြဝတီ- ကော့ကရိတ် အာရှလမ်းမကြီးတွင် ခရီးသည်ယာဉ်များ၊ အိမ်စီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ယခင်ကအတိုင်း ပုံမှန်သွားလာလျက်ရှိသည့်အတွက် မြဝတီနယ်စပ်ကုန်သွယ်ရေး၏ ကုန်စည်စီးဆင်းမှု အခြေအနေမှာလည်း ပုံမှန်အတိုင်း ကုန်စည်စီးဆင်းလျက်ရှိကြောင်း၊ မြဝတီဒေသတွင်းကုန်ဈေးနှုန်းမှာလည်း ပုံမှန်အတိုင်း ရှိနေကြောင်း သိရသည်။

**ထိန်လင်းအောင်**



မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေစဉ်။

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုရမည့်အပူဒဏ်အန္တရာယ်များ**

### (က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

### (ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

### အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။**

---

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၃**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှို့ပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၀ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

---

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန်**
**ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင်

● မောင်ဒီမို ●

ဒီမိုကရေစီနိုင်ငံများတွင် တိုင်းပြည်၏အကောင်းအဆိုးသည် နိုင်ငံရေးသမားများ၏ လက်ထဲတွင် ရှိသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် မဲဆန္ဒရှင်အများစုက မဲပေးရွေးချယ်သူများသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်လာသည်။ ပြည်သူ့ကိုယ်စားလှယ်အများစု ရရှိသည့်ပါတီ၊ အဖွဲ့အစည်း၊ အုပ်စုတို့က အစိုးရအဖွဲ့ကို ခေါင်းဆောင်ဖွဲ့စည်းကြရ၏။ ထိုအစိုးရအဖွဲ့သည် ပြည်သူ့အကျိုးကို သယ်ပိုးရ၏။

ထို့ကြောင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်လောင်းများ အရည်အချင်းပြည့်ဝဖို့ လိုအပ်ရုံမက ခေါင်းဆောင်လောင်းများကို ရွေးချယ်တင်မြှောက်ကြမည့် ပြည်သူလူထုကလည်း လူမှန်နေရာမှန် ရွေးချယ်နိုင်စွမ်းရှိရပါမည်။

**နိုင်ငံရေးသမားနှင့် နိုင်ငံရေးခေါင်းဆောင်**

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် နိုင်ငံရေးသမားနှင့် နိုင်ငံရေးခေါင်းဆောင်ကို စကားလုံးနှစ်မျိုးဖြင့် ခွဲခြားထားသည်။ အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်ကို Statesman ဟုဆိုပြီး နိုင်ငံရေးသမားကို Politician ဟုဆိုကြသည်။

Politician ဟူသည့် နိုင်ငံရေးသမားသည် လာမည့်ရွေးကောက်ပွဲအတွက်သာ ကြည့်ပြီး Statesman ဟူသည့် အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်သည် နောက်လာမည့် မျိုးဆက်တစ်ခုအတွက်ပါ ကြည့်တတ်သည်။ Statesman အဆင့်ရောက်သွားလျှင် ကိုယ့်ပါတီ အဖွဲ့အစည်းအာဏာရရှိရေးထက် တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းရေးကိုသာ ရှေ့တန်းတင်လုပ်ဆောင်လေ့ရှိကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

နိုင်ငံရေးကျွမ်းကျင်သူ အချို့က အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နေရူးကို Statesman ဟု ဆိုပြီး အင်ဒီရာဂန္ဒီကိုမူ Politician ဟုသာ သုံးသပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို စာရေးဆရာကြီး မောင်ထင်က ဗမာ့နိုင်ငံရေးသုခမိန်(Statesman) အဖြစ် အသိအမှတ်ပြု တင်စားရေးသားခဲ့သည်။

**ဗမာ့နိုင်ငံရေးသုခမိန်**

ဗမာ့နိုင်ငံရေးသုခမိန်ဟူသည့် ဆောင်းပါးတွင် ဆရာကြီးက “**စင်စစ်ဗိုလ်ချုပ်သည် နုပျိုသောအရွယ်၌ နိုင်ငံရေးကို ဆောင်ရွက်ခဲ့ရသော်လည်း သူ၏အတွေးအခေါ်တို့မှာ ဝါရင့်သော နိုင်ငံရေးသုခမိန်တို့၏ အတွေးအခေါ်မျိုးဖြစ်ရကား ဗိုလ်ချုပ်အားတကယ်ချစ်ပါသည်၊ ခင်ပါသည်၊ သတိရပါသည်ဟုဆိုလျှင် ပညာရှင်ဆန်သောဗိုလ်ချုပ်၏ အတွေးအခေါ်များ ရင့်သန်လာခဲ့သည့်နည်းတူ လူထု၏စဉ်းစားဉာဏ်လည်း ရင့်သန်လာကြစေရန် လူထုတစ်ရပ်လုံး ကြိုးစားသင့်လှပေသည်။ နိုင်ငံရေးသမား ပေါသလောက် နိုင်ငံရေးသုခမိန် ရှားလှသော ဤနိုင်ငံတွင် နိုင်ငံရေးသုခမိန်များ ထွန်းပေါ်လာပါစေရန် ရည်သန်၍ ကျွန်တော်မှတ်မိသမျှ ဗိုလ်ချုပ်၏ဟောပြောချက်၊ ကြေညာချက်၊ မိန့်ကြားချက်တို့ကို ယခု တင်ပြပါသည်။ ဗိုလ်ချုပ်ကို ၂၀ ရာစုနှစ် မြန်မာ့နိုင်ငံရေးသုခမိန်ဟု ကျွန်တော် ယူဆလျှင် ယုတ္တိတန်၏၊ မတန်၏ကို စာရှုသူတို့ ဂဏသေချာ ပိုင်းခြားဝေဖန်နိုင်ကြပါစေသတည်း**” ဟု သုံးသပ်တင်ပြခဲ့သည်။

စာရေးဆရာကြီး ကိုကိုမောင်ကြီးကမူ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးပါရမီရှင်ဟု ဆိုသည်။ “ကျွန်တော်သိသော တစ်ရံရောအခါများ” စာအုပ်တွင် ဆရာကြီးက “**နိုင်ငံရေးသည် သိပ္ပံအတတ်ပညာတစ်ရပ်ဖြစ်ရုံမျှသာမကဘဲ အနုပညာ၏သဘောလက္ခဏာကိုလည်း ဆောင်ယူနေပေသည်။ နိုင်ငံရေးခေါင်းဆောင်မှုသည် နိုင်ငံရေးအသိပညာကို သိရှိရုံမျှဖြင့် မလုံလောက်ဘဲ ထိုအသိပညာကို လက်တွေ့ခန်းတွင် ဘယ်ပုံဘယ်နည်း အသုံးပြုရမည်ဆိုသည့် ကျွမ်းကျင်လိမ္မာမှုပညာ(ဝါ) နိုင်ငံရေးအနုပညာကိုလည်း တတ်သိနေရမည်ဖြစ်သည်။**

**ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးကို သာမန်တတ်ကျွမ်းသူမဟုတ်။ နက်နက်နဲနဲ နားလည်တတ်ကျွမ်းပြီး လက်တွေ့လုပ်ငန်းတွင် ထိရောက်အောင်မြင်အောင် အသုံးပြုနိုင်သူဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။**

**သူနှင့်ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်များနှင့် နှိုင်းယှဉ်ပြီးပြောရမည်ဆိုလျှင် ရိုးသားဖြောင့်မတ်သည့်နေရာမှာရော၊ တတ်ကျွမ်းနားလည်ထားသည်များကို လက်တွေ့လုပ်ဆောင်ရာတွင်ပါ အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်သည်။ စာရေးဆရာကြီး မောင်ထင်က ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံရေးသုခမိန်ဟုခေါ်ခဲ့ပါ၏။ ကျွန်တော်ကတော့ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးပါရမီရှင်ဟု ယုံကြည်လျက်ရှိနေခဲ့ပါသည်**” ဟု သုံးသပ်ရေးသားခဲ့သည်။

**နိုင်ငံရေးပညာရပ်**

ဒီမိုကရေစီရင့်ကျက်သောနိုင်ငံကြီးများတွင်မူ နိုင်ငံရေးအလုပ်ကို ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ကိုင်လေ့ရှိကြသည်။ နိုင်ငံရေးသမားအချို့က မိမိတို့တတ်ကျွမ်းသည့်ပညာနှင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်ရန်၊ အချို့ကား တန်ခိုး၊ အာဏာ၊ ပါဝါတို့အတွက်၊ အချို့ကမူ နိုင်ငံရေးမျိုးဆက် အဆက်ဆက်ကို အမွေခံနိုင်ငံရေး မျိုးဆက်ခံယူရန် စသဖြင့် ရည်ရွယ်၍ နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်ရောက်ကြသည်။

သို့အတွက် သူတို့သည် ငယ်စဉ်ကောလိပ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးကို စိတ်ဝင်တစား တစိုက်မတ်မတ် လေ့လာခဲ့ကြသည်။ နိုင်ငံရေးပညာရပ်ကို အခြား အသက်မွေးဝမ်းကျောင်း ပညာရပ်ကဲ့သို့ နှစ်မြှုပ်လေ့လာဆည်းပူးကြသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူအဖြစ် ကြိုက်နှစ်သက်ရာ ပါတီတွင် လုပ်အားပေးကြသည်။ ရွေးကောက်ပွဲများတွင် အောင်နိုင်ရေးအဖွဲ့ဝင်ခေါ် မဲဆွယ်သူများအဖြစ် ပါဝင်လှုပ်ရှားရင်း နိုင်ငံရေးပညာရပ်ကို စာတွေ့၊ လက်တွေ့ လေ့လာဆည်းပူးကြသည်။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများ ယုံကြည်ကိုးစားလောက်သည့်အရည်အချင်း အထိုက်အလျောက်ရှိပြီဟုစိတ်ချရမှ ရွေးကောက်ပွဲဝင်အရွေးခံကြသည်။

သို့တစေ ယနေ့ကမ္ဘာတွင် နိုင်ငံရေးသမားများအပေါ် သက်ဆိုင်ရာနိုင်ငံအလိုက် လူထု၏ ယုံကြည်ကိုးစားမှုများ တစ်စတစ်စလျော့နည်းလာခဲ့ကြသလို ဒီမိုကရေစီ ရှေ့ဆောင်နိုင်ငံကြီး တစ်နိုင်ငံဟုဆိုသည့် အမေရိကန်ပြည်ထောင်စုမှာပင် နိုင်ငံရေးအပေါ် ငြီးငွေ့မုန်းတီးမှုများ ဖြစ်ပေါ်လာခဲ့ကြသည်။

**“ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် တိုင်းပြည်၏ အကောင်းအဆိုးသည် နိုင်ငံရေးသမားများ၏ လက်ထဲတွင် ရှိနေ၍ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားများ၊ ဆင်ခြင်တုံတရားပြည့်ဝ၍ အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် ကောင်းမွန်သည့် နိုင်ငံရေးရေခံမြေခံရှိဖို့ လိုသည်။ နိုင်ငံရေး ရေခံမြေခံကောင်းမွန်ရေးအတွက် နိုင်ငံရေးလောက အရည်အသွေးကို မြှင့်တင်တည်ဆောက်ကြရပေမည် ”**

အာရှတိုက်တွင်လည်း ဒီမိုကရေစီသက်တမ်းရင့်နိုင်ငံကြီးမှ နိုင်ငံရေးသမားအချို့ကို သူတို့ပြည်သူများက နိုင်ငံရေးလုပ်စားနေကြသူများဟု ဝေဖန်လာကြသည်။ နိုင်ငံရေးကို ရင်းနှီးမြှုပ်နှံမှုတစ်ခုလို လုပ်နေသူတွေများလာပြီ။ နိုင်ငံရေးလုပ်စားသူများက အလားအလာကောင်းသည့် နိုင်ငံရေးပါတီတစ်ခုကို ရန်ပုံငွေကောင်းကောင်းထည့်ပြီး ပါတီထဲဝင်ရောက်၊ ပါတီခေါင်းဆောင်ပိုင်းကို လာဘ်ထိုးပြီး အမတ်လောင်းဖြစ်အောင်လုပ်၊ အရွေးခံမည့် မဲဆန္ဒနယ်အတွက် ငွေတွေသုံးပြီး အကျိုးပြုလုပ်ငန်းတွေလုပ်ပြ၊ အမတ်အရွေးခံရလျှင် လုပ်ပိုင်ခွင့်အာဏာရှိသည့် နိုင်ငံရေးရာထူး ဌာနန္တရ ကုလားထိုင်မှာထိုင်ပြီး လေးငါးနှစ်အတွင်း အရင်းကျေရုံမက အဆများစွာ အမြတ်ထွက်အောင် စီးပွားရေးသမားများနှင့် ဝေစားမျှစား လုပ်တတ်သူများအဖြစ် လက်ညှိုးထိုး ဝေဖန်မှုများရှိလာသည်။

**ဝေဖန်သုံးသပ်မှုများ**

ယနေ့ခေတ် နိုင်ငံရေးသမားများ လုပ်ဆောင်နေသည့် နိုင်ငံရေးသည် ညစ်ပတ်မှုများ ရှိလာကြောင်း၊ ငွေနောက်၊ တန်ခိုးအာဏာနောက်၊ ကျော်ကြားမှုနောက်သို့ လိုက်မှုများက များနေကြောင်း ဝေဖန်သုံးသပ်မှုများရှိလာခဲ့ရုံမက ၎င်းတို့ နိုင်ငံ၏ နိုင်ငံရေးလောက အရည်အသွေးမြှင့်တင်ရေးနှင့် ပတ်သက်၍ လွှတ်တော်အမတ်များ၏ အနိမ့်ဆုံး ပညာအရည်အချင်းကန့်သတ်ချက်ထားရှိရေးအတွက်ပင် ဆွေးနွေးငြင်းခုန်မှုများ ရှိလာခဲ့ကြောင်း သိရှိရသည်။

ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများဖြစ်ကြသည့် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုမှာပင် ပြည်သူလူထုအတွင်း နိုင်ငံရေးသမားများ၏ ပုံရိပ်များမှာ ကျဆင်းနေသည်။ နိုင်ငံရေးသမားများကို “ငို့ဘ” (ငွေဖို့ချည်းပဲကြည့်တတ်သူ) များအဖြစ် အများကသဘောထားလာကြသည်။ ပါလီမန်အမတ်အချို့သည် ကိုယ်ရေးကိုယ်တာအသေးစိတ်မှအစ နိုင်ငံဘဏ္ဍာထဲမှ အသုံးစရိတ်ထုတ်ယူသုံးစွဲမှုများရှိလာခဲ့၍ ထိုသို့ ပြစ်တင်ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံရေးသမားတွေမလိုချင်ဘူး၊ ခေါင်းဆောင်တစ်ယောက် ပေါ်ထွက်လာဖို့ပဲလိုတယ်ဟူ၍ လည်းကောင်း၊ နိုင်ငံရေးသမားကောင်း၊ ခေါင်းဆောင်ကောင်း နှစ်မျိုးစလုံးအတွက် အရည်အချင်းရှိသူကို ရွေးကောက်ရမယ်ဟူ၍ လည်းကောင်း ပြောဆိုသုံးသပ်ဝေဖန်မှုများလည်း ရှိလာသည်။

မည်သို့ဆိုစေ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသောနိုင်ငံတိုင်းတွင် ပါလီမန်လွှတ်တော် ရှိရပါမည်။ လွှတ်တော်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် ရွေးကောက်ပွဲများ ရှိရပါမည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများရှိရပါမည်။ နိုင်ငံရေးပါတီများကို နိုင်ငံရေးသမားများဖြင့် ဖွဲ့စည်းတည်ထောင်ကြရပါမည်။

**ဘာကိုကြည့်ပြီး မဲပေးကြမည်လဲ**

ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမည့် နိုင်ငံရေးသမားများသည် မည်သို့သော အရည်အချင်းများ ရှိသင့်သည်၊ ပြည်သူက ဘာကိုကြည့်ပြီး မဲပေးကြမည်ဆိုသည်ကသာ အဓိကကျပေသည်။

မိမိတို့ရွေးချယ်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများ၊ ခေါင်းဆောင်လောင်းများသည် တိုင်းပြည်နှင့်လူမျိုး၏အကျိုးကို ဖြောင့်မတ်မှန်ကန်စွာ သယ်ပိုးနိုင်မည့်သူ ဟုတ်မဟုတ်၊ တိုင်းပြည်ကို ဦးဆောင်နိုင်မည့် အရည်အချင်းရှိ မရှိ၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိမှုရှိ မရှိ၊ စစ်မှန်သောနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှိ မရှိ၊ နိုင်ငံရေးသိက္ခာ သမာဓိ၊ အကျင့်သိက္ခာသမာဓိ ကောင်းမွန်မှု ရှိ မရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိ မရှိ၊ စည်းကမ်းဥပဒေစောင့်ထိန်းမှုရှိ မရှိ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ အရည်အချင်းကောင်း အတွေ့အကြုံကောင်းများ ရှိ မရှိ၊ မိမိရွေးချယ်မည့် ကိုယ်စားလှယ်လောင်းသည် လူတော်လော လူရော်လော၊ လူဖြောင့်လော လူကောက်လောစသည်တို့ကို လေ့လာဝေဖန်အကဲဖြတ်၍ လူမှန်နေရာမှန် ရွေးချယ်နိုင်စွမ်းရှိဖို့ကသာ ပို၍အဓိကကျလှပေသည်။

ဒီမိုကရေစီနိုင်ငံကြီးများမှ မဲဆန္ဒရှင်အများစုမှာမူ တိုင်းရေးပြည်မှုများကို ဦးဆောင်ဦးရွက်ပြုစီမံခန့်ခွဲကြမည့်ပုဂ္ဂိုလ်များသည် သာမန်လူအဆင့်ထက် ပို၍မြင့်မားသော ကိုယ်ရည်ကိုယ်သွေးရှိသူတွေ ဖြစ်ရမည်ဟု အကဲဖြတ်ပြီး ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်အရွေးခံကြသည့် နိုင်ငံရေးပါတီများ၏ မူဝါဒများအပြင် ကိုယ်စားလှယ်လောင်း၊ အမတ်လောင်းများ၏ ကိုယ်ရည်ကိုယ်သွေးကိုပါ တတ်နိုင်သမျှ လေ့လာအကဲဖြတ်၍ မူနှင့်လူကို ညှိကာ မဲပေးတတ်ကြသည်။ အချို့မဲဆန္ဒရှင်များကမူ နိုင်ငံရေးပါတီ မူဝါဒထက် အမတ်လောင်း၏ အရည်အချင်းကိုကြည့်ပြီး ဆုံးဖြတ်ခြင်းက ဒီမိုကရေစီနည်းကျသည်ဟု ယုံကြည်ကြသည်။ အချို့ကား နိုင်ငံရေးပါတီကိုကြည့်ပြီး မဲပေးခြင်း၊ မပေးခြင်းထက် မိမိတို့မဲဆန္ဒနယ်က အမတ်လောင်းကိုကြိုက်ခြင်း၊ မကြိုက်ခြင်းက အဓိကပိုကျသည်ဟု ယူဆကြသည်။

**ကောင်းမွန်သည့်နိုင်ငံရေးရေခံမြေခံ**

အချုပ်အားဖြင့်ဆိုရလျှင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် တိုင်းပြည်၏ အကောင်းအဆိုးသည် နိုင်ငံရေးသမားများ၏ လက်ထဲတွင် ရှိနေ၍ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားများ၊ ဆင်ခြင်တုံတရားပြည့်ဝ၍ အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် ကောင်းမွန်သည့် နိုင်ငံရေးရေခံမြေခံရှိဖို့ လိုသည်။ နိုင်ငံရေးရေခံမြေခံကောင်းမွန်ရေးအတွက် နိုင်ငံရေးလောက အရည်အသွေးကို မြှင့်တင်တည်ဆောက်ကြရပေမည်။

ထို့အတူ မဲဆန္ဒရှင် ပြည်သူလူထုအနေဖြင့်လည်း တိုင်းရေးပြည်မှုများကို ပြည်သူ့ကိုယ်စားစီမံခန့်ခွဲဆောင်ရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးကောက် တင်မြှောက်ရာတွင် ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိဟူသည့် အဂတိတရားကင်းကင်းဖြင့် လူတော်လူကောင်းများကို လူမှန်နေရာမှန် ရွေးချယ်တတ်ဖို့ လိုသည်။ ထိုသို့ ရွေးချယ်နိုင်ရေးအတွက် နိုင်ငံရေးအသိပညာဗဟုသုတကြွယ်ဝဖို့ လိုအပ်ပေသည်။ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာရေးတို့သည် ထိုနိုင်ငံ၏ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်ဆေကဝတီအား ဂုဏ်ပြုပူဇော်ခြင်း ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာကျင်းပ

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ၂၀၂၂ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းပူဇော်သည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသော ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆေကဝတီ ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူနှင့် ဒုတိယပါမောက္ခချုပ် ချမ်းမြေ့ဂုဏ်ဝေ သီလရှင်စာသင်တိုက်ကြီးများ၏ အဓိပတိ ပဓာနနာယကဆရာကြီး ဒေါက်တာ ဒေါ်ဆေကဝတီအား ဂုဏ်ပြုပူဇော်ခြင်းဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာကို ယနေ့ညနေပိုင်းတွင် အဆိုပါ သီလရှင်စာသင်တိုက်၌ ပြုလုပ်ရာ ပင့်ဖိတ်ထားသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ဧည့်ပရိသတ်များက သတ်မှတ်နေရာများ၌ နေရာယူကြပြီး သံဃာတော်များအား ပင့်ဆောင်ကြသည်။ ထို့နောက် ဂုဏ်ပြုအပူဇော်ခံဆရာကြီး ဒေါက်တာ ဒေါ်ဆေကဝတီ အား အပူဇော်ခံမည့်နေရာသို့ ပင့်ဆောင်ရာ တေးသံရှင်များက အပူဇော်ခံတေးဖြင့် ဂုဏ်ပြုပူဇော်ကြသည်။ ထို့နောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မဟာဝိနယာလင်္ကာရကျောင်းတိုက် ပဓာနနာယက၊ ဆေကဝတီဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဝိနယာ လင်္ကာရထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာကြီး ဒေါက်တာဒေါ်ဆေကဝတီ၏ အတ္ထုပ္ပတ္တိဂုဏ်ရည်ပြ မင်္ဂလာရတုပိုဒ်စုံကို တေးသံရှင်များက သီကျူးပူဇော်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာကြီးအား ဘွဲ့တံဆိပ်တော်ကို ထပ်ဆင့်ဆက်ကပ်



လှူဒါန်းပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုဝမ်းမြောက်စကားလျှောက်ထားပြီး တက်ရောက်လာကြသူများနှင့်အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၏ ပဓာနနာယက သုတဗုဒ္ဓမော်ကျွန်းဆရာတော် ပါဠိပါရဂူ တိပိဋကရေ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရွှေရတုတိပိဋက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ဩဝါဒကထာနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရှမ်းပြည်နယ်ဝန်ကြီးချုပ် လားရှိုးအစိုးရနည်းပညာတက္ကသိုလ်၌ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လားရှိုး ဧပြီ ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဧပြီ ၂ ရက် မွန်းလွဲ ၃ နာရီက လားရှိုးအစိုးရနည်းပညာတက္ကသိုလ်ကျောင်းသို့ သွားရောက်ကာ အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ RC သုံးထပ် စာသင်ဆောင်တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် တာဝန်ကျဝန်ထမ်းများအား တွေ့ဆုံသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ် (လားရှိုး)ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးဇော်မင်းက ကျောင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) တို့အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်အသုံးပြုနိုင်ရန် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီနှင့် ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ အားကစားပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ နည်းပညာတက္ကသိုလ်(လားရှိုး) ဒုတိယပါမောက္ခချုပ်နှင့် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ဒုတိယပါမောက္ခချုပ်တို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အစိုးရနည်းပညာတက္ကသိုလ်တွင် ဆောင်ရွက်လျက်ရှိသော တည်ဆောက် ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ပြီး အေတီတပ်ဦးကျောင်းဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**
**ကြေညာချက်**
**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)အနေဖြင့် အောက်ဖော်ပြပါသင်တန်းများအား ၂၀၂၂ ခုနှစ် မေလ (၁၂) ရက်နေ့မှ စတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
- (က) ပထမနှစ်သင်တန်း(ဒုတိယနှစ်ဝက်)
- (ခ) ဒုတိယနှစ်သင်တန်း(ဒုတိယနှစ်ဝက်)

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ်
- (က) ပထမနှစ်သင်တန်း(ပထမနှစ်ဝက်) ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ
- (ခ) စတုတ္ထနှစ်သင်တန်း(ပထမနှစ်ဝက်)
- (ဂ) မဟာတန်းပထမနှစ်(ဒုတိယနှစ်ဝက်)
- (ဃ) မဟာတန်းဒုတိယနှစ် (ဒုတိယနှစ်ဝက်-ကျမ်းပြု)

**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

## ညောင်လေးပင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**ညောင်လေးပင် ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ကာ ကျေးရွာများအရောက် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေးပွဲကို ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီက ထော်နွတ်ကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုလယ်ယာနှင့် တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် ထော်နွတ်ကျေးရွာတို့မှ တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်တင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။ ဆက်လက်၍ မအူတန်း၊ ရေဆုံကျေးရွာသို့ နွေစပါး စိုက်ပျိုးရန်အတွက် ရေရရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

## ဝေါမြို့နယ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဝေါ ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဝေါမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၉၆ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇ သန်း၊ မွမ်းမံရန်ပုံငွေကျပ် ၁၅ ဒသမ ၇၇ သန်း စုစုပေါင်းငွေကျပ် ၈၄ ဒသမ ၄၃ သန်းဖြင့် မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ၊ ရေတုံကင်တပ်ဆင်ခြင်း လုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ရဲကျော်(သတင်းစဉ်)**

# ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စုံစမ်းမေးမြန်းမှုများကို Online မှတစ်ဆင့် လွယ်ကူလျင်မြန်စွာတွေ့ဆုံ၍ ကူညီဖြေရှင်းပေးနိုင်ဖို့ရည်ရွယ်ပြီး ယခု DOSo စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်

**ဦးမင်းဇော်ဦး**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မယ့် အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှုစနစ် (DICA Online Solution_DOSo) က ဘယ်လိုစနစ်မျိုးလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ DOSo စနစ်ဟာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ဌာနကို လူကိုယ်တိုင်လာရောက်စရာမလိုဘဲ Online ကနေ မိမိတွေ့ဆုံလိုတဲ့ နေ့ရက်နဲ့အချိန်ကို လွယ်ကူစွာရွေးချယ်ချိန်းဆိုမှုပြုလုပ်နိုင်ပြီး ဌာနက စိစစ်ခွင့်ပြုချက်အရ Online meeting နဲ့ DICA က တာဝန်ကျ အရာထမ်းတွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်တဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။

**မေး ။ ။ အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု (DOSo) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။**

ဖြေ ။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါတဲ့ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရေးနဲ့ ဝင်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး လုပ်ငန်းတွေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့နဲ့အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ စိတ်ဝင်စားတဲ့ ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို လာရောက်ပြီး သိရှိလိုတာတွေကို စုံစမ်းဆွေးနွေးလေ့ရှိပါတယ်။ ဒါ့အပြင် လက်ရှိ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ဌာနကို မကြာခဏ လာရောက်ဆက်သွယ်ပြီး အခက်အခဲတွေကို တင်ပြကြပါတယ်။

ဒါပေမယ့် အားလုံးသိကြတဲ့အတိုင်း ၂၀၂၀ ပြည့်နှစ် နှစ်စပိုင်းမှာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ပြန့်ပွားမှုကြောင့် ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဌာနကို လူကိုယ်တိုင်လာရောက်ပြီး စုံစမ်းမှုတွေပြုလုပ်ဖို့ ကန့်သတ်မှုတွေနဲ့ အခြားအခက်အခဲတွေ ကြုံတွေ့ခဲ့ရပါတယ်။

ဒီလို အခက်အခဲတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့နဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဆက်လက်မြှင့်တင်နိုင်ဖို့၊ လက်ရှိ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလွယ်ကူချောမွေ့စေဖို့၊ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာစေဖို့အတွက် ပြည်ထောင်စုဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိတဲ့ SMART Programme (Streamlining and Simplifying Procedures , Maximizing Online Services and Minimizing Barriers to Business, Assuring After-care Services, Reducing Regulatory Burden and Transparency Enhancement) နဲ့အညီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စုံစမ်းမေးမြန်းမှုတွေကို Online ကတစ်ဆင့် လွယ်ကူလျင်မြန်စွာ တွေ့ဆုံကူညီဖြေရှင်းပေးနိုင်ဖို့ရည်ရွယ်ပြီး အခု DOSo စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

**မေး ။ ။ DOSo စနစ်ကို ဘယ်လိုအသုံးပြုရတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။** ဘယ်သူတွေအသုံးပြုနိုင်မလဲ၊ ဘယ်လိုအသုံးပြုနိုင်မလဲဆိုတာ သိချင်ပါတယ်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦး

ဖြေ ။ ။ DOSo စနစ်ကို အသုံးပြုပြီး အင်တာနက်ရရှိနိုင်တဲ့ မည်သည့်နေရာကမဆို DICA ဝန်ထမ်းများနဲ့ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ချိန်းဆိုမှုတွေကို အချိန်မရွေး တောင်းခံနိုင်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုတောင်းခံရာမှာ ဖြည့်သွင်းရတဲ့ အချက်တွေကလည်း ရိုးရှင်းလွယ်ကူပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ တွေ့ဆုံဆွေးနွေးမှုမစခင် မိမိတို့ဘက်က ဆွေးနွေးလိုတဲ့ အချက်တွေ၊ တင်ပြစရာတွေရှိရင် ကြိုတင်တင်ပြနိုင်ဖို့အတွက်လည်း DOSo စနစ်ထဲမှာ ထည့်သွင်းပေးထားပါတယ်။

တွေ့ဆုံဆွေးနွေးမှု တောင်းခံချက်တွေကို ဌာနအနေနဲ့ ၇၂ နာရီ (သုံးရက်) အတွင်း စိစစ်ပြီး meeting link နဲ့ passcode တွေကို စနစ်ရဲ့ email ကတစ်ဆင့် ပေးပို့သွားမှာဖြစ်ပါတယ်။

တွေ့ဆုံဆွေးနွေးမှုကြာချိန်ကို မိနစ် ၃၀ သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံသူတွေအတွက် ထိရောက်တဲ့ ဆွေးနွေးမှုဖြစ်စေဖို့အတွက် DICA က ဝန်ထမ်းတွေအပြင် စီးပွားရေးနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်းတွေအနေနဲ့ တစ်ပါတည်း ဝင်ရောက်ဆွေးနွေးနိုင်ဖို့အတွက်လည်း DOSo စနစ်မှာ ထည့်သွင်းထားပါတယ်။

တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့ ရုပ်သံမှတ်တမ်းအကြောင်းအရာတွေကို DOSo စနစ်မှာ စနစ်တကျမှတ်တမ်းတင် သိမ်းဆည်းထားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဌာနနဲ့ တွေ့ဆုံဆွေးနွေးရာမှာ အဆင်မပြေမှုနဲ့ အကြံပြုချက်တွေရှိလာရင် ဆွေးနွေးမှုပြီးတဲ့အခါမှာ ရိုးရှင်းလွယ်ကူတဲ့ feedback ပေးနိုင်တဲ့ စနစ်ကိုပါ ထည့်သွင်းပေးထားပါတယ်။

**မေး ။ ။ အီလက်ထရောနစ် တွေ့ဆုံဆွေးနွေးခြင်း ဝန်ဆောင်မှု(DOSo)စနစ် ဆောင်ရွက်ခြင်းအတွက် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေက ဘာတွေလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ ။ ။ DOSo စနစ်ကို အကောင်အထည်ဖော်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဌာနကို လူကိုယ်တိုင်လာရောက်ဖို့ မလိုအပ်တော့ဘဲ Online ကတစ်ဆင့် လွယ်ကူလျင်မြန်စွာချိန်းဆိုမှုပြုလုပ်ပြီး တွေ့ဆုံဆွေးနွေးနိုင်တဲ့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးကို ထိရောက်စွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လူကိုယ်တိုင်လာစရာမလိုတဲ့အတွက် အချိန်နဲ့ ငွေကြေးကုန်ကျစရိတ်များစွာ သက်သာခြင်း၊ ရင်းနှီးမြှုပ်နှံသူတွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို အချိန်နဲ့တစ်ပြေးညီ ကူညီဖြေရှင်းပေးနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ e-Government စနစ်ကို ပိုမိုအားကောင်းလာစေခြင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဆွဲဆောင်မြှင့်တင်နိုင်ခြင်းတို့အပြင် ပွင့်လင်းမြင်သာမှုနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက်လည်း များစွာအထောက်အကူပြုခြင်း စတဲ့အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။

**မေး ။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနကနေ DICA info ဆိုတဲ့ Mobile Application တစ်ခု ရေးဆွဲဖြစ်ခဲ့တဲ့ အကြောင်းရင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ လုပ်ငန်းလုပ်ကိုင်နေကြတဲ့ ဒါမှမဟုတ် ဝင်ရောက်လုပ်ကိုင်နိုင်ချေရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ အချက်အလက်ရှာဖွေသူတွေအတွက် ယုံကြည်စိတ်ချရတဲ့ သတင်းအချက်အလက်တွေကို နည်းလမ်းမျိုးစုံအသုံးပြုပြီး ပံ့ပိုးပေးလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အထောက်အကူပြု စာအုပ်စာစောင်တွေ၊ ဗီဒီယိုဖိုင်တွေနဲ့ လက်ကမ်းစာစောင်တွေ ပြုစုထုတ်ဝေနေသလို DICA ဝက်ဘ်ဆိုဒ်ကနေတစ်ဆင့် သတင်းအချက်အလက်တွေလည်း ဖြန့်ဝေပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဌာနရဲ့ အီးမေးလ်နဲ့ တယ်လီဖုန်းကိုဆက်သွယ်မေးမြန်းလာသူတွေကိုလည်း ပုံမှန်အတိုင်း ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်။ အခုနောက်ပိုင်းမှာဆိုရင် သတင်းအချက်အလက် ရှာဖွေသူတွေဟာ ဌာနရဲ့ဝက်ဘ်ဆိုဒ်ကို ပိုမိုကြည့်ရှုလာကြပါတယ်။ ဘာလို့ ဒီလိုပြောရသလဲဆိုတော့ ကိန်းဂဏန်းအချက်အလက်တွေအရ လစဉ် ဝက်ဘ်ဆိုဒ်ကြည့်ရှုသူအသစ်အရေအတွက်ဟာ အမြဲတိုးတက်နေတာကိုလည်း တွေ့မြင်နေရလို့ပါ။ အချို့ သတင်းစာမျက်နှာတွေဟာလည်း မိမိတို့ဌာန ဝက်ဘ်ဆိုဒ်မှာ ထုတ်ပြန်လိုက်တဲ့ သတင်းတွေကို စောင့်ကြည့်၊ ကိုးကားပြီး သတင်းတွေရေးသားနေကြတာကိုလည်း တွေ့မြင်နေရပါတယ်။ ဒါကိုကြည့်လိုက်မယ်ဆိုရင် သတင်းသမားတွေအနေနဲ့ DICA ရဲ့ ဝက်ဘ်ဆိုဒ်အပေါ် ယုံကြည်ကိုးစားမှု မြင့်မားတယ်ဆိုတာကို ဖော်ပြရာလည်း ရောက်ပါတယ်။

ဒါကြောင့် မြန်မာ့စီးပွားရေးရပ်ဝန်းမှာ ကျင်လည်နေသူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေလိုချင်တဲ့ တိကျမှန်ကန်ပြီး ယုံကြည်ကိုးစားရတဲ့ သတင်းအချက်အလက်တွေကို အလွယ်တကူပိုမိုရရှိနိုင်ဖို့ ရည်ရွယ်ပြီးအခုလို Mobile Applicationကို ရေးဆွဲရခြင်းပဲ ဖြစ်ပါတယ်။

**မေး ။ ။ DICA info Mobile Application ရဲ့ ထူးခြားမှုတွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ DICA info Mobile Application ဟာ DICA ဝက်ဘ်ဆိုဒ်ကို အခြေပြုတည်ဆောက်ထားတဲ့ မိုဘိုင်းအက်ပလီကေးရှင်းဖြစ်ပြီးတော့

*စာမျက်နှာ ၉ သို့*

**❂ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ လုပ်ငန်းလုပ်ကိုင်နေကြတဲ့ ဒါမှမဟုတ် ဝင်ရောက်လုပ်ကိုင်နိုင်ချေရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ အချက်အလက်ရှာဖွေသူတွေအတွက် ယုံကြည်စိတ်ချရတဲ့ သတင်းအချက်အလက်တွေကို နည်းလမ်းမျိုးစုံအသုံးပြုပြီး ပံ့ပိုးပေးလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အထောက်အကူပြု စာအုပ်စာစောင်တွေ၊ ဗီဒီယိုဖိုင်တွေနဲ့ လက်ကမ်းစာစောင်တွေ ပြုစုထုတ်ဝေနေသလို DICA ဝက်ဘ်ဆိုဒ်ကနေတစ်ဆင့် သတင်းအချက်အလက်တွေလည်း ဖြန့်ဝေပေးလျက် ရှိပါတယ်။**

# ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု မွေးမြူရေးဇုန်အဝင်လမ်း(သောဘုံလမ်း)ကျောက်ချောလမ်းသစ်ဖွင့်

**ဘားအံ ဧပြီ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု မွေးမြူရေးဇုန်အဝင်လမ်း (သောဘုံလမ်း) ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၃ ရက် နံနက် ၈ နာရီခန့်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ကျောက်ချောလမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သည့် ကျောက်ချောလမ်းသစ်သည် အရှည် ၃ ဖာလုံ သာရှိသော်လည်း ဘားအံ-စက်မှုဇုန်လမ်းနှင့် စက်မှုဇုန်-မွေးမြူရေးဇုန် လမ်းတို့အား ဖြတ်လမ်းသဖွယ် ဖောက်လုပ်ထားခြင်းကြောင့် ဘားအံမြို့မှ ဘိုးဘွားရိပ်သာ၊ စက်မှုဇုန်နှင့် မွေးမြူရေးဇုန်များသို့ သွားလာရာတွင် ငါးမိုင်ခန့် ခရီးတိုတောင်းသက်သာစေပြီး လမ်းခရီး တွင်ကျယ်မြန်ဆန်လာကြောင်း၊ မွေးမြူရေးဇုန်အဝင်လမ်းကို ၂၀၂၁-၂၀၂၂ ခု ခြောက်လဘဏ္ဍာနှစ် ပြည်နယ်အထွေထွေရန်ပုံငွေကျပ် ၇၆ ဒသမ ၄ သန်းဖြင့် ဘားအံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်း ၃ ဖာလုံအား ဆောင်ရွက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မွေးမြူရေးဇုန်တွင်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်အထွေထွေရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် မြေသားလမ်း လေးမိုင်၊ Box Culvert ခြောက်စင်း၊ Pipe Culvert ၁၈ စင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ခြောက်လဘတ်ဂျက် ၁၀၆ ဒသမ ၀၄၁ သန်းဖြင့် Box Culvert ၁၁ စင်း၊ Pipe Culvert ၁၀ စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်လည်း မြေသားလမ်း အရှည် လေးမိုင်အနက် အရှည်နှစ်မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော့ထော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတရေးရာဝန်ကြီးဦးဇော်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီးခင်ဇော်၊ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုတို့က ကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ် **(အပေါ်ပုံ)** ပေးကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ လမ်းဖွင့်ပွဲတွင် လာရောက်ကပြဖျော်ဖြေကြသည့် ယဉ်ကျေးမှုဒုံးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွေးမြူရေးဇုန်အဝင်လမ်း (သောဘုံလမ်း) ကျောက်ချောလမ်းမှတစ်ဆင့် မွေးမြူရေးဇုန်သို့ သွားရောက်ပြီး ရှင်းလင်းဆောင်၌ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြင့်ဟန်နှင့် ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က မွေးမြူရေးဇုန် ၁၃၇ ဒသမ ၄၆ ဧကပေါ်တွင် အကွက်ပေါင်း ၁၀၆ ကွက်၌ ကြက်၊ ဝက်၊ ဆိတ်၊ နွား မွေးမြူရေးတောင် သူများအား နေရာချထားပေးမှုနှင့် ဇုန်အတွင်းမွေးမြူရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းရှိ မြို့မဘောလုံးကွင်းအား ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၄၀ ဖြင့် (၁၀၅ ပေx၃၆ ပေ) ပွဲကြည့်စင်၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်၊ ခြောက်ခန်းတွဲ အများသုံးသန့်စင်ခန်း၊ ရေပေးဝေရေးစနစ်၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက မြို့မဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

*စာမျက်နှာ ၈ မှ*

အွန်လိုင်းထပ်တူပြုခြင်း (Online Syncronization) စနစ်ကို အသုံးပြုထားတဲ့အတွက် အသုံးပြုရာမှာ လျင်မြန်လွယ်ကူခြင်း၊ ဖိုင်အရွယ်အစား သေးငယ်တဲ့အတွက် တစ်ဦးမှတစ်ဦးဆီကို ထပ်ဆင့်မျှဝေရာမှာ လွယ်ကူခြင်း၊ DICA ဝက်ဘ်ဆိုဒ်နဲ့ ချိတ်ဆက်ထားတဲ့အတွက် အသုံးပြုသူတွေအနေနဲ့ နောက်ဆုံးရသတင်းအချက်အလက်တွေ၊ ပုံနှိပ်ထုတ်ဝေထားတဲ့ စာအုပ်စာစောင်တွေ၊ ကိန်းဂဏန်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ခြင်း၊ မိမိတို့ဌာနဝက်ဘ်ဆိုဒ်လိပ်စာကို မှတ်မိရန်မလိုဘဲ အက်ပလီကေးရှင်းကိုဖွင့်ပြီး အသုံးပြုနိုင်ခြင်း၊ အမေးများတဲ့မေးခွန်းများ (FAQ) က တစ်ဆင့် သိရှိလိုသည်များကို လေ့လာနိုင်တဲ့အပြင် FAQ မှာ မပါဝင်တဲ့ အခြားသိရှိလိုတဲ့အချက်တွေကို အက်ပလီကေးရှင်းကတစ်ဆင့် လေ့လာနိုင်ခြင်း၊ သုံးစွဲသူများရဲ့ စိတ်ဝင်စားမှုနဲ့ အမူအကျင့်တွေအပေါ် အလေးပေးတဲ့ အသွင်အပြင်နဲ့ အချက်အလက်တွေကို တည်ဆောက်ထားခြင်း၊ ဦးစီးဌာနဝက်ဘ်ဆိုဒ်က စာအုပ်၊ စာစောင်တွေကို မိမိလိုအပ်တဲ့အချိန်မှာ ဒေါင်းလုဒ်ချသုံးစွဲရတဲ့အတွက် သိုလှောင်မှုနေရာ (Storage Space) များစွာပေးထားရန် မလိုအပ်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။

**မေး ။ ။ Cost of Doing Business in Myanmar Survey Report တွေကို ဘယ်နှခုနှစ်ကတည်း စတင်ထုတ်ဝေခဲ့တာပါလဲ။ ယခင်နှစ်တွေနဲ့ ဒီနှစ် ၂၀၂၂ ခုနှစ်က ဘာများ ကွာခြားပါသလဲ သိလိုပါတယ်။**

ဖြေ ။ ။ Cost of Doing Business in Myanmar Survey Reportကို ၂၀၁၇ ခုနှစ်ကတည်းက ထုတ်ဝေခဲ့ပါတယ်။ အခုနှစ် Cost of Doing Business Survey Report 2022 ဟာ တတိယအကြိမ်မြောက် ထုတ်ဝေခြင်းဖြစ်ပါတယ်။ ယခုနှစ် Survey Report မှာ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးရဲ့ သတင်းအချက်အလက်တွေ စုံလင်စွာ ပါရှိပါတယ်။

**မေး ။ ။ Cost of Doing Business in Myanmar Survey Report က ဘယ်လိုအကျိုးကျေးဇူး ရရှိနိုင်မှာပါလဲ။**

ဖြေ ။ ။ လက်ရှိ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်နေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသာမက မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်မယ့် စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များသာမက ၎င်းတို့နဲ့ ဆက်စပ်တဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ လုပ်ထုံးလုပ်နည်းများ၊ ကုန်ကျစရိတ်များကို တစ်စုတစ်စည်းတည်း သိရှိနိုင်မှာဖြစ်ပါတယ်။ Cost of Doing Business in Myanmar Survey Reportကို လေ့လာဖတ်ရှုခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ဒီစာအုပ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ရည်ရွယ်ပြီးတော့ ထုတ်ဝေတဲ့စာအုပ် တစ်အုပ်လည်းဖြစ်တဲ့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်အောင် ဆွဲဆောင်ဖို့လည်း ဖြစ်ပါတယ်။ စာအုပ်ကို အခုအချိန်အထိတော့ ရောင်းချဖို့မရှိသေးပါဘူး။ ဌာနရဲ့ တရားဝင်စာမျက်နှာ (www.dica.gov.mm) မှာ ဖော်ပြပေးထားမှာ ဖြစ်ပါတယ်။

ယခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်း - ကိုသိုက်
ဓာတ်ပုံ - လင်းလင်း

---


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# ကျောင်းတွင်းအားကစားပွဲမှသည် ငြိမ်းချမ်းရေးဆီသို့ ....

ဒေါက်တာမောင်သင်း

(ယမန်နေ့မှအဆက်)

**(ဂ) သည်းခံစိတ်ရှည်မှုစွမ်းရည်မြင့်မားလာခြင်း**

အားမာန်သုံး၍ ပြေးလွှား၊ လုယက်ယှဉ်ပြိုင်ကစားရသည့် ဘောလုံး၊ ဘတ်စကက်ဘောကစားနည်းမျိုးကဲ့သို့ ကစားပွဲများတွင် ထိခိုက်ကြ၊ နာကျင်ကြပါသည်။ ထို့အတူ တမင်သက်သက်တိုက်ခိုက်ခြင်းမျိုး၊ ကိုယ်နှုတ်အမူအရာဖြင့် စော်ကားခြင်းမျိုးလည်း ခံရတတ်ပါသည်။ မောပန်းပြီး ဒေါသထွက်လွယ်သည့်အချိန်မျိုးမှာ သည်းခံမှုကင်းကာ ပြန်လည်တုံ့ပြန်ခဲ့လျှင် ပြစ်ဒဏ်ပေးခံရပါမည်။ တုံ့ပြန်မှုအားကြီးလျှင် ပြိုင်ပွဲကထွက်ရပါလိမ့်မည်။ ထိုသို့မဖြစ်ရန် မိမိပြိုင်ဘက်ကို သည်းခံရသလို ကိုယ့်ကစားဖော်၏ အားနည်းချက်ကြောင့် အသင်းရှုံးခဲ့လျှင် (သို့မဟုတ်) ပြစ်ဒဏ်ခံရလျှင်လည်း အပြစ်တင်မည့်အစား အားပေးရပါသည်။

ထို့အတူ ကိုယ့်ဘက်လူက ဒိုင်(သို့မဟုတ်) ပြိုင်ဘက်အား စည်းကမ်းဘောင်ကိုကျော်လွန်၍ တုံ့ပြန်တော့မည်ဆိုလျှင်လည်း မလုပ်မိအောင် သည်းခံနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းရပါသည်။ မိမိသားသမီး၊ တပည့်များကို မိဘဆရာများက သည်းခံမှုဖြင့် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် **“စိတ်ထားမြင့်သူများ၏အကျင့်”** (သို့မဟုတ်) **“ခေါင်းဆောင်ကောင်းများ၏စိတ်ထား”** ဟု ညွှန်ပြနိုင်ရပါမည်။ ထို့အတူ အားပေးသည့်ပရိသတ်ကျောင်းသား ကျောင်းသူများကိုလည်း အားပေးရာတွင် အားကစားသမားများ၏ဒေါသကို ဆွပေးခြင်းမျိုးဖြင့် အားမပေးမိရန်သင်ကြားပေးရပါမည်။ ဤသို့လျှင်ကျောင်းသားအားလုံးကိုဘဝတစ်လျှောက် စိတ်ရှည်သည်းခံမှုအကျင့်ကို အထုံပါရမီဖြစ်သွားသည်အထိ အားကစားအခြေပြုဖြင့် လေ့ကျင့်ပေးနေခြင်းဖြစ်ပါသည်။

**(ဃ) ဘုံရည်မှန်းချက်ကိုစုပေါင်းအကောင်အထည်ဖော်နိုင်ခြင်း**

အသင်းလိုက်ကစားရသည့်ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ထုပ်ဆီးတိုး စသည်တို့သည် တစ်ဦးတည်းတော်၍မရပေ။ အားလုံးညီညွတ်မှ ရပေသည်။ နိုင်ငံတကာပွဲများတွင် တစ်ဦးချင်းနာမည်ကြီးသူမပါဝင်သော်လည်း အသင်း၏စုပေါင်းညီညွတ်မှုစွမ်းအားကြောင့် အောင်ပန်းဆင်ရသည့်အသင်းဒုနှင့်ဒေးပင်။ ငါတစ်ဦးတည်းနာမည်ရရန် အစွမ်းပြဖို့ထက် အသင်း၊ အဖွဲ့ဂုဏ်တက်ဖို့ဆိုပြီး ဦးထိပ်ထားကစားရပါမည်။ ကျောင်းအားကစားပွဲများတွင် မတူညီမှုမှရသည့် ညီညွတ်မှုအား (Diversity and Unity) ကို ပေါ်လွင်အောင် အားကစားပြိုင်ပွဲ နည်းမျိုးစုံဖြင့် လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ငါတို့အသင်းအောင်မြင်မှုသည် ပြိုင်ပွဲဝင်တစ်ဦးချင်းစီ၏ အပြန်အလှန် ပံ့ပိုးမှုစွမ်းရည်တွေကြောင့်ပါလားဆိုသည့် အသင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုစွမ်းရည်ကို တည်ဆောက်ရင်း တန်ဖိုးထားမှုများ ပေါ်ထွန်းလာစေခဲ့ပါသည်။



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောင်းပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် ကျောင်းသူလေးများ။

အပြန်အလှန် လေးစားယုံကြည်မှုသည် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုသန္ဓေပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဦးသန့်က **“အားကစားနှင့် ငြိမ်းချမ်းရေး”** ကို ယခုကဲ့သို့ ဆက်စပ်ပြခဲ့ခြင်းဖြစ်ပါသည်။

**(င) အရှုံးကိုလက်ခံနိုင်စွမ်းမြင့်မားလာခြင်း**

လူ့ဘဝသည် နိမ့်တုံမြင့်တုံပါ။ အတက်ရှိလျှင် အကျရှိသည်။ နိုင်သည်ရှိသလို ရှုံးသည်လည်းရှိသည်မှာ ဓမ္မတာပါ။ အမြဲနိုင်သူမရှိသလို အမြဲရှုံးသူလည်း မရှိပါ။ ထိုသဘောကိုသိ၍ ခံနိုင်ရည်ရှိရန် ကျောင်းများတွင် အားကစားဖြင့် လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ငယ်ရွယ်သူသဘာဝ နိုင်လျှင်ပျော်ကြသော်လည်း ရှုံးလျှင်ငိုယိုကြ၊ မခံနိုင်ကြပါ။ အသင်းသားများသာမက အားပေးသူများလည်း ပါဝင်ပါသည်။ ၂၀၁၃ ခုနှစ်လောက်က မြန်မာ–အိုမန် နှစ်နိုင်ငံချစ်ကြည်ရေးဘောလုံးပွဲကို မှတ်မိကြပေလိမ့်မည်။ မြန်မာအသင်းရှုံးတော့ ခဲ၊ ပုလင်းများနှင့်ပစ်ပြီး ကွင်းထဲဆင်းလာကြခြင်းပါ။ မြန်မာ့အသင်းသည် နိုင်ငံကို ကိုယ်စားပြုသည့်အပြင် အိမ်ရှင်လည်းဖြစ်ရာ သိက္ခာနှစ်ခါကျဆင်းရသည့်အဖြစ်မျိုး ကြုံရပါသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိကွင်း၌ ကလပ်အသင်းပြိုင်ပွဲတွင် အားကစားသမားက ဒိုင်ကို လက်သီးနှင့်ထိုး၊ နည်းပြကပါ တားဆီးရမည့်အစား ဝင်ထိုးခြင်းသည် အရှုံးကို လက်ခံနိုင်စွမ်းမရှိသည့်သဘောပါ။ ကျောင်းတွင်းအားကစားပွဲများတွင် အရှုံးကို လက်ခံနိုင်စွမ်းရှိသည့်သဘောကို လေ့ကျင့်ပေးခဲ့မှုအထုံအဖြစ်ပါလာခဲ့လျှင် အဆိုပါဖြစ်ရပ်မျိုး ဖြစ်လာစရာမရှိပါဟု မြင်မိပါသည်။

ပွဲပြီးလျှင် နိုင်သူရော ရှုံးသူကပါ လက်ဆွဲနှုတ်ဆက်သည့် လူကြီးလူကောင်း အလေ့အထကို ပြုစုပျိုးထောင်ပေးရပါမည်။ တကယ်တော့ အရှုံးဆိုသည်မှာ ကျဆုံးခြင်းမဟုတ်ပေ။ ရှုံးခြင်းသည် အောင်မြင်ရေး၏တွန်းအား (သို့မဟုတ်) အားဆေးတစ်မျိုးပင်။ နောက်ထပ်ရင်ဆိုင်ရမည့်ပွဲနှင့် လူ့ဘဝအခက်အခဲဖြတ်ကျော်မှုများအတွက် **“ဆက်လက်ဖြည့်ဆည်းရမည့်စွမ်းရည်”** (သို့မဟုတ်) **“အားဖြည့်သင်ခန်းစာ”** အဖြစ် ခံယူတတ်ပြီး မိမိတစ်ဦးချင်းမှသည် မိမိအသင်း၏အားနည်းချက်ကို ပြန်ရှာတတ်ရန်နှင့် ယင်းအားနည်းချက်များကိုပြုပြင်၍ ပိုမိုကောင်းမွန်အောင် အသုံးပြုတတ်ရန် လေ့ကျင့်နေခြင်းသာဖြစ်ပါသည်။

**(စ) ပြိုင်ဘက်သည် ရန်သူမဟုတ်၊ ပါရမီဖြည့်ဖက်ပါ**

ကျောင်းတွင်းအားကစားပြိုင်ပွဲ၏ အမြင့်ဆုံးရည်မှန်းချက်ပင်ဖြစ်ပါသည်။ ပြိုင်ပွဲတိုင်းတွင် ပြိုင်ဘက်သည် မိမိထက်ညံ့လျှင် အလွယ်တကူနိုင်ကြပါသည်။ သာမန်အားဖြင့် နိုင်၍ပျော်ကြသည်။ ကျောင်းတွင်းအားကစားပြိုင်ပွဲဝင်သူတိုင်း ထိုအဆင့်မှာပင် ရပ်ထားခဲ့ကြသည်။ အမှန်မူ ထိုပွဲသည် မနိုင်ပါ။ ရှုံးသည်ဟုပင် ပြောရပါလိမ့်မည်။ ကျောင်းတွင်းအားကစားပြိုင်ပွဲသည် လေ့ကျင့်ပွဲဖြစ်၍ မိမိထက် ခြေညံ့သူ၊ လက်ရည်နိမ့်သူနှင့်ပြိုင်၍ အရည်အသွေးတိုးတက်စရာ အကြောင်းမရှိပါ။ ပြိုင်ဘက်အသင်းက ကိုယ့်ထက်သာလေ ကိုယ့်အသင်းက ဘက်စုံ (တစ်ဦးချင်း၏ ပညာ၊ နည်းစနစ်၊ လုံ့လ၊ သက်လုံ၊ စည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ခွန်အား) ပိုသာအောင် ကြိုးစားရပါသည်။

ပွဲကျပ်တွေ့တိုင်း လက်ရည် (သို့မဟုတ်) ခြေပိုတက်လာကြပါသည်။ ပြိုင်ဘက်က တော်လေ ကိုယ့်အသင်းက ခြေပိုတက်လေမို့ ပြိုင်ဘက်သည် ကိုယ်နှင့် ကိုယ့်အသင်းကို ပိုမိုထူးချွန်ထက်မြက်လာအောင် လေ့ကျင့်ပေးသော မိတ်ဆွေကောင်းပါ။ ကိုယ့်ကောင်းကျိုးအတွက် ပါရမီဖြည့်သူလို့ ကျောင်းသားမျိုးဆက်တိုင်း မြင်တတ်အောင် မိဘဆရာများက ညွှန်ပြပေးရပါလိမ့်မည်။ ပြိုင်ဘက်သည် ဘယ်သောအခါမျှ ရန်သူဟု မြင်စရာအကြောင်းမရှိကြောင်းနှင့် မိတ်ဆွေရင်းချာ၊ ပါရမီဖြည့်ဖက်ဟုသာ မြင်ပြီးခံယူသွားအောင် အားကစားကို အလေ့ကျင့်ခံအဖြစ်သုံး၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်သည်။

ငါနှင့် ငါ့အသင်းနိုင်ဖို့ဆိုသည့် အတ္တစိတ်ကြီးထွားအောင် (သို့မဟုတ်) ကျောင်းသားတိုင်း၏ လူ့တန်ဖိုးနိမ့်ကျသွားအောင် ပြိုင်ခိုင်းနေခြင်းမဟုတ်ပါ။ ပြိုင်ဘက်သည် ရန်သူဆိုသော အဆိုးမြင်ကင်းရပါမည်။ ကိုယ့်မိတ်ဆွေကောင်းသာဖြစ်ပြီး ထိုမှတစ်ဆင့်တက်ကာ ပါရမီဖြည့်ဖက်ဆိုသည့် အမြင်မျိုး လူသားမျိုးဆက်တိုင်း ငြိမ်းချမ်းသော အတွေးအမြင်မျိုး ပိုင်ဆိုင်လာအောင် ကျောင်းတွင်းအားကစားမျိုးစုံဖြင့် လေ့ကျင့်ပေးနေခြင်းပါ။ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးသန့်က **“ပြိုင်ဘက်ကို လေးစားတန်ဖိုးထားခြင်းသည် ငြိမ်းချမ်းရေးစိတ်ထား”** ဟု လွန်ခဲ့သည့် နှစ် ၅၀ ခန့်ကတည်းက မီးမောင်းထိုးပြခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ ကျောင်းတွင်းအားကစားပြိုင်ပွဲများမှ “စံပြည့်အားကစားစိတ်ဓာတ်” ဆိုသည်မှာ အနိုင်ရယူဖို့ဆိုသည့် အလွန်သေးသိမ်သောစိတ်ထားကိန်းအောင်းနေဖို့မဟုတ်ပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်သည့် မြင့်မြတ်စိတ်ထားကို နိုင်ငံသားတိုင်းတွင် ကြွယ်ဝရန်အထိဖြစ်ပါသည်။ အိုမန်နှင့်မြန်မာပွဲ ဝဏ္ဏသိဒ္ဓိကွင်းတွင်ဖြစ်သည့်ကိစ္စများသည် “ဘောလုံးပွဲပဲ၊ ငါတို့ပညာရေးနဲ့ ဘာဆိုင်လဲ၊ အားကစားဝန်ကြီးဌာနကိစ္စ” ဟု ပညာရေးက တာဝန်ရှိသူများ လုံးဝမမြင်သင့်ပါ။

**ဘောလုံးပွဲတွင် စည်းကမ်းဖောက်သူများကို ဝိုင်းပြီးအပြစ်တင်နေကြခြင်းပါ။ တကယ်က လွန်ခဲ့သည့် နှစ် ၂၀ ကျော်မှသည် ယနေ့ထိ ကျောင်းများတွင် “ကာယအချိန်မှာ စာဝင်သင်သွားသည့်ရလဒ်ပါ” ဟု မိဘများနှင့် ကျွန်တော်တို့ပညာရေးက တာဝန်ရှိသူများ သုံးသပ်မိရန် လိုပါလိမ့်မည်။**

ဖတ်စာအုပ်ထဲကစာတတ်မှ အမှတ်များများရရေးကိုသာ လူ့အရည်အချင်းဟုမြင်ပြီး စာသင်ခြင်းကို ဖောင်းပေးပြီး လူ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလတို့ဖွံ့ဖြိုးရေးကို စာမေးပွဲရမှတ်နှင့် လဲခဲ့ကြ၍ဟုမြင်မိပါသည်။ သို့အတွက်ကြောင့် နိုင်ငံသားတစ်ယောက်၏ အားကစားမှရမည့် ငြိမ်းချမ်းသည့်စိတ်ဓာတ်၏ ဆန့်ကျင်ဘက်ဖြစ်သည့် နိုင်လိုမှု၊ အသာစီးရလိုမှုကြောင့် ဖြစ်ပေါ်လာသည့် အတ္တကြီးမှုကို အခြေခံသည့် စည်းကမ်းပျက်မှု၊ ဆူပူမှုများ ပေါ်ထွန်းလာခြင်းသာဖြစ်သည်ဟု သုံးသပ်မိပါသည်။ ဦးသန့်ပြောသလို အားကစားသမားများပိုင်ဆိုင်သည့် ငြိမ်းချမ်းမှုစိတ်ထား၏ ပြောင်းပြန်ရလဒ်များ ပေါ်ထွန်းလာခြင်းပါ။

**ငြိမ်းချမ်းမှုကိုမြတ်နိုးသူများဆိုသည်မှာ**

ကျောင်းတွင်းအားကစားပြိုင်ပွဲများက အထက်ဖော်ပြပါ **“သည်းခံစိတ်မြင့်မားလာမှု၊ စည်းကမ်းကိုလေးစားလိုက်နာတန်ဖိုးထားမှု၊ အရှုံးကိုလက်ခံနိုင်မှု၊ ဘုံရည်မှန်းချက်ကို အောင်မြင်အောင် စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်နိုင်မှု၊ ပြိုင်ဘက်ကို ရန်သူဟုအမြင်ကင်းကာ ကိုယ့်အရည်အသွေးတက်လာအောင် လေ့ကျင့်ပေးသည့် မိတ်ကောင်းဆွေကောင်း၊**

*စာမျက်နှာ ၁၁ သို့*

❒ **ဘောလုံးပွဲတွင် စည်းကမ်းဖောက်သူများကို ဝိုင်းပြီး အပြစ်တင်နေကြခြင်းပါ။ တကယ်က လွန်ခဲ့သည့် နှစ် ၂၀ ကျော်မှသည် ယနေ့ထိ ကျောင်းများတွင် “ကာယ အချိန်မှာ စာဝင်သင်သွားသည့်ရလဒ်ပါ” ဟု မိဘများနှင့် ကျွန်တော်တို့ ပညာရေး က တာဝန်ရှိသူများ သုံးသပ်မိရန် လိုပါလိမ့်မည်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ငါးသယံဇာတများ ဝိုင်းဝန်းထိန်းသိမ်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ



**နေပြည်တော် မေ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန အဖွဲ့တို့သည် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးရန်၊ ငါးမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ ငါးစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရန် ရည်ရွယ်၍ မေ ၁ ရက်က ဗန်းမော်မြို့ ကမ်းနားဈေးသို့သွားရောက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးရစ်/ငါးသန်ကာလဖြစ်သော တန်ခူးလဆန်း ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိ မေ ၁ ရက်မှ ဇူလိုင် ၁၂ ရက်အထိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံများ၊ သဘာဝရေပြင်အနှံ့အပြားတွင် မိုးဦးကာလဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် မိတ်လိုက်ဥချပြီး ငါးရစ်တက်ကြသည်။ ထို ငါးရစ်တက်ငါးများအား သားစဉ်မြေးဆက် စားသုံးနိုင်ရေး လူတိုင်းလူတိုင်း လိုက်နာထိန်းသိမ်း စောင့်ရှောက်ပေးကြပါရန် နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး**
**ဦးဆောင်ကော်မတီ**

*စာမျက်နှာ ၁၀ မှ*

**တစ်နည်းအားဖြင့် မိမိထူးချွန်အောင်မြင်မှုအတွက် ပါရမီဖြည့်ဖက်ဟုခံယူထားနိုင်မှုနှင့် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သူများ”** ပေါ်ထွန်းလာပါသည်။

ထိုသူများသည် အလိုမပြည့်သူများ၊ နိုင်လိုမင်းထက်ပြုမူသူများ၊ အတ္တကြီးသူများ၊ ငါနှင့်မတူငါ့ရန်သူဟု ခံယူထားသူမျိုးဆက်များမဟုတ်ကြတော့ပါ။ အဆိုပါအည့်ကိုစံထားသော စိတ်ထားကင်းသည့် ပြည့်ဝနိုင်ငံသားများ ဖြစ်လာပါပြီ။ ပြည့်ဝနိုင်ငံသားများသည် ငြိမ်းချမ်းမှုကို မြတ်နိုးသူများ၊ အမှန်နှင့်အမှားကို ခွဲခြားနိုင်ပြီး အဓမ္မကို ဆန့်ကျင်၍ ဓမ္မကိုသစ္စာခံကာ မိမိနှင့် မိမိ၏လူ့အဖွဲ့အစည်းကို မငြိမ်းချမ်းမှု၊ ဆူပူမှုဖြစ်အောင်ပြုကြသူများမဟုတ်ကြတော့ပါ။ ကျွန်တော်တို့၏ ယနေ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုခရီးစဉ်သည် **“ငြိမ်းချမ်းရေးအစ ကျောင်းတွင်းအားကစားက”** ဟု ခံယူထားသူမျိုးဆက်သစ်များ ပါဝင်လာလျှင် ယခုထက် ပိုမိုလျင်မြန်လာလိမ့်မည်ဟု ယုံကြည်မိပါသည်။

**ငြိမ်းချမ်းမှုအစ ချစ်ကြည်ရင်းနှီးမှုက**

ကျောင်းတွင်းအားကစားပြိုင်ပွဲများက အထက်ပါ နိုင်ငံသားအရည်အချင်းများကို လေ့ကျင့်ဖြည့်ဆည်းပေးနေရုံဖြင့် ငြိမ်းချမ်းမှုကို မဖော်ဆောင်နိုင်သေးပါ။ ချစ်ကြည်ရေးပြိုင်ပွဲများကျင်းပပေးရပါလိမ့်မည်။ ကျောင်းတွင်းမှသည် မြို့နယ်တွင်း၊ မြို့နယ်တွင်းမှသည် ခရိုင်အဆင့်၊ ပြီးလျှင် ယခုကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှာကဲ့သို့ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ ပြုလုပ်ပေးရပါမည်။

လက်ရှိအခြေအနေတွင်လည်း အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံကျောင်းများ၏ အားကစားပြိုင်ပွဲများနှင့် နောက်ဆုံးတွင် နိုင်ငံအဆင့်ဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ် ကျောင်းသားအားကစားပြိုင်ပွဲများကို နှစ်နှစ်တစ်ကြိမ် တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များတွင် လှည့်လည်ကျင်းပပေးခဲ့သည့် အစဉ်အလာကို ပြန်လည်အကောင်အထည်ဖော်ခြင်းဖြင့် ငြိမ်းချမ်းမှုအခြေခံစိတ်ထားရှိသူများအချင်းချင်း ချစ်ကြည်မှု၊ ရင်းနှီးမှုများ ရရှိလာမည့်အပြင် ယနေ့ပညာရေးတွင် တိုင်းရင်းသားအသီးသီး၏ ကွဲပြားခြားနားသည့် ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုကို အပြန်အလှန်လေးစားမှုစွမ်းရည် စီကျူ (CQ = Cultural Quotient) ပြည့်ဝသူများ ဖြစ်ထွန်းလာပေလိမ့်မည်။ ဤသို့ဆိုလျှင် ဦးသန့်ပြောသည့် **“ငြိမ်းချမ်းသည့်ကမ္ဘာကြီး၏အစ အားကစားက”** ဆိုသည့် အဆိုသည် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနေပေဦးမည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိပ်ဆုံးက ဆက်လက်လိုက်နာကျင့်သုံးရန် လိုပေလိမ့်မည်။

အားကစားသည် ကျန်းမာကြံ့ခိုင်ရုံ၊ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရုံနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးရုံအဆင့်လောက်သာ မဟုတ်တော့ပေ။ အထက်ဖော်ပြပါ ငြိမ်းချမ်းမှုကို မြတ်နိုးသည့် **“ပြည့်ဝနိုင်ငံသား”** များ၏ တန်ဖိုးကို ဖြည့်ဆည်းပေးရန်အတွက် ပညာရေး၏ အလေ့ကျင့်ခံလုပ်ငန်းဖြစ်သည်။

ထို့အပြင် ဦးသန့် ကြိုတင်ဟောကိန်းထုတ်ခဲ့သည့် ငြိမ်းချမ်းသည့်ကမ္ဘာသူကမ္ဘာသားစိတ်ထားပိုင်ရှင်များ ဖြစ်ထွန်းလာစေရန် လေ့ကျင့်ပေးနေခြင်းလည်း ဖြစ်ပေသည်။ ထိုသို့ဖြစ်လာစေရန် ပညာရေးက နှစ်စဉ် ၁၁ သန်းနီးပါးခန့်ရှိနေသည့် မြန်မာ့အခြေခံပညာကျောင်းများတွင် မလွဲမသွေ လေ့ကျင့်ပေးရန် လိုအပ်ပေလိမ့်မည်။

**ပညာရေးနှင့် အားကစားသည် သီးခြားစီမဟုတ်ကြောင်း အထက်တွင် ပြောခဲ့ပြီးဖြစ်ပါသည်။ အားကစားသည် ပညာရေး၏ အလေ့ကျင့်ခံဟူသည့်သဘောကို ရှင်းရှင်းလင်းလင်းမြင်ထားကြသည့် တချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပညာရေးနှင့် အားကစားဝန်ကြီးဌာနကို တစ်ခုတည်းပေါင်းစည်းထားခဲ့ဟန်တူပါသည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့ ကျောင်းတွင်းကာယအချိန်တွင် စာဝင်သင်ရင်း ငြိမ်းချမ်းမှုကိုမြတ်နိုးသည့် နိုင်ငံကြီးသားများ၏ အထက်ပါအရည်အသွေးပျက်ယွင်းမှုကို ကာကွယ်ရန်နှင့် ဖွံ့ဖြိုးရေးကာယအချိန်တွင် ယနေ့ပညာရေး၏ ကာယဖွံ့ဖြိုးမှုစွမ်းရည် (PQ) ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရန်အတွက် အားကစားသိပ္ပံဆင်း ကာယဆရာများအား အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းများတွင် အားကစားနည်းပြဆရာများအဖြစ် ခန့်အပ်ပြီး “ငြိမ်းချမ်းရေးအစ ကျောင်းတွင်းအားကစားက” ကို မဖြစ်မနေ အကောင်အထည်ဖော်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။**

နောက်ဆုံးအနေဖြင့် ပညာရေးတွင် တာဝန်ရှိသူများအား **“အနာဂတ်တွင် စစ်ပွဲများကင်းစင်ပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်အောင် ကျောင်းတွင်းအားကစားဖြင့် ဆောင်ရွက်ပေးကြပါရန်”** မေတ္တာရပ်ခံတိုက်တွန်းရင်း ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ပန်းတနော်မြို့၏ အမျိုးသားကျောင်းအုပ်ဆရာကြီးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏အဆိုကို မြတ်နိုးဂုဏ်ပြုလျက် ထောက်ခံရေးသားအပ်ပါသည်။ ။

**ကိုးကား**

(၁) ပညာရေးဝန်ကြီးဌာန (၂၀၁၀) ပညာရေးကောလိပ် ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်း ကာယပညာဘာသာ

(၂) ဒေါက်တာမောင်သင်း (၂၀၁၁) ပညာရေးနှင့် လူ့တန်ဖိုးမြှင့်တင်ပေးသည့် အားကစား Living Colour No. 188

# မတ္တရာမြို့နယ် ကင်းကျေးရွာရှိ တောင်ကျောင်းဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် မေ ၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကင်းကျေးရွာရှိတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ သုစရိတ (သိက္ခာ ၂၇ ဝါ၊ သက်တော် ၄၇ နှစ်) သည်အခန်းအတွင်း သီတင်းသုံးနေစဉ် PDFအမည်ခံအကြမ်းဖက်သမား ၁၀ ဦးခန့်က ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ကိုရင်များနှင့် ကပ္ပိယများကို အကြမ်းဖက်သမား ခုနစ်ဦးခန့်က သေနတ်ဖြင့် ချိန်ရွယ်ထားပြီး ကျန်အကြမ်းဖက်သမားများက ဆရာတော်အား



သေနတ်ဖြင့် ၁၁ ချက်ခန့် ရက်ရက်စက်စက်ပစ်ခတ်၍ ဆိုင်ကယ်များဖြင့် ပြန်လည်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဆရာတော်သည် နောက်ကျော ကျည်ဖောက်ဝင်ဒဏ်ရာ၊ ယာနားအောက် ကျည်ဖောက်ဝင်ဒဏ်ရာ၊ ဝမ်းဗိုက် ကျည်ဖောက်ဝင်ဒဏ်ရာနှင့် ဝဲလက်ဖျံကျည်ဖောက်ဝင်ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာ၌ပင် ပျံလွန်တော်မူခဲ့ပြီး ဆရာတော်၏ ရုပ်ကလာပ်အား မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး၊ ဆရာလေးများကိုပါ မကျန် ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် ရက်စက်စွာသတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ယနေ့အထိ သံဃာတော် ၃၂ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် တစ်ပါးတို့ ပျံလွန်တော်မူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မိဘပြည်သူများအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားပေးခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

○ *ကျော့ဖုံးမှ*

ထိုသို့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ မေ ၁ ရက် ည ၁၂ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက် နယ်မြေ(၆)ရှိ မုံရွာစီးပွားရေးတက္ကသိုလ်အား PDF အမည်ခံအကြမ်းဖက်သမားများက တက္ကသိုလ်၏ အရှေ့ဘက် ကိုက် ၃၀၀ ခန့် အကွာ လယ်ကွင်းများဘက်မှနေ၍ လက်လုပ်စိန်ပြောင်းဖြင့် လေးချက် ပစ်ခတ်ခဲ့ရာ တက္ကသိုလ်ဝင်းအတွင်း ဗုံးသီးအချို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုများကြောင့် ကျောင်းရှိ အဆောင် အမိုးသွပ်၊ မျက်နှာကျက်၊ ပြတင်းတံခါးမှန်များနှင့် မီးသီးတို့ ထိခိုက်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ မေ ၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်



တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ နမ့်ဖားရပ်ကွက်ရှိ ဗန်းမော်တက္ကသိုလ်ဝင်းအတွင်း ဘောလုံးကွင်းအနီးရှိ အမှိုက်ပုံအတွင်း အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် ဘောလုံးကွင်းအနီးရှိ ကျောင်းဆောင်များမှ ပြတင်းတံခါးမှန်များ၊ တံခါးမကြီးမှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အတူ ညနေ ၄ နာရီ ၃၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၈) ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ဆဲ နှစ်ထပ်စာသင်ဆောင် အဆောက်အအုံအနီးရှိ ရေမြောင်းအတွင်း၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်း တစ်လုံး ဖောက်ခွဲထားသည်ကို တွေ့ရှိရပြီး (ဝဲပုံ) ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ချင်းပြည်နယ် မတူပီမြို့နယ် ရေဇွာမြို့ အင်ရောရပ်ကွက်နေ ဘာသာရေးခေါင်းဆောင်များဖြစ်သည့် ဦးရှိမီယို (၃၇)နှစ် (ဘ) ဦးဇာမန်နှင့် ဦးတိန်ဇာလျန်(၄၃)နှစ် (ဘ) ဦးလယ်အုပ်တို့သည် ရေဇွာမြို့ မြို့မရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းတံခါးများ ပွင့်နေသဖြင့် သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ကျောင်းအဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထိုကဲ့သို့ အနာဂတ်မျိုးဆက်သစ် လူငယ်များနှင့် Human Resources (HR) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကို မနာလိုမရှုဆိတ်များဖြင့် ဖျက်ဆီးခြင်းများပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ မြေစာပိ၍ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးသေဆုံး

**နေပြည်တော် မေ ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သဘော့လိပ်ကျေးရွာ၌ ဧပြီလ ၁ ရက်က မြေစာတူးရာမှ မိုးသည်းထန်စွာရွာသွန်း၍ မြေသားပြိုကျကာ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ည ၉ နာရီခန့်တွင် တနင်္သာရီမြို့နယ် သဘော့လိပ်ကျေးရွာ၌ ပဲခူးတိုင်းဒေသကြီး ခြေတော်ရာကျေးရွာနေ ဦးအောင်ဇေယျာလင်း(၃၃ နှစ်) ပိုင်ဆိုင်သော ရော်ဘာခြံအတွင်း မြေစာတူးရာမှ မိုးသည်းထန်စွာရွာသွန်း၍ မြေသားပြိုကျကာ ၎င်းနှင့်အတူ ရော်ဘာခြံလုပ်သားများဖြစ်သည့် သထုံမြို့နေ ဇင်မင်းသူ(၂၆ နှစ်)၊ ရွှေကျင်မြို့နေ မအေးမာစန်း(၂၆ နှစ်)၊ ငါးဖယ်အင်းရွာနေ ဟဲဗီးဖြိုး (၁၄ နှစ်)နှင့် ညီညီ (၂၈ နှစ်)တို့ ငါးဦးမှာ မြေစာပိ၍သေဆုံးသွားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မဟာအောင်မြေမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား သုံးဦးအား အရေးယူထား

**နေပြည်တော် မေ ၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ မေ ၂ ရက်က လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ (ယာပုံ)

ဖြစ်စဉ်မှာ မေ ၂ ရက် နံနက် ၄ နာရီခန့်တွင် မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မဟာမြိုင် (၁)ရပ်ကွက် ၆၉ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားအရောက်၌ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ထွန်းနိုင်(၂၆ နှစ်)၊ တစ်ရပ်ကွက်တည်းနေ လှထွန်းအောင်(ခ)လှထွန်း (၂၇ နှစ်) နှင့် သက်နိုင်ဝင်း (၂၇ နှစ်) တို့ သုံးဦးအား ဆိုင်ကယ်နှစ်စီးဖြင့် မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာ ၎င်းတို့စီးနင်းလာသည့် ဆိုင်ကယ်များပေါ်မှ အနက်ရောင်မီးကြိုး ၁၀ ပိဿာခန့်၊ မီးဖြတ်ဘရိတ်ကာ ခြောက်ခု၊ ပလာယာ သုံးချောင်း၊ ခေါက်ဓား တစ်ချောင်း၊ သံတူရွင်း တစ်ချောင်း၊ ကျောက်လှည့် နှစ်ချောင်းတို့အား တွေ့ရှိရသောကြောင့် စစ်ဆေးခဲ့ရာ မဟာမြိုင်(၁)ရပ်ကွက်အတွင်းရှိ လမ်းဘေးမီးတိုင်များမှ မြေအောက်သွယ်တန်းထားသော



မီးကြိုးများအား ဖြတ်တောက်ခိုးယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးအား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ရှစ်ဦးသေဆုံး

**ရီယိုဒီဂျနေရိုး ဧပြီ ၃**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး လူရှစ်ဦး သေဆုံးပြီး ၁၃ ဦး ပျောက်ဆုံးနေကြောင်း ဒေသအာဏာပိုင်များက ဧပြီ ၃ ရက်က ပြောသည်။

မိုးသည်းထန်စွာရွာသွန်းပြီးနောက် အခင်းဖြစ်ပွားရာနေရာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဘရာဇီးအစိုးရက စစ်ဘက်ဆိုင်ရာ လေယာဉ်များကို စေလွှတ်ထားသည်ဟု ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုက တွစ်တာတွင် ပြောသည်။

ရီယိုဒီဂျနေရိုးမြို့တွင် မိုးရွာသွန်းမှုပမာဏမှာ ၆၅၅ မီလီလီတာရှိပြီး မှတ်တမ်းတင်ခဲ့သော မိုးရေချိန်ပမာဏများထဲတွင် အမြင့်ဆုံးဖြစ်ကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောသည်။

ဘရာဇီးမီဒီယာ၏ ခန့်မှန်းချက်အရ လာမည့်ရက်များအတွင်း ရီယိုဒီဂျနေရိုးမြို့တွင် မိုးပိုလာနိုင်ကြောင်း သိရသည်။

ဆင်ဟွာ



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုနေမှုကို တွေ့ရစဉ်။

# အိန္ဒိယ၌ ဆေးကုသမှုခံယူနေရသူ ကျဆင်းသည့်ပမာဏမှာ ၆၈ ရက်မြောက် ရောက်ရှိလာပြီဖြစ်

**နယူးဒေလီ ဧပြီ ၃**



အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးတွေ့ရှိသူ ၁၀၉၆ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၀၂၈၁၃၁ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ထို့ပြင် ဧပြီ ၂ ရက်က ထပ်မံသေဆုံးသူ ၈၁ ဦးရှိသည့်အတွက် သေဆုံးသူ စုစုပေါင်း ၅၂၁၃၄၅ ဦးအထိ ရှိလာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိဆေးကုသမှုခံယူနေရသူ ၁၃၀၁၃ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၃၂ ဦးအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင်ဆေးကုသမှုခံယူနေရသူ ကျဆင်းလာသည့်ပမာဏမှာ ၆၈ ရက်မြောက် ရောက်ရှိလာပြီ ဖြစ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ဆေးကုသမှုခံယူပြီး ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၄၂၄၉၃၇၇၃ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါ ဆေးရုံဆင်းခွင့်ရရှိသူများအနက် ၁၄၄၇ ဦးမှာ လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းခွင့်ရရှိသူများဖြစ်သည်။

ဆင်ဟွာ

# လေကြောင်းဖြင့်ရောက်ရှိလာသော ခရီးသွားများ ရောဂါကူးစက်မှုမရှိကြောင်း အထောက်အထား စာရွက်စာတမ်းပြသခြင်း ဘရာဇီးနိုင်ငံ ပယ်ဖျက်

**ဆော်ပေါ်လို ဧပြီ ၃**

ဘရာဇီးနိုင်ငံသည် နိုင်ငံတွင်းသို့ လေကြောင်းဖြင့် ရောက်ရှိလာပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံထားသော ခရီးသွားများကို ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိကြောင်း အထောက်အထား စာရွက်စာတမ်းပြသခြင်းကို ဧပြီ ၂ရက်တွင် ပယ်ဖျက်လိုက်ကြောင်း နိုင်ငံပိုင် သတင်းဌာနတစ်ခု၏ ဖော်ပြချက်အရ သိရသည်။

သို့သော်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝမထိုးနှံရသေးသော ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိကြောင်း အထောက်အထား စာရွက်စာတမ်း ပြသရဦးမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံထားသည့် ဘရာဇီးနိုင်ငံသားနှင့် နိုင်ငံခြားသားများအနေဖြင့် စာရွက်တစ်စုံတစ်ရာပြသရန် မလိုကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်း၊ ရောဂါဖြစ်ပွားမှုနှုန်းနှင့် ဆေးရုံတက်ရောက်ကုသသည့် လူနာအရေအတွက် ကျဆင်းလာသည့်အတွက် ထိုကဲ့သို့ ပယ်ဖျက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဘရာဇီးနိုင်ငံသို့ ကုန်းလမ်းဖြင့် ပြန်လည်ဝင်ရောက်လာမည့် ဘရာဇီးနိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးထားသည့် စာရွက်စာတမ်းများ ပြသရန် မလိုကြောင်းလည်း သိရသည်။



ဗီဇပြောင်းဗိုင်းရပ်စ် အိုမီခရွန်ကူးစက်မှုဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီ ၁၁ ရက်နောက်ပိုင်းတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း ကျဆင်းလာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# တိုကျိုမြို့၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၈၉၉ ဦး ထပ်မံတွေ့ရှိ

**တိုကျို ဧပြီ ၃**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၉၉ ဦး ထပ်မံတွေ့ရှိပြီး ထပ်မံသေဆုံးသူ ကိုးဦးရှိကြောင်း တိုကျိုမြို့တော်အစိုးရက ဧပြီ ၃ ရက်က ပြောကြားသည်။ အဆိုပါရောဂါတွေ့ရှိမှုအရေအတွက်မှာ လွန်ခဲ့သောတစ်ပတ်က ကူးစက်ဖြစ်ပွားမှုထက် ၅၀ တိုးလာကြောင်း သိရသည်။

တိုကျိုမြို့၌ ဧပြီ ၃ ရက်အထိ တစ်ပတ်တာ ပျမ်းမျှအားဖြင့် ရောဂါကူးစက်ခံရသူ ၇၆၃၀ ဒသမ ၃ ဦးရှိသည်။ အဆိုပါ ပမာဏမှာ ပြီးခဲ့သော ရက်သတ္တပတ်ကထက် ရာခိုင်နှုန်းအားဖြင့် ၁၈ ရာခိုင်နှုန်းပိုများလာကြောင်း သိရသည်။

တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာခံစားနေရပြီး ECMO နှလုံးနှင့်အဆုတ် အထောက်အကူပြုစက်များ တပ်ဆင်နေရသည့်သူ ၃၁ ဦးရှိပြီး ဧပြီ ၂ ရက်ကထက် တစ်ဦး လျော့ကျလာကြောင်း သိရသည်။

ဂျပန်နိုင်ငံတစ်ဝန်း ဧပြီ ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၇၃၄၅ ဦးရှိကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အင်န်အိတ်ချ်ကေ

# မြို့တော် ရှန်ဟိုင်း၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ မြို့လုံးကျွတ်စစ်ဆေးမည်

**ရှန်ဟိုင်း ဧပြီ ၃**

တရုတ်နိုင်ငံ မြို့ကြီးများ၌ ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်ကူးစက်မှု ထိန်းချုပ်ရန် ကြိုးစားလာသောကြောင့် မြို့တော် ရှန်ဟိုင်းတွင် ဧပြီ ၃ ရက်မှစတင်ကာ မြို့လုံးကျွတ် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ Antigen စစ်ဆေးမှု၊ နျူကလိအက်စစ် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ဧပြီ ၃ ရက် သတင်းစာရှင်းလင်းပွဲတွင် ရှန်ဟိုင်းမြူနီစီပယ်ကျန်းမာရေးကော်မရှင်အရာရှိတစ်ဦးဖြစ်သူ ဝူကျန်းယုက ထိုသို့စစ်ဆေးခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးအန္တရာယ်များကို တားဆီးနိုင်ကြောင်း၊ ရောဂါကူးစက်မှု ကွင်းဆက်များကို ဖြတ်တောက်နိုင်ကြောင်း၊ ရောဂါပျံ့နှံ့မှုများကို ဟန့်တားနိုင်ကြောင်းနှင့် ကိုဗစ်-၁၉ ကို ပျောက်ကင်းသည်အထိ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

ရှန်ဟိုင်းမြို့၌ ဧပြီ ၂ ရက်တွင် ဒေသတွင်းကူးစက်မှု ကိုဗစ်-၁၉ အတည်ပြုလူနာ ၄၃၈ ဦးရှိပြီး ၇၇၈၈ ဦး၌ ရောဂါလက္ခဏာ မပြကြောင်း သိရသည်။

ဆင်ဟွာ

# ယီမင်ရဲ့ နှစ်လကြာအပစ်ရပ်စဲရေးမှသည် ထာဝရတိုင် ငြိမ်းချမ်းရေးဆီသို့

**........ လင်းဟန်သစ် ........**

ယီမင်ပဋိပက္ခမှာ အဖွဲ့အစည်းအသီးသီးရဲ့ နှစ်လကြာအပစ်ရပ်စဲရေး သဘောတူညီချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကြိုဆိုလိုက်ပါတယ်။ ဒီနှစ်လကြာ အပစ်ရပ်စဲရေး သဘောတူညီချက်ဟာ ဧပြီ ၂ ရက်မှာ စတင်အသက်ဝင်ခဲ့ပါတယ်။



နယူးယောက်ရှိ ကုလသမဂ္ဂ ဌာနချုပ်၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယီမင်ရှိ အပစ်ရပ်စဲရေး သဘောတူညီချက်နှင့် ပတ်သက်ပြီး သတင်းထောက်များကို ဧပြီ ၁ ရက်က ရှင်းလင်းပြောကြားနေစဉ်။

### စစ်ပွဲကို အဆုံးသတ်ဖို့ ပထမဆုံးခြေလှမ်းဖြစ်ရမယ်

အပစ်ရပ်စဲရေးသဘောတူညီချက်ဟာ ယီမင်ရဲ့ လတ်တလော လူသားချင်းစာနာထောက်ထားမှုနဲ့ စီးပွားရေး လိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းဖို့ လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်းနဲ့ ယီမင် နိုင်ငံရေး ဖြစ်စဉ်များကို ပြန်လည်စတင်နိုင်ရန် အခွင့်အရေးပေး လိုက်ခြင်းဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားလိုက်ပါတယ်။

ဒီအပစ်ရပ်စဲရေးသဘောတူညီချက်ဟာ ယီမင်ရဲ့ ဖွတ်ဖွတ်ညက်ညက်ကြေနေတဲ့ စစ်ပွဲကို အဆုံးသတ်ပေးဖို့ ပထမဆုံးခြေလှမ်း ဖြစ်ရမယ်လို့ ဂူတာရက်စ်က ပြောကြားလိုက်ပါတယ်။

### သဘောတူခဲ့ကြ

ယီမင်ဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးသံတမန် ဟန်းစ်ဂရွန်ဘာ့ဂ်က ဂျော်ဒန်နိုင်ငံ အမ္မန်မှာ အခက်အခဲပြဿနာတွေကို ထိုးဖောက်ကျော်လွှားနိုင်ခဲ့ကြောင်း ကြေညာခဲ့ပါတယ်။

သက်ဆိုင်ရာအဖွဲ့အစည်းများဟာ ယီမင်နိုင်ငံနဲ့ နယ်စပ်မှာ လုပ်ဆောင်နေတဲ့ ဝေဟင်၊ မြေပြင်၊ ရေပြင် အလုံးစုံထိုးစစ်များကို ရပ်ဆိုင်းရန် သဘောတူခဲ့တယ်လို့ ဂရွန်ဘာ့ဂ်က ပြောကြားလိုက်ပါတယ်။ ဒ့ါအပြင် အဖွဲ့အစည်းတွေဟာ ဟိုဒေးတာဆိပ်ကမ်းကို လောင်စာသင်္ဘောတွေ ဝင်ထွက်သွားလာဖို့ကိုလည်း သဘောတူခဲ့သလို ဆာနားလေဆိပ် အတွင်းအပြင်ဘက်မှာလည်း စီးပွားရေး လေကြောင်းလိုင်းတွေ ဝင်ထွက်သွားလာခွင့်ကိုလည်း သဘောတူခဲ့ကြပါတယ်။

### ထပ်မံသက်တမ်းတိုးနိုင်

သူ့ရဲ့ဦးဆောင်မှုနဲ့အတူ အဖွဲ့အစည်းတွေဟာ တိဇ်မှာရှိတဲ့ လမ်းတွေနဲ့ ယီမင်မှာရှိတဲ့ တခြားပြည်နယ် အုပ်ချုပ်ရေးမှူးရုံးတွေကိုလည်း ပြန်လည်ဖွင့်လှစ်ပေးဖို့ နောက်ထပ် သဘောတူခဲ့ကြပါတယ်လို့ ဂရွန်ဘာ့ဂ်က ပြောကြားခဲ့ပါတယ်။

နှစ်လကြာပြီးတဲ့နောက်မှာလည်း ဒီအပစ်ရပ် (ယာယီစစ်ပြေငြိမ်း) သဘောတူညီချက်ကို ပါတီတွေရဲ့ ခွင့်ပြုချက်နဲ့အတူ ထပ်မံသက်တမ်းတိုးသွားနိုင်မှာဖြစ်ပါတယ်လို့ ဂရွန်ဘာ့ဂ်က ဆက်လက်ပြောကြားခဲ့ပါတယ်။

### ဂူတာရက်စ်ချီးကျူး

သဘောတူညီချက်နဲ့ပတ်သက်ပြီး ယီမင်အစိုးရ၊ ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့၊ ယီမင်ရှိ ဟူသီများကို ဂူတာရက်စ်က ချီးကျူးခဲ့ပါတယ်။ ပြီးတော့လည်း ဒီယာယီစစ်ပြေငြိမ်းသဘောတူညီချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေ လုပ်ဆောင်နိုင်ဖို့ကိုလည်း သက်ဆိုင်ရာ အဖွဲ့များကို ဂူတာရက်စ်က တိုက်တွန်းပြောကြားထားပါတယ်။

တိုက်ခိုက်မှု ရပ်ဆိုင်းခြင်း၊ တစ်ဆက်တည်း လောင်စာဆီသင်္ဘောများ ဝင်ထွက်သွားလာခွင့်ပြုခြင်း၊ နိုင်ငံအတွင်း၊ အပြင်လူများနဲ့ ကုန်စည်များရဲ့ လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းတွေဟာ ယုံကြည်မှုတည်ဆောက်ရာမှာ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေခြင်းနဲ့ ပဋိပက္ခအဆုံးသတ်ပြီး ငြိမ်းချမ်းရေးထာဝရတိုးတက်ဖြစ်ပေါ်ရန် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နိုင်ဖို့ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဖြစ်ပေါ်စေတယ်လို့ ဂူတာရက်စ်က ပြောပါတယ်။

### ကောင်းမွန်တဲ့ယုံကြည်ချက်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လို

အဖွဲ့အစည်းများဟာ ကောင်းမွန်တဲ့ ယုံကြည်ချက်နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ ဂူတာရက်စ်က ဆက်လက်တိုက်တွန်းပြောကြားထားပါတယ်။ အန္တိမရည်မှန်းချက်ကတော့ ယီမင်ပြည်သူတွေရဲ့ ပြင်းပြတဲ့ဆန္ဒတွေ၊ တရားဝင်ဖြစ်ရေးကိစ္စရပ်တွေကို ကိုင်တွယ်ရာမှာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်တဲ့ နိုင်ငံရေးဆိုင်ရာ ဖြေရှင်းချက်မျိုး ဖြစ်ဖို့ပဲလို့ ဂူတာရက်စ်က ပြောပါတယ်။

ယီမင်အမျိုးသမီးများ၊ ကလေးများနဲ့ ယောကျာ်းသားတွေရဲ့ အသက်ပေါင်း သန်းပေါင်းများစွာကို ပျက်စီးစေခဲ့သော ခုနစ်နှစ်ကျော်ကြာတဲ့ ဒီယီမင်စစ်ပွဲဟာ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်း တစ်ခုအဖြစ် ရောက်ရှိလာခဲ့ပါတယ်။ ယီမင်စစ်ပွဲဟာ နိုင်ငံတွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း ယိမ်းယိုင်ပြိုလဲစေခဲ့ပါတယ်။ ထို့အတူ ဒေသတွင်းလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကိုလည်း ခြိမ်းခြောက်လာခဲ့ပါတယ်လို့ ဂူတာရက်စ်က ဆက်လက်ပြောကြားထားပါတယ်။

### ပိုမိုတောက်ပတဲ့အနာဂတ်ကို စတင်

ဒီနေ့ဟာ ယီမင်ပြည်သူတွေရဲ့ ပိုမိုတောက်ပကောင်းမွန်တဲ့ အနာဂတ်ကို စတင်လိုက်တာပဲဖြစ်တယ်လို့ ဂူတာရက်စ်က ပြောပါတယ်။

ဒ့ါအပြင် ဒီလိုမျိုး အပစ်ရပ်စဲရေးသဘောတူညီချက်မျိုးဟာ ပျက်စီးလွယ်ကြောင်းလည်း ဂူတာရက်စ်က သတိပေးထားပါသေးတယ်။ ဒါကြောင့် ဒီသဘောတူညီချက်ဟာ တကယ့်လေးစားစရာကောင်းတဲ့ သဘောတူညီချက်ဖြစ်ဖို့နဲ့ ယီမင်မှာ တကယ့်နိုင်ငံရေးလုပ်ငန်းစဉ်ကို စတင်လိုက်နိုင်တယ်ဆိုပြီး အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်လက်လုပ်ဆောင်သွားဖို့လိုတယ်လို့ သူကပြောပါတယ်။

### ငြိမ်းချမ်းရေးရရှိအောင်လှုံ့ဆော်ပေးနိုင်မယ်လို့ မျှော်လင့်

ယီမင်ရဲ့ အပစ်ရပ်စဲရေးသဘောတူညီချက်ဟာ တခြားငြိမ်းချမ်းရေး သဘောတူညီချက်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနိုင်မယ်လို့ မျှော်လင့်ကြောင်းလည်း ဂူတာရက်စ်က ပြောပါတယ်။

မဖြစ်နိုင်ဘူးလို့ထင်မြင်နေရင်တောင် ညှိနှိုင်းဆွေးနွေးဖို့ စိတ်ဆန္ဒသာရှိမယ်ဆိုရင် ငြိမ်းချမ်းရေးဟာ ဖြစ်လာနိုင်ပါတယ်ဆိုတဲ့ အချက်ကို ဒီအပစ်ရပ်စဲရေးသဘောတူညီချက်က ဖော်ပြနေတယ်လို့ ဂူတာရက်စ်က ပြောပါတယ်။

ဒီသဘောတူညီချက်ဟာ ယူကရိန်းနဲ့ တခြားကမ္ဘာ့အစိတ်အပိုင်းတွေမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေအတွက် တစ်စုံတစ်ရာသော ငြိမ်းချမ်းရေးရရှိဖို့ လှုံ့ဆော်ပေးနိုင်မယ်လို့ မျှော်လင့်ယုံကြည်မိကြောင်း ဂူတာရက်စ်က ပြောပါတယ်။

**ကိုးကား - ဆင်ဟွာ**

- ❖ **ယီမင်အမျိုးသမီးများ၊ ကလေးများနဲ့ ယောကျာ်းသားတွေရဲ့ အသက်ပေါင်း သန်းပေါင်းများစွာကို ပျက်စီးစေခဲ့သော ခုနစ်နှစ်ကျော်ကြာတဲ့ ဒီယီမင်စစ်ပွဲဟာ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်း တစ်ခုအဖြစ် ရောက်ရှိလာခဲ့ပါတယ်။ ယီမင်စစ်ပွဲဟာ နိုင်ငံတွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း ယိမ်းယိုင်ပြိုလဲစေခဲ့ပါတယ်။ ထို့အတူ ဒေသတွင်းလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကိုလည်း ခြိမ်းခြောက်လာခဲ့ပါတယ်**
- ❖ **မဖြစ်နိုင်ဘူးလို့ ထင်မြင်နေရင်တောင် ညှိနှိုင်းဆွေးနွေးဖို့ စိတ်ဆန္ဒသာရှိမယ် ဆိုရင် ငြိမ်းချမ်းရေးဟာ ဖြစ်လာနိုင်ပါတယ်ဆိုတဲ့အချက်ကို ဒီအပစ်ရပ်စဲရေး သဘောတူညီချက်က ဖော်ပြနေတယ်လို့ ဂူတာရက်စ်က ပြောပါတယ်**

# မေ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၆ ဦး တွေ့ရှိ

## သေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၃၃ ဦးရှိ

(၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၉၃,၆၂၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၈၇၅) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၈၉,၉၉၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၃) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၄-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၇,၀၃၀,၉၆၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၀၉၆,၅၂၈) ဦး၊ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးသူ (၂၁,၉၃၄,၄၃၆) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၁၀၇,၃၇၀) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂-၄-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၅၀,၀၇၂,၇၇၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၇၅) ခု | (၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၀) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၀) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၈၀) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၉၈) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၁၁၉) ခု | (၂၅) ဦး |
| စုစုပေါင်း | (၁၁,၅၁၂) ခု | (၆၆) ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၂-၄-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၀၉၆,၅၂၈) ဦး |
| ကာကွယ်ဆေး အကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၉၃၄,၄၃၆) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၁၀၇,၃၇၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ အကြိမ်အပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၇,၀၃၀,၉၆၄) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၀,၀၇၂,၇၇၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃ -၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၈၂၆၃၇၁ | ၆၅၅၂၅၉၇၄ | ၁၀၀၈၁၅၉ |
| ၂။ | အိန္ဒိယ | ၄၃၀၂၈၁၃၁ | ၄၂၄၉၃၇၇၃ | ၅၂၃၇၄ |
| ၃။ | ဘရာဇီး | ၂၉၉၉၅၆၃၈ | ၂၈၇၅၈၆၇၆ | ၆၆၀၁၉၂ |
| ၄။ | ပြင်သစ် | ၂၅၈၉၅၅၈၆ | ၂၃၃၇၁၆၆၉ | ၁၄၂၄၇၅ |
| ၅။ | ဂျာမနီ | ၂၁၅၈၈၆၁၄ | ၁၆၉၇၂၇၀၀ | ၁၃၀၅၂၉ |
| ၆။ | ဗြိတိန် | ၂၁၂၁၆၈၇၄ | ၁၉၀၇၅၇၀၃ | ၁၆၅၅၇၀ |
| ၇။ | ရုရှား | ၁၇၈၉၆၈၆၆ | ၁၆၉၆၅၀၂၇ | ၃၆၉၇၀၈ |
| ၈။ | တူရကီ | ၁၄၈၈၅၇၁၀ | ၁၄၅၆၀၂၀၉ | ၉၈၁၁၉ |
| ၉။ | အီတလီ | ၁၄၇၉၀၈၀၆ | ၁၃၃၅၃၅၂၉ | ၁၅၉၆၆၆ |
| ၁၀။ | တောင်ကိုရီးယား | ၁၃၈၇၄၂၁၆ | စိစစ်ဆဲ | ၁၇၂၃၅ |

## ၃-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၇၁၆၂၈၂ | ၇၇၁၃၃၅၄ | ၄၂၅၆၃ |
| အင်ဒိုနီးရှား | ၆၀၁၉၉၈၁ | ၅၇၆၈၇၀၃ | ၁၅၅၂၈၈ |
| မလေးရှား | ၄၂၃၄၀၈၇ | ၃၉၉၇၇၈၆ | ၃၅၀၆၉ |
| ထိုင်း | ၃၇၁၁၅၉၅ | ၃၄၂၇၀၅၄ | ၂၅၄၁၈ |
| ဖိလစ်ပိုင် | ၃၆၇၉၆၂၉ | ၃၅၈၄၃၁၉ | ၅၉၃၄၃ |
| စင်ကာပူ | ၁၁၀၆၀၀၁ | ၁၀၃၁၃၂၀ | ၁၂၇၂ |
| မြန်မာ | ၆၁၁၈၇၅ | ၅၈၉၉၉၁ | ၁၉၄၃၃ |
| လာအို | ၁၈၃၅၆၀ | ၁၅၁၁၆၃ | ၆၇၉ |
| ဘရူနိုင်း | ၁၃၅၉၇၄ | ၁၃၁၉၈၄ | ၂၁၃ |
| ကမ္ဘောဒီးယား | ၁၃၅၇၄၇ | ၁၃၂၀၆၈ | ၃၀၅၄ |

# ရှမ်း(တောင်)မှသည် ရှမ်း(အရှေ့)ဆီသို့

မြင့်စိုး (နတလ)

**နေပြည်တော်- လွိုင်လင်- နမ့်စန်**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့လေးသို့ ကျွန်တော်သွားမည်။သို့သော် ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲမှာ ကျွန်တော်သွားခဲ့သလိုမျိုး ရန်ကုန်မှ ကျိုင်းတုံသို့ လေယာဉ်ဖြင့် ကျိုင်းတုံ-တုံတာ-မိုင်းပျဉ်း-မက်မန်းသို့ မော်တော်ယာဉ်ဖြင့် မဟုတ်တော့ပါ။ လေယာဉ်ခရီးစဉ်မပါတော့ဘဲ ကားဖြင့် မက်မန်းသို့ အရောက်သွားရန် စဉ်းစားလိုက်ပါသည်။ သို့ဖြစ်၍ ကားမောင်းပြီး လိုက်ပို့ပေးမည့် ကျွန်တော့်မိတ်ဆွေ ဦးအောင်မင်းထွန်းနှင့်အတူ မတ်လ ၂ ရက်နေ့ နံနက် ၇ နာရီတွင် နေပြည်တော်မှ စတင်ထွက်ခွာလာခဲ့ကြသည်။ သူ၏တပည့် အင်ဂျင်နီယာပေါက်စ အညာသားလေး တစ်ယောက်လည်း အတူပါလာ၏။

နေပြည်တော်-တပ်ကုန်း-ရမည်းသင်း-ပျော်ဘွယ်လမ်းခွဲ-ဘုရားငါးဆူ-ယင်းမာပင်- ကလောလမ်းက ကျွန်တော်မကြာမကြာသွားဖူးနေ၍ ဘာမှထူးထူးခြားခြား မခံစားရ။ ထို့အတူ ကလော-အောင်ပန်း-ဟဲဟိုး-ညောင်ရွှေလမ်းခွဲ-ရွှေညောင်- တောင်ကြီးလမ်းကလည်း ရိုးအီ၍ နေပါပြီ။ သို့သော် အတူလိုက်ပါလာသော အညာသားလေးက ရှမ်းပြည်နယ်ကို လုံးဝမရောက်ဖူးပါ။ သည့်အတွက် ဟဲဟိုး-တောင်လေးလုံးနှင့် ညောင်ရွှေလမ်းခွဲကြားက ဘဝသံသရာ တံတားအနီးမှာ ကားခဏရပ်ပြီး ဓာတ်ပုံရိုက်ပေးလိုက်သည်။ ကိုယ်တွေက မကြာခဏရောက်ဖူးနေ၍မထူးခြားသော်ငြားလည်း အညာသားအတွက်ကတော့ အမှတ်တရ ဖြစ်သွားပါလိမ့်မည်။ ဓာတ်ပုံရိုက်ရင်း ဆရာကြီးဦးသုခ၏ ဘဝသံသရာရုပ်ရှင်အကြောင်း၊ ဇာတ်ဝင်တေးအကြောင်း ရှင်းပြလိုက်သည်။ ရွှေညောင်မှာ နေ့လယ်စာစားကြ၏။

တောင်ကြီးမှဟိုပုံး၊ ထိုမှမိုင်းပွန်ကိုဖြတ်ပြီးလျှင် လွိုင်လင်မြို့သို့ ဝင်ပါပြီ။ လွိုင်လင်မှာ နတလခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိသည်။ ဝင်၍ နှုတ်ဆက်ရဦးမည်။ တောင်သူလယ်သမားနေ့ ရုံးပိတ်ရက်ကြီးဖြစ်သော်ငြားလည်း ရုံးမှာ တကူးတကစောင့်နေကြပြီး ကျွန်တော့်ကို နှုတ်ဆက်ကြသည်။ ဒုညွှန်မှူး ဦးဟန်ဝင်းအောင်၊ တပည့်မ နွံ့ယဉ်ဝင်း၊ ပြေခိုင် စသည့် တပည့်များ။ လွိုင်လင်ရုံးမှာ ခဏထိုင်စကားပြောကြရင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ကျောက်တန်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများဖြစ်သော ဆနင်း၊ နားတစ်ကျေးရွာ အုပ်စုများ၊ လွိုင်လင်-လဲချားကားလမ်းပေါ်က နောင်လိုင်ကျေးရွာအုပ်စုများကို ဆက်သွယ်ပေးမည့်လမ်းဖောက်လုပ်ရေးကိစ္စ စကားစပ်မိကြသည်။

လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ကွင်းဆင်းလေ့လာထားသည့် ပင်လုံ- ဖက်နမ်-ကျောက်တန်းလမ်းမကြီးနှင့် ဆနင်း- နားတစ်-နောင်လိုင်ကျေးရွာ အုပ်စုချင်းဆက် ၂၅/၀ မိုင် လမ်းဖောက်လုပ်ရေးစီမံချက်ကို ကျွန်တော် ကွက်ကွက်ကွင်းကွင်းမြင်ပါသည်။ အကြောင်းမှာ ကျောက်တန်းမှ ဖက်နမ်အထိ နတလလမ်းဖြစ်ပြီး ဖက်နမ်တံတားတည်ဆောက်ထားသည့် နေရာသို့ ကျွန်တော် သွားရောက်စစ်ဆေးကြည့်ရှုဖူးပါသည်။ ဖက်နမ်မှပင်လုံအထိ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်ထားသည်။ နောင်လိုင်ဆိုသည်ကလည်း ၁၉၈၁ ခုနှစ်၊ တပ်မ (၅၅) ကွန်မန်ဒိုတပ်ခွဲတွင် တာဝန်ထမ်းဆောင်စဉ် မကြာခဏ လမ်းလုံခြုံရေးယူပေးရသည့် နေရာ။ ဆနင်း ဆိုသည်ကလည်း ကျွန်တော်တို့ တပ်မ (၅၅)၊ တပ်ရင်းသုံးရင်းဖြင့် ၁၉၈၃ ခုနှစ်၌ SURA ဌာနချုပ်ကို တိုက်ခိုက် ရှင်းလင်းခဲ့သည့်နေရာ။

သို့ဖြစ်၍ ဖောက်လုပ်ပြီး ဟိုပုံး- ကျောက်တန်း-ဖက်နမ်- ပင်လုံလမ်းသို့ ဆက်သွယ်နိုင်မည့် ၂၅/၀ မိုင်အရှည်ရှိ ထီကဒူး- ဆနင်း-ပန်ဟူ-ဆမ်ဆန်-ခုန်ကောက်- ပါမင့်-နောင်လိုင်လမ်းကို ဖောက်လုပ်နိုင်ပါက ဆနင်း၊ နားတစ်နှင့် နောင်လိုင်ကျေးရွာအုပ်စု သုံးစုအတွင်းရှိ ကျေးရွာပေါင်း ၇၁ ရွာ၊ အိမ်ခြေ ၃၃၉၃ အိမ်၊ လူဦးရေ ၆၂၈၈၃ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးမှအစ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အငြိမ်းစားဝန်ထမ်းတစ်ယောက်ဖြစ်နေလင့်ကစား ဒေသဖွံ့ဖြိုးရေးအကြောင်း၊ တိုင်းရင်းသားများအကြောင်း စကားစလာလျှင် တမေ့တမြော ပြောနေမိသည်မှာ လက်ရှိ ပစ္စက္ခ အခြေအနေများကိုပင် မေ့သွားသည်အထိ ဖြစ်ခဲ့သည်။ ဆင်ခြင်ဦးမှ ဖြစ်မည်။

နမ့်စန်မှာ ညအိပ်ရပ်နားသောအခါ ၁၉၉၆ ခုနှစ်၊ ဦးခွန်ဆာ ခေါင်းဆောင်သော MTA လွယ်မော်အဖွဲ့ အကြွင်းမဲ့လက်နက်စွန့်ချိန် ဟိုမိန်းမြို့လေး၌ ခင်မင်ရင်းနှီးခဲ့သည့် ဦးမဟာကြာထံသို့ သွား၍နှုတ်ဆက်ဖြစ်ခဲ့သည်။ ဟိုမိန်းမြို့က မိတ်ဆွေတွေအကြောင်း မေးဖြစ်ခဲ့၏။ ဦးနော်မိန်းခွမ်းက ကျန်းကျန်းမာမာ ရှိနေသည်။ ဦးရွက်ခေးကတော့ ဆုံးသွားရှာပြီ။



ခိုလမ်မြို့ရှိ ကောင်းမှုလုံစေတီတော်။

နောင်လုံကန်ရေအားလျှပ်စစ်ဖြင့် ဟိုမိန်းမြို့လေး မီးလင်းတော့မည်ဖြစ်ကြောင်း ကြား၍ ဝမ်းသာသည်။ နမ့်စန်မြို့လေးက ဟိုမိန်းသို့ သွားသည့်အခါတိုင်း ဖြတ်သွားရသဖြင့် ကျွန်တော်နှင့်မစိမ်း။ ဆလိမ်နသတ်နှင့်ဆန်သော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက နမ့်ဆန်၊ စလုံးနသတ်နှင့်စန်သော ရှမ်းပြည်နယ် တောင်ပိုင်းဒေသက နမ့်စန်၊ ဤသို့ဤပုံခွဲခြားမှတ်သားခဲ့ရသည်။

**နမ့်စန်- ခိုလမ်- ကွန်ဟိန်း-**
**ကာလိ- တာကော်- မိုင်းပျဉ်း**

သည်လမ်းပိုင်းမှာတော့ ကားပေါ်တွင် ပါလာသည့် အညာသားလေးကဲ့သို့ ကျွန်တော်လည်း တောသားမြို့ရောက်ပုံစံဖြင့် မြင်မြင်လေရာ ပြူးတူးပြဲတဲလိုက်ကြည့်ရပါတော့သည်။ အကြောင်းမှာ လွန်ခဲ့သည့် ၃၄ နှစ်တာကာလ၊ ၁၉၈၈ ခုနှစ်က ယာဉ်တန်းဖြင့် ကျောက်ဆည်မှ ကျိုင်းတုံသို့ နောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ နတလသို့ ကူးပြောင်းတာဝန်ထမ်းဆောင်သည့် ၁၉၉၅ ခုနှစ် နောက်ပိုင်းကာလများမှာ ကျိုင်းတုံဆိုလည်း လေယာဉ်၊ တာချီလိတ်ဆိုလည်း လေယာဉ်ဖြင့်သာ သွားခဲ့ရ၏။ သည့်အတွက် သည်ခရီးစဉ်မှာ ခိုလမ်ဆိုလည်း ပြူးတူးပြဲတဲ၊ ကွန်ဟိန်းဆိုလည်းပြူးတူးပြဲတဲ၊ ကာလိနှင့် တာကော်တံတားမှာလည်း ဟိုကြည့်သည်ကြည့်၊ သည်လိုနှင့် မိုင်းပျဉ်းသို့သာဝင်လာသည်။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော်က မှတ်မိတာဆို၍ တစ်ခုတလေမျှပင်မရှိတော့၊ လမ်းတွေကတော့ အလွန်ကောင်းသည်။ ခိုလမ်အဝင်၊ အထွက်မှာပဲ အနည်းငယ်ကျဉ်းသယောင်ရှိပြီး ကျန်မြို့ရွာများမှာ တစ်ခါတလေလေးလမ်းသွားနီးပါးလောက်အကျယ်ချဲ့ထားကြောင်း တွေ့ရ၏။

ခိုလမ်မြို့အဝင်မှာ ညဏ်တော်အမြင့် ၅၇ ပေရှိ ကောင်းမှုလုံစေတီ ပုံစံတူတစ်ဆူကို ဝင်ရောက်ဖူးမြော်ခဲ့သည်။ ခိုလမ်မြို့ ကားလမ်းဝဲယာတွင် ပေါက်ပင်များ ရဲရဲနီအောင်ပွင့်နေကြ၍ ခိုလမ်ကို ပေါက်မြို့တော်ဟု စိတ်ထဲမှာ တင်စားခေါ်ဝေါ်မိသည်။ ကွန်ဟိန်းမှာ နတလမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိနေသောကြောင့် တပည့်များကို ဝင်ရောက်နှုတ်ဆက်ဖြစ်သေး၏။ ကာလိမြို့အထွက်တွင် အတန်ငယ်မြင့်သော တောင်ကုန်းကြီးများကို မြင်ရသည်မှာ တစ်မျိုးတစ်ဘာသာဆန်းနေ၏။ ကျောက်တောင်များပဲ ဖြစ်ပါလိမ့်မည်။ ခရီးအကွာအဝေးများကတော့ လွိုင်လင်မှစ၍ ပြောရလျှင် လွိုင်လင်-နမ့်စန် ၁၆/၀ မိုင်၊ နမ့်စန်- ခိုလမ် ၃၃/၀ မိုင်၊ ခိုလမ်- ကွန်ဟိန်း ၃၄/၀ မိုင်၊ ကွန်ဟိန်း- ကာလိ ၈/၀ မိုင်၊ ကာလိ-တာကော်၁၉/၀ မိုင်၊ တာကော်- မိုင်းပျဉ်း ၄၇/၂ မိုင် ဖြစ်သောကြောင့် လွိုင်လင်မှ မိုင်းပျဉ်းထိ စုစုပေါင်း ၁၅၇/၂ မိုင် ဖြစ်ပါသည်။

**တာကော်တံတားမှာ ခေတ္တနားခဲ့**

ကာလိမြို့လေးမှနေ၍ မိုင်းစံမြို့သို့ သွားနိုင်ကြောင်းလည်း လမ်းညွှန်ဆိုင်းဘုတ်ဖြင့် ပြထားကြောင်းတွေ့ခဲ့ရသည်။ ၅၄ ဒသမ ၇၁ ကီလိုမီတာဝေးသည် ဆိုထားသောကြောင့် ခန့်မှန်းမိုင်အားဖြင့် ၃၄ မိုင်ခန့် ရှိပါလိမ့်မည်။ မိုင်းစံသို့ ကျွန်တော်မရောက်ဖူးပါ။ တာကော်တံတားထိပ်သို့ မတ်လ ၃ ရက်နေ့ နံနက် ၁၁ နာရီအချိန် ရောက်ပါသည်။ ဩော် … သံလွင်တံတား (တာကော်)၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ဖြတ်ကူးခဲ့ဖူးသော တာကော်၊ ခုချိန်ထိလည်း နိုင်သမျှဝန်ကို ထမ်းနေတုန်းပင်။ ကုန်တင်ယာဉ်ကြီးများ၊ ဘီးတွဲယာဉ်ကြီးများကိုမူ ကုန်အပြည့်နှင့် ဖြတ်သန်းခွင့်မပြုတော့ပါ။ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်တွင်ရပ်ပြီး ကုန်ပစ္စည်းများကို ယာဉ်ငယ်များဖြင့် ကဲ့ယူနေကြသည်ကို တွေ့ခဲ့ရ၏။ ဤအခြေအနေကြောင့်ပဲဖြစ်ပါလိမ့်မည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တံတားဟောင်းနှင့်ကပ်လျက် မနီးမဝေးနေရာမှာ သံလွင်မြစ်ကူးတံတားသစ်ကြီးတစ်စင်း တည်ဆောက်နေပြီဖြစ်သည်။

တာကော်တံတားမှာ အမှတ်တရဓာတ်ပုံ ရိုက်ခဲ့၏။ တာကော်တံတားကြီးအား ၁၉၆၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တံတားကြီးမရှိသေးမီ သံလွင်အရှေ့ဘက်ကမ်းသို့ ပွန်တွန်းစက်လှေ သုံးစင်းပူးတွဲထားသည့်အပေါ်မှာ ကားများကိုတင်ပြီး ကူးရသောကြောင့် တပ်ရင်းတစ်ရင်းလုံး အရှေ့ဘက်ကမ်းသို့ရောက်ရန် သုံးရက်ခန့်ကြာကြောင်း လူကြီးတစ်ယောက်က ပြောပြပါသည်။ တာကော်နှင့် မိုင်းပျဉ်းမြို့အကြား ခရီးကမူ တောင်တက်တောင်ဆင်းများသည်။ သံလွင်မြစ်မှ အပေါ်ကိုပြန်တက်ရသည့် သဘောပင်။ ကုန်တင်ယာဉ် ကြီးများကတော့ တဝေါဝေါ တဖြေးဖြေးနှင့် သွားလာနေကြသည်။ မိုင်းပျဉ်းမြို့မှာ ညအိပ်ရပ်နားခဲ့သည်။

စာမျက်နှာ ၁၇ သို့

“ သံလွင်တံတား (တာကော်)၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ဖြတ်ကူးခဲ့ဖူးသော တာကော်၊ ခုချိန်ထိလည်း နိုင်သမျှဝန်ကို ထမ်းနေတုန်းပင်။ ကုန်တင်ယာဉ်ကြီးများ၊ ဘီးတွဲယာဉ်ကြီးများကိုမူ ကုန်အပြည့်နှင့် ဖြတ်သန်းခွင့်မပြုတော့ပါ။ ဟိုဘက်ထိပ်၊ သည်ဘက်ထိပ်တွင်ရပ်ပြီး ကုန်ပစ္စည်းများကို ယာဉ်ငယ်များဖြင့် ကဲ့ယူနေကြသည်ကို တွေ့ခဲ့ရ၏။ ဤအခြေအနေကြောင့်ပဲဖြစ်ပါလိမ့်မည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တံတားဟောင်းနှင့်ကပ်လျက် မနီးမဝေးနေရာမှာ သံလွင်မြစ်ကူး တံတားသစ်ကြီးတစ်စင်း တည်ဆောက်နေပြီဖြစ်သည် ”



ကွန်ကရစ်ခင်းထားသည့် ဝမ်တာခက်-မက်မန်းလမ်း။



ကာလိမြို့အထွက်မြင်ကွင်း။

*စာမျက်နှာ ၁၆ မှ*

**မိုင်းပျဉ်းမှ မက်မန်းသို့**

သည်ခရီးစဉ်ကတော့ ကျွန်တော်နှင့်သိပ်မစိမ်းသေး။ မစိမ်းဆို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှာ တစ်ကြိမ် ရောက်ဖူးထားသည်လေ။ အကွာအဝေး မိုင်အားဖြင့် ၆၈/၀ မိုင် ဝေးပါသည်။ လမ်းတွင်တွေ့ရသော ဝမ်တာခက်တံတားလေးက မိုင်းပျဉ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ နယ်ခြားစည်းပဲဖြစ်၏။ မက်မန်းမြို့နယ်ထဲမှာ ပါဝင်သည့် ဝမ်တာခက်- မက်မန်းလမ်းပိုင်းက ၄၆/၇ မိုင်ဖြစ်သည်။ လမ်းအခြေအနေက ပထမတစ်ခေါက်လာစဉ်ကထက် ပိုကောင်းနေသည်ကို တွေ့ရ၏။ ကတ္တရာ ၁/၂ မိုင်၊ ကျောက်ချောလမ်း ၈/၁ မိုင်၊ ကွန်ကရစ်လမ်း ၂၁/၂ မိုင်၊ အမာခံလမ်း ၁၇/၀ မိုင်ဖြစ်သောကြောင့် မိုးတွင်းအပါအဝင် ရာသီမရွေးသွားနိုင်သောလမ်းဖြစ်နေပြီ။

လမ်းတာဝန်ခံဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန AE ဦးမိုင်းနိုင်နေလင်းနှင့် သူ့ဝန်ထမ်းများ၏ မက်မန်းဒေသအပေါ်ထားရှိသော စေတနာကို မိုင်းပျဉ်း- ဝမ်တာခက်- မက်မန်းကားလမ်းပေါ်မှာ ကျွန်တော် ရှာဖွေတွေ့ရှိလိုက်ရသည်။ ဦးမိုင်းနိုင်နေလင်းသည် မိမိတို့နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)၊အမှတ်စဉ်(၅) ကျောင်းဆင်းဖြစ်နေသောကြောင့် ဂုဏ်ယူဝမ်းသာဖြစ်ခဲ့ရသည်။ လက်ရှိမက်မန်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်နေသော ဦးထွန်းလင်းအောင်ဆိုလျှင်လည်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းမှ အမှတ်စဉ်(၁) ကျောင်းဆင်းဖြစ်သည်။

ထို့ပြင် ပရဟိတ (ကျားကျောင်း)မှ ၁၀ တန်းအောင်သူဖြစ်နေသောကြောင့် လေးမျက်နှာပရဟိတကျောင်းထွက် ကျွန်တော်နှင့်က ရေစက်လာ၍ဆုံပြန်ပါသည်။ ကျွန်တော်တို့ လေးမျက်နှာပရဟိတဆရာတော်ကြီး ဦးပညာလောကသည် ကျားကျောင်းပရဟိတ ဆရာတော်ကြီးနှင့် အလွန်ရင်းနှီးပါသည်။ သည့်ထက်ပို၍ ရေစက်ဆုံသည်ကတော့ “ဝ” တိုင်းရင်းသားဖြစ်သည့် သူ့ဖခင်သည် တန့်ယန်း ခလရ ( ၃၃) ရဲညွှန့်တပ်ခွဲတွင် နေထိုင် ပညာသင်ယူဖူးသူဖြစ်နေခြင်းပင်။

ဒီဂရီကောလိပ်ကျောင်းဆင်း ညီအစ်ကိုများ မက်မန်းမြို့လေးမှာ လာဆုံကြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲညီညီဆောင်ရွက်နေသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ခဲ့ရ၏။ ဝမ်တာခက်တံတားမှ မက်မန်းအကြားမှာ တောင်အတက်အဆင်း သုံးနေရာရှိသည်။ ဆွတ်ဝိုးအတက်၊ နမ့်တော်အတက်၊ မငေါက်အတက် ဆိုသည့် သုံးနေရာဖြစ်သည်။ မည်ရွေ့မည်မျှပင်မြင့်မားသည် ဆိုစေကာမူ အတက်အဆင်းပြေပြစ်စေရန် ကွန်ကရစ်ခင်းပေးထားသောကြောင့် အဆင်ပြေပြေ မောင်းနှင်နိုင်ပါသည်။

**ဆွတ်ဝိုးဆေးရုံသို့ ဝင်ရောက်နှုတ်ဆက်**

ဆွတ်ဝိုးဆေးရုံသည် မက်မန်းဆေးရုံနှင့်အတူ ၁၉၈၉ ခုနှစ်၊ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးကတည်းက နတလမှ ဖွင့်ပေးထားသော ဆေးရုံဖြစ်သည်။ ယခင်တစ်ခေါက်ကလည်း ဝင်ရောက်နှုတ်ဆက်ရင်း သူနာပြုဆရာမလေး နှစ်ဦးအား စာအုပ်လက်ဆောင်များပေးခဲ့သည်။ ထိုစဉ်က ပြည်နယ်ခွဲဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ကျိုင်းတုံ) မှ ဦးအေးကိုက စားသောက်ဖွယ်ရာများ လက်ဆောင်ပေးသည်။ ယခုတစ်ကြိမ်မှာ သူတို့မရှိတော့၊ မြမြင့်မိုရ်စိုးဟုခေါ်သည့် သူနာပြုဆရာမလေးကို တွေ့ခဲ့ရသည်။ သူ့ဖခင်က ကျွန်တော်နှင့်နာမည်လာတူနေသေးသည်၊ ဦးမြင့်စိုးဟူ၍။

ဆွတ်ဝိုးမှတက်လာပြီး အောင်သံလွင်ကျေးရွာသို့အရောက် ကောင်းကေး-ရောင်အူကြီး လမ်းခွဲကို မြင်ရ၍ လှမ်းမျှော်ကြည့်လိုက်သေးသည်။ နမ့်ဟာနူးရွာမရောက်မီလေးမှာ ဝိန်းနောင်လမ်းခွဲကိုတွေ့ရသည်။ ဝိန်းနောင်လမ်းသည် သံလွင်ကူးတို့ဆိပ်ထိပေါက်နေပြီဖြစ်၍ ဒေသခံများ ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလာနေကြပြီဖြစ်၏။ မိုင်းပျဉ်းမှာ နံနက်စာစားပြီး ထွက်လာသော ကျွန်တော်တို့အဖွဲ့ မက်မန်းမြို့မှ ကြိုဆိုပါ၏ ဆိုင်းဘုတ်လေးနားကို နံနက် ၁၁ နာရီ ၄၅ မိနစ်မှာ ရောက်လာပါတော့သည်။

မိုင်းပျဉ်းမှ မက်မန်းခရီးကိုမူ မက်မန်းမြို့က မိတ်ဆွေဦးမိုးခိုင်၏ကားနှင့် ထွက်ခွာလာခြင်းဖြစ်၏။ ဦးမိုးခိုင်ဟု နာမည်ရင်းရှိသော်လည်း မည်သူကမျှ မခေါ်ဝေါ်ပါ။ ကိုဗလဟူ၍ပဲခေါ်နေကြသည်။ လူကသေးသေးညှက်ညှက်လေးမို့ ငယ်စဉ်ကတည်းက ခေါ်တွင်လာကြသည့် Nick Name ဖြစ်ပါလိမ့်မည်။ သူကိုယ်တိုင် ကားမောင်းရင်းကျွန်တော်သိလိုသမျှ မေးသမျှကိုလည်း စိတ်ရှည်လက်ရှည်ဖြေကြားပေးသေး၏။ မက်မန်းတစ်ခွင်မှာ သစ်ပင်သစ်တောတွေထူထူထပ်ထပ်ရှိစဉ်က နွေရာသီဆိုတာမရှိတော့ဘဲ မိုးနှင့် ဆောင်းရာသီနှစ်မျိုးသာ ရှိခဲ့ဖူးကြောင်း ပြောတာကိုတော့ဖြင့် ကျွန်တော်နားထဲမှာရောရင်ထဲမှာပါ စွဲသွားပါတော့သည်။

**ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ**

ကိုဗလ၏အိမ်မှာ အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များက လာရောက်စောင့်ကြိုနေသည်။ သူတို့နှင့်အတူ နေ့လယ်စာစားသည်။ ပြီးလျှင် မက်မန်းအထကကျောင်းသို့သွားကြမည်။ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံရန် မွန်းလွဲ ၁ နာရီမှာ စီစဉ်ထားကြောင်းသိရ၏။

ယခုတစ်ခေါက် ကျွန်တော် မက်မန်းသို့ သွားရောက်ရခြင်း အဓိကရည်ရွယ်ချက်မှာလည်း မက်မန်း အထကကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးမည်၊ ဒုတိယအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှာ ဖွင့်ထားသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) နှင့် (စစ်ကိုင်း) ကျောင်းများအကြောင်း ရှင်းလင်းဟောပြောမည်၊ ကျောင်းအတွက် ထိုတက္ကသိုလ်၊ ဒီဂရီကောလိပ်များက ထုတ်ဝေသည့် နှစ်လည်မဂ္ဂဇင်းစာအုပ်များ လှူမည်၊ မက်မန်း ပြန်/ ဆက်ရုံးကိုလှူရန် သုတ၊ ရသစာအုပ်များကိုလည်း သယ်ယူလာခဲ့သေး၏။

ကျွန်တော်တို့အဖွဲ့ကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းထွေးခင်၊ မက်မန်းအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိအောင်နှင့် ဆရာဆရာမများက ကြိုဆိုပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းမှ ၄၆ ဦး၊ ပြင်ပဖြေ ၁၇ ဦးစုစုပေါင်း ၆၃ ဦး တက်ရောက်နားထောင်ကြသည်။ စာမေးပွဲဖြေဆိုမည့်အထဲတွင် ကိုရင်များပါ ပါဝင်နေသဖြင့် ပြောမှားဆိုမှား ငရဲမကြီးအောင် သတိထား၍ ပြောရဟောရသေး၏။ အပင်ပန်းခံ၍ လာရကျိုး၊ ပြောရကျိုးနပ်ပါသည်။ အားလုံးက စိတ်ဝင်တစား နားထောင်မှတ်သားကြကြောင်း တွေ့ရသည်။

**အဘယကုန်းတော်သို့ ရောက်ရှိ**

မြို့နယ်အုပ်ချုပ်ရေးမှူး ကိုထွန်းလင်းအောင်က အောင်တော်မူ လာဘမုနိရုပ်ပွားတော်မြတ်ကြီး တည်ထားမည့် မက်မန်းမြို့ အရှေ့တောင်ဘက်ရှိ အဘယကုန်းတော်သို့ လိုက်လံပြသပေးသည်။ မက်မန်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ပညာဒီပဘုန်းတော်ကြီးစာသင်တိုက်မှ ပဓာနနာယကဆရာတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တစန္ဒာသီရိထံမှ ဩဝါဒခံယူ၍ ညဏ်တော် ၄၅ ပေရှိ ရုပ်ပွားတော်ကြီးကို တည်ထားမည် ဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၏ မက်မန်းဒေသ ခရီးစဉ်၌ ပညာဒီပကျောင်းမှ ရဟန်း၊ ကိုရင်၊ ကျောင်းသားများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမယ်ကို လစဉ် ထောက်ပံ့လှူဒါန်းပေးထားကြောင်း သိရသည်။

ကိုထွန်းလင်းအောင်တို့ ထွေအုပ်အဖွဲ့က ဦးဆောင်၍ ၂၀၂၁ ခုနှစ်တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၃၆ ကျောင်းမှ သံဃာတော် ၅၁၅ ပါးအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ခဲ့၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရပါသည်။ မတ်လ ၄ ရက်နေ့ ညနေပိုင်းမှာ မင်းရန်အောင်စေတီကိုသွားရောက်ဖူးမြော်ပြီး မက်မန်းပြည်သူ့ဆေးရုံသို့ရောက်ခဲ့သည်။ ထို့နောက် ရပ်ကွက် (၁) နှင့် (၂)မှ လူနေအိမ်ခြေများကို လိုက်လံကြည့်ရှုခဲ့သည်။ မက်မန်းကား ရှေးယခင်က မက်မန်းမဟုတ်တော့ပြီတည်း။

**ပြောင်းလဲတိုးတက်လာသော မက်မန်း**

အမျိုးသမီးသူကြီး ဒေါ်နန်းဖောင် ဩဇာညောင်းခဲ့သော မော်ဖဒေသနှင့် မက်မန်းကျေးရွာ၊ အိမ်ခြေ ၄၊ ၅၊ ၁၀ အိမ်မှ အစပြု၍ မြို့ဖြစ်လာခဲ့သော မက်မန်းကျေးရွာ၊ ၁၉၉၁ ခုနှစ်မှာ မြို့သစ်တည်ခဲ့သည့် မက်မန်းကျေးရွာ။ ယခုဆိုလျှင် အိမ်ခြေ ၇၇ အိမ်၊ လူဦးရေ ၅၀၀ ကျော်၊ ကိုယ်ပိုင်အိမ်စီးကား ၂၀ ကျော်၊ စတိုးဆိုင် ၁၀ ဆိုင်၊ ကုန်မာဆိုင် ၁၈ ဆိုင်၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်နှင့် သာသာယာယာ တွေ့ခဲ့ရသည်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့် ဝန်ထမ်းမြို့လေးဖြစ်နေ၍ ရုံးကားများလည်း တိုးလာသည်။ ရှေးယခင်ကာလတုန်းက မိုင်းပျဉ်းသို့ တစ်ပတ်၊ ၁၀ ရက်လမ်းလျှောက်ရသည့် ဒုက္ခတွေမရှိတော့ပါ။ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ လယ်ထွန်စက်နှင့် ရိက္ခာများ၊ စားစရာများ သယ်ယူနေရသောမက်မန်း မဟုတ်တော့ပါ။

နတလက မြို့ပတ်လမ်း ဖောက်ပေးထားသည့်နေရာမှာ ခရိုင်ရုံးတွေ၊ မြို့နယ်ရုံးတွေအသစ်ဆောက်နေပြီ။ ဝန်ထမ်းနေအိမ်တွေပါ စုပေါင်းကာ ရပ်ကွက် (၃) ဖြစ်လာမည့်သဘောပင်။ ဖြစ်နိုင်မည့်မြေနေရာမှာ ဘောလုံးကွင်းတစ်ကွင်းဖောက်ထားသည်ကို တွေ့ရ၍ အံ့ဩရသည်။ နောင်သောအခါ အဘယဘုရားကုန်းအခြေမှာ အိမ်တွေတိုးလာရန်ရှိကြောင်း၊ဘာသာသာသနာ ထွန်းကားပြန့်ပွားအောင် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကိုထွန်းလင်းအောင်က ရှင်းပြသည်။

မော်ဖဆိုသည်မှာ ရှမ်းဘာသာအားဖြင့် **ခားကောင်းလုပ်ရန်ပန်းပဲဖိုများရှိသည့်အရပ်ဒေသ** ဟု အဓိပ္ပာယ်ကောက်ယူနိုင်သလို လွှေလဘာသာစကားအရမူ မော်ဖသည် မော်ဖရာမှဆင်းသက်လာကြောင်း၊ **ဘာသာသာသနာ စတင်ထွန်းကားလာမည့် အရပ်ဒေသအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း** လေ့လာသိရှိရပါသည်။

**လွမ်းမောစွာ နှုတ်ဆက်ခဲ့သည်**

မတ်လ ၅ ရက် နံနက်ပိုင်းမှာ မက်မန်းမြို့လေးမှ ပြန်လည်ထွက်ခွာခဲ့ပါသည်။ အောင်သံလွင်ကျေးရွာသို့ရောက်သည်အထိ မက်မန်းမြို့လေးရှိရာသို့ သမင်လည်ပြန်ငေးကြည့်ရဆဲ၊ မြင်နေရဆဲ။ တဖြည်းဖြည်းဝေး၍ကျန်ခဲ့သည်။နောက်တစ်ကြိမ်ရောက်ဖို့ဆိုတာကတော့ မသေချာတော့ပြီ။ နှုတ်ဆက်ခဲ့ပါတယ် ချစ်သောမက်မန်းရေ...။ကလေးတွေလည်းစာမေးပွဲအောင်မြင်ကြပါစေ။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



**နေပြည်တော် ဧပြီ ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခွယ်ကဘောင် ပညာဥယျာဉ်ကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိမင်္ဂလာရာမဘုန်းကြီးကျောင်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မဟာဝိဇယ ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ မဟာဓမ္မိကာရာမ သိမ်တောင် ပရိယတ္တိစာသင်တိုက်နှင့် လွိုင်လင်မြို့နယ်ရှိသာသနာ့ဝိပုလခေတ်တော်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သဲဖြူကုန်းတောရကျောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ ရွှေဦးမင်ကျောင်းတိုက်၊ စဉ့်ကိုင်မြို့နယ် အင်းကုန်းကျေးရွာ သာသနမာမကကျောင်းသစ်ကျောင်းတိုက်နှင့် မကွေးတိုင်းဒေသကြီး လက်ပံတံတားကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဧပြီ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၆၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၀၇၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၅၆၄၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၂၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းဘူး၌ မြို့ရေပေး သီးခြားရေတင်လိုင်း ပြီးစီးနေပြီဖြစ်၍ ပုံမှန်အတိုင်း တစ်မြို့လုံး ရေပေးဝေနိုင်မည်

**မင်းဘူး ဧပြီ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြစ်ရေတင် ၂၄ နာရီလိုင်း/မြို့ရေပေး သီးခြားရေတင်လိုင်း ပြီးစီးနေပြီဖြစ်၍ ပုံမှန်အတိုင်း တစ်မြို့လုံး ရေပေးဝေနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးရဲမြင့်ထွန်းထံမှ သိရသည်။

မြို့ရေပေး (ကျောက်တန်း) သီးခြားရေတင်လိုင်းကို မတ် ၂ ရက်မှ ဧပြီ ၂ ရက်အထိ ၁၁ ကေဗွီ ကာဗာကြိုးများ၊ ၃၅၀ ကေဗွီ ထရန်စဖော်မာများတပ်ဆင်၍ အရှည် ၃ ဒသမ ၄ မိုင်ရှိကာ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ရန်ပုံငွေ ၁၇၉ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

မင်းဘူးမြို့၌ ယခင်နှစ်များက နွေရာသီကာလများတွင် ရေရှားပါးမှုပြဿနာနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုသို့ရေရှားပါးမှုကို ဆောင်ရွက်နိုင်မည့်နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ရန် မြို့နယ်စီမံအဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မြို့ရေပေး သီးခြားရေတင်လိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဌာနမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

❖ *ကျောဖုံးမှ*

နန်းချို ကြိုးပြင်ကာကွယ်တော အပိုင်း(၂)သည် နန်းချို ရေအားလျှပ်စစ်စီမံကိန်း၏ ရေဝေရေလဲဒေသနှင့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရေဝေရေလဲဒေသများအား ထိန်းသိမ်းရန်အတွက် လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေးတို့အတွက် လည်းကောင်း ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

နန်းချိုကြိုးပြင်ကာကွယ်တော အပိုင်း(၂)အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့် အဖိုးတန်သစ်မျိုးများအပြင် သစ်အယ်၊ သစ်ယား၊ စကားဝါ၊ တောင်တမာ၊ တောင်ပိန္နဲ၊ တောင်မကျီး၊ တောင်သရက်၊ သင်္ဂျု၊ သင်းဝင်၊ လယ်ဇ၊ နှော၊ ဒီဒူး၊ နဘဲ၊ လက်ပံ စသည့် သစ်မျိုးများပေါက်ရောက်ခြင်း၊ တောဝက်၊ ချေ၊ ဆတ်၊ မျောက်၊ တောဆိတ်၊ ယုန်၊ ရှဉ့်၊ ရစ်၊ ဘုတ်၊ ခါ၊ ငုံး၊ လင်းယုန်၊ ဇီးကွက်၊ သင်းခွေချပ်၊ စပါးကြီးမြွေ၊ စပါးအုံးမြွေ၊ မြွေဟောက်၊ ငန်းပုတ် စသည့် တိရစ္ဆာန်များ၏ ကျက်စားရာဒေသဖြစ်ခြင်း၊ ပေါင်းလောင်းဆည်၏ ရေဝေရေလဲဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများ စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၅-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
- **၀၉:၃၀** ဒါသကြိန်အဆိုအကများ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** အလှူ့ထမင်း၊ အလှူ့ဟင်း
- **၁၃:၃၀** MRTV National News
- **၁၅:၃၀** ဒါသကြိန်အဆိုအကများ
- **၁၆:၁၅** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မတ်လ)(စတုတ္ထပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** ဒါသကြိန်အဆိုအကများ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်အိုက်' (အပိုင်း-၁၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** 'ငြိမ်းချမ်းဂီတ အတာသကြံနဲ့နွဲပျော်ကြ' (အပိုင်း-၂)
- **၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်' (အပိုင်း-၅)

**mitv**

- **07:01** Zambudipar (Shwe Yee Win)
- **07:09** Journey To The Mogok (Part-1)
- **07:31** Awesome Myanma Sculptures
- **07:45** Myanmar Masterclass: Artist Phyu Soe Myint Kyaw
- **08:01** The Mandolinist
- **08:28** Making a Living as Horticulturist
- **08:42** Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- **08:54** Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong-Alchemists Dance
- **09:01** News
- **09:27** Global Partnership for Brighter Future: Georgia Pavilion at Expo 2020 Dubai
- **09:36** Mon Traditional Dishes
- **09:46** Mekong-Lancang Cooperation; Puppet Festival of Lancang-Mekong-U Shwe Yoe & Daw Moe Dance
- **09:50** Thingyan Songs & Dances

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဖိုင်းဖြူရွာက ရေလုပ်သားကြီးဘ၀

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သာယာလှပ ဝင်းရော်ဒေသ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ ရိုးရာအလှ (အပိုင်း-၁)

**ချင်း (ဖျိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အနာဂတ်ကြယ်ကလေးရဲ့ကျောင်းပိတ်ချိန်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်စာပေသင်ကြရအောင် (အပိုင်း-၁)

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
အိပ်မက်ကကြိုး တခုနှ်သူ (ကျော်သိုက်)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
နောင်အင်းလေးရဲ့ မိုင်းသောက်တံတားလေးဆီသို့

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ရေအားလျှပ်စစ် အပန်းဖြေစခန်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခေါင်လန်ပူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားရိုးရာဒေါင်

**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မြူးကြွတေးသံ NRC သကြိန် (အပိုင်း-၁)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မတ်လ)(အပိုင်း-၄)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလဲ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** နွေနှမ်းစိုက်ပျိုး ဝင်ငွေတိုး
- **၀၇:၀၀** ရောဝတီတိုင်းဒေသကြီးမှဆန်စက်များ
- **၀၇:၅၀** မောရှမ်းနယ်မှာစတော်ဘယ်ရီလွှမ်းစေဖို့
- **၀၈:၁၅** အပင်ပေါက်နှုန်းကောင်းစေဖို့ မျိုးသန့်ဝါစေ့ကိုသာစိုက်ကြစို့
- **၀၉:၁၅** သုံးသီးစားတဲ့တို့ယာမြေ
- **၀၉:၄၀** သရက်ပင်ငယ်ပုံသွင်းခြင်းနှင့် အသီးဆွတ်ခူးပြီးနောက်ကိုင်းဖြတ်ပြုပြင်ခြင်း

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်း ရွှေနှင့်ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်း ပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ၏** တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၅-၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၄၇၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၃၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၂၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅/၂၁၈၀ ကျပ် | ၂၁၉၅/၂၂၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၅၅/၂၁၉၅ ကျပ် | ၂၂၂၀/၂၂၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၀/၂၀၀၅ ကျပ် | ၂၀၄၅/၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅/၂၀၈၅ ကျပ် | ၂၁၇၀/၂၂၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၇၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၀၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၇ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၉၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၁၀၀ | ၈၁၀၀၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၂၇၀၀၀၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၂ | ၁၆၉၄၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၃၅၅ | ၉၂၃၀၀၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၄၀ | ၁၉၆၂၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ




ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ Comparative နဲ့ Superlative Adjectives တွေရဲ့ ဖွဲ့စည်းပုံတွေကို လွယ်ကူရိုးရှင်းစွာ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk on the phone–1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

Comparative နှင့် Superlative Adjectives များ၏ ဖွဲ့စည်းပုံကို ဆက်လက်ဖော်ပြလိုက်သည်။




| Positive (D1) (အခြေခံအဆင့်/ သာမန်အဆင့်) | Comparative (D2) (သာလွန်အဆင့်) | Superlative (D3) (အသာလွန်ဆုံးအဆင့်) |
|---|---|---|
| as dark as | darker than | the darkest of |
| as dear as | dearer than | the dearest of |
| as deep as | deeper than | the deepest of |
| as dirty as | dirtier than | the dirtiest of |
| as dry as | drier than | the driest of |
| as easy as | easier than | the easiest of |
| as fair as | fairer than | the fairest of |
| as fast as | faster than | the fastest of |
| as fat as | fatter than | the fattest of |
| as fine as | finer than | the finest of |
| as funny as | funnier than | the funniest of |
| as great as | greater than | the greatest of |
| as green as | greener than | the greenest of |
| as happy as | happier than | the happiest of |
| as hard as | harder than | the hardest of |
| as healthy as | healthier than | the healthiest of |
| as heavy as | heavier than | the heaviest of |
| as high as | higher than | the highest of |
| as hot as | hotter than | the hottest of |
| as kind as | kinder than | the kindest of |
| as large as | larger than | the largest of |
| as late as | later than | the latest of |
| as lazy as | lazier than | the laziest of |
| as light at | lighter than | the lightest of |
| as long as | longer than | the longest of |
| as low as | lower than | the lowest of |
| as lucky as | luckier than | the luckiest of |
| as mad as | madder than | the maddest of |
| as merry as | merrier than | the merriest of |
| as narrow as | narrower than | the narrowest of |
| as naughty as | naughtier than | the naughtiest of |
| as near as | nearer than | the nearest of |
| as new as | newer than | the newest of |
| as noisy as | noisier than | the noisiest of |
| as old as | older than | the oldest of |
| as pale as | paler than | the palest of |
| as poor as | poorer than | the poorest of |
| as pretty as | prettier than | the prettiest of |
| as proud as | prouder than | the proudest of |
| as quick as | quicker than | the quickest of |
| as red as | redder than | the reddest of |
| as rich as | richer than | the richest of |
| as sad as | sadder than | the saddest of |
| as safe as | safer than | the safest of |
| as shallow as | shallower than | the shallowest of |
| as sharp as | sharper than | the sharpest of |
| as slow as | slower than | the slowest of |
| as small as | smaller than | the smallest of |
| as smooth as | smoother than | the smoothest of |
| as strong as | stronger than | the strongest of |
| as sweet as | sweeter than | the sweetest of |
| as tall as | taller than | the tallest of |
| as thick as | thicker than | the thickest of |
| as thin as | thinner than | the thinnest of |
| as tiny as | tinier than | the tiniest of |
| as ugly as | uglier than | the ugliest of |
| as warm as | warmer than | the warmest of |
| as wealthy as | wealthier than | the wealthiest of |
| as wet as | wetter than | the wettest of |
| as white as | whiter than | the whitest of |
| as wide as | wider than | the widest of |
| as wild as | wilder than | the wildest of |

## VOCABULARY (SYNONYMS)

1. fatigue = weariness (မောပန်းနွမ်းနယ်ခြင်း)
2. fault = error (အပြစ်၊ အမှား)
3. fear = terror (ဘေးအန္တရာယ်၊ကြောက်ရွံ့ခြင်း)
4. fearful = cowardly (ကြောက်ရွံ့ဖွယ်ကောင်းသော၊ သူရဲဘောကြောင်သော)
5. feeble = weak (ချည့်နဲ့အားနည်းသော)
6. ferocious = fierce (ရက်စက်ကြမ်းကြုတ်သော)
7. fertile = fruitful (မြေသြဇာကောင်းသော၊ အကျိုးဖြစ်ထွန်းသော)


*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk on the phone – 1

ဒီတစ်ပတ်မှာတော့ ဖုန်းပြောဆိုတဲ့အခါ informal နဲ့ formal ရဲ့ကွဲပြားခြားနားပုံလေးတွေကို တင်ပြထားပါတယ်။ Informal မှာ ဘယ်ပုံဘယ်နည်းပြောဆိုရမလဲ၊ Formal မှာ ဘယ်ပုံဘယ်နည်းပြောဆိုရမလဲ ဆိုတာတွေကို "Shortest way to talk on the phone–1" ဆိုပြီး ဖော်ပြလိုက်ပါတယ်။




**How to make informal phone calls**

*who's that?*
*It's …*
*Listen:*
*Cheers for the invite..*

၁။ Informal ပြောတဲ့အခါ ဘယ်သူလဲလို့မေးရင် Who's that? နဲ့တန်းမေးနိုင်ပါတယ်။

၂။ အဲဒီလိုမေးတဲ့အခါမှာ ကိုယ်ဘယ်သူဆိုပြီး ပြောတဲ့အခါမှာ It's … ဘယ်သူဘယ်ဝါ စသည် ဖြင့် ပြောနိုင်ပါတယ်။

၃။ အစီအစဉ်တစ်ခုခုအကြောင်း ပြောတော့မယ် ဆိုရင် လိုတိုရှင်းပုံစံနဲ့ ဟဲ့နားထောင်စမ်း 'Listen' ဆိုပြီး ပြောနိုင်ပါတယ်။

၄။ ငါ့ကိုဖိတ်တဲ့အတွက် ကျေးဇူးတင်တယ်လို့ ပြောရင်တော့ Cheers for the invite ဆိုပြီး ပြောနိုင်ပါတယ်။

Lewis: Phone Ringing (Hello?)
Kasia: Lewis, hi!
Lewis: Sorry, ***who's that?***
Kasia: ***It's Kasia!***
Lewis: Oh, hi! Sorry, didn't have your number saved.
Kasia: No worries. ***Listen***: some of us are going rafting this weekend. Do you want to come?
Lewis: Wow, that sounds great! Yeah, sure.
Kasia: Brilliant! I'll text you the details.
Lewis: Okay, ***cheers for the invite,*** see you then I guess.
Kasia: Bye!

**How to make formal phone calls**

*Could I speak to …*
*Who's calling, please.*
*I'm afraid …*
*Is there anything else?*

၁။ ဘယ်သူနဲ့ဖုန်းပြောချင်လို့ပါဆိုပြီး ပြောချင်ရင်တော့ Could I speak to … ဆိုပြီး သုံးနိုင်ပါတယ်။

၂။ ဘယ်သူခေါ်တယ်လို့ ပြောလိုက်ရမလဲ။ ဒါမှမဟုတ် ဘယ်သူပါလဲဆိုပြီး မေးရင်တော့ Who's calling please ဆိုပြီး ပြောပါတယ်။

၃။ သူတွေ့ချင်တဲ့သူက မရှိတာမျိုး၊ ဒါမှမဟုတ် မအားလို့ နောက်မှ ဖုန်းပြန်ဆက်ဖို့ပြောရင် စကားပလ္လင်အနေနဲ့ အားနာပါတယ်ဆိုပြီး ပြောလေ့ရှိပါတယ်။ အင်္ဂလိပ်မှာတော့ 'I'm afraid' ဆိုပြီး ပြောပါတယ်။

၄။ နောက်ထပ်ဘာရှိဦးမလဲဆိုပြီး မေးရင်တော့ Is there anything else ? ဆိုပြီး မေးနိုင်ပါတယ်။

Kasia: Good afternoon, WLC English, how can I help?
Lewis: Hello, ***could I speak to Michael Hart, please?***
Kasia: ***Who's calling, please?***
Lewis: My name is Lewis and I'm calling concerning a proposal which Mr Hart sent to me.
Kasia: One moment, please. ***I'm afraid*** he's not available right now. Would it be alright for him to call you back in about 30 minutes?
Lewis: Yes, that would be fine.
Kasia: And does he have your number?
Lewis: Yes, he called me last week, so he must have it.
Kasia: That's fine. He'll call you in half an hour or so. ***Is there anything else*** I can do for you?
Lewis: No, that's all. Thank you for your help.
Kasia: You're welcome. Thanks for calling, and have a nice day!
Lewis: And to you, Goodbye!

**Language Focus**

ဖုန်းဆက်ရတဲ့အကြောင်းရင်းကို ပြောဆိုချင်ရင်တော့ အောက်မှာဖော်ပြထားတဲ့ စကားစုတွေထဲက တစ်ခုလောက် ပြောရင်ရပါပြီ။

I'm calling concerning …
I would like to ask about …
I wanted to discuss … with you.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## သရက်ချောင်းမြို့နယ်၌ မန္တလေးပတ္တမြားငမောက် သရက်ပင်များ စီးပွားဖြစ်စိုက်ပျိုးမှု အောင်မြင်

**သရက်ချောင်း မေ ၃**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် မန္တလေးမျိုး ကိုင်းဆက် ပတ္တမြားငမောက် သရက်ပင်မျိုးများ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်က သရက်ကိုင်းဆက် တစ်ပင်လျှင် ကျပ် ၆၅၀၀ ဖြင့် မန္တလေးသို့ တိုက်ရိုက်မှာယူ စိုက်ပျိုးခဲ့ကြောင်း တောင်သူ ဦးဖေမြင့်က ပြောသည်။



သရက်ချောင်း မြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးသည့်ကာလ၌ ဒူးရင်းပင်၊ မင်းကွတ်ပင်၊ စိန်တစ်လုံးသရက်၊ ကွမ်းသီးပင်များနှင့် ရာသီအလိုက် သီးပင်စားပင်များ စိုက်ပျိုးလျက်ရှိရာ ယခုအခါ မန္တလေးမျိုး ပတ္တမြားငမောက် သရက်ပင်များပါ စိုက်ပျိုးလာကြသည်။

သရက်ချောင်းမြို့ မြို့မရပ်ကွက်နေ မန္တလေးမျိုး ပတ္တမြားငမောက်သရက်ကိုင်းဆက်ပင်များ စိုက်ပျိုးထားသူ ဦးဖေမြင့်အား တွေ့ဆုံမေးမြန်းရာ ဒီနှစ် ဥယျာဉ်ခြံထဲတွင်အပင်တော်တော်များများ စသီးကြောင်း၊ အပင် ၇၀ ကျော် စီးပွားဖြစ် စိုက်ပျိုးထားကြောင်းနှင့် ကိုင်းဆက်သရက်ပင် တစ်ပင်လျှင် သန်မာသော အသီးများကိုသာ ရွေးချယ်အသီးတင်စေပြီး ကျန်သည့်အသီးများကို ငယ်ရွယ်စဉ်ကပင် ခြွေပစ်လိုက်ရကြောင်း ၎င်းက ရှင်းပြသည်။

ဒေသထွက် သရက်သီးများ ဆွတ်ခူး ရောင်းချနေပြီဖြစ်သော်လည်း မန္တလေးမျိုး ပတ္တမြားငမောက် သရက်သီးကို ဇူလိုင်လတွင် စတင်ဆွတ်ခူးနိုင်မည်ဖြစ်ပြီး ပတ္တမြားငမောက် သရက်သီးအမှည့် တစ်လုံးကို တစ်ထောင်ကျပ်အထိ ရောင်းချရသဖြင့် သရက်ပင်တစ်ပင်ကို အနည်းဆုံး ကျပ်ငါးသောင်းမှ ခုနစ်သောင်းအထိ ဝင်ငွေရရှိကြောင်း သိရသည်။

သရက်ချောင်း မြို့နယ်တွင် ဧပြီလမှ ဩဂုတ်လအထိ ဒေသ သရက်သီးများ ပေါများပြီး စီးပွားဖြစ် တွက်ခြေကိုက်သော မန္တလေးမျိုး ပတ္တမြားငမောက် ကိုင်းဆက် အပင်များကို တစ်ပင်နှစ်ပင်မှသည် အပင်ငါးဆယ်တစ်ရာအထိ စီးပွားဖြစ် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**နန်းခလိုက်(သရက်ချောင်း)**

## အုတ်တွင်းမြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရန် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေး

**အုတ်တွင်း မေ ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါမြေပြင်ရှိ လူဦးရေစာရင်းပြုစုရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ ဌာနဆိုင်ရာများက မြေပြင်ရှိ အမှန်လူဦးရေစာရင်းအား လိုက်လံပြုစုဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ စာရေးများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ လူဦးရေစာရင်းနှင့် မြေပြင်ရှိလူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် စနစ်တကျတိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခြင်းနှင့် စာရင်းရေးသွင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့၌ နွေရာသီအခြေခံအားကစား သင်တန်းဆင်း

**ပေါက်ခေါင်း မေ ၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကို ယမန်နေ့က ပေါက်ခေါင်းမြို့ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါနွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၂၄ ရက်မှ ဧပြီ ၂ ရက်အထိ ဖွင့်လှစ်ပြီး ဘောလုံး၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် စသည့်အားကစားနည်းများ၏ အခြေခံနည်းစနစ်များကို သင်ကြားပေးရာ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇူ ၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မကွေးတိုင်းဒေသကြီး၌ ငါးနှစ်အတွင်း ကျေးလက်တံတား အစင်း ၁၇၄၀ ဆောက်လုပ်ပေးနိုင်ခဲ့

**မင်းဘူး ဇူ ၃**

မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်သူများအကျိုးစီးပွားအတွက် အဓိကအရေးပါသော ကျေးလက်ထုတ်ကုန်များကို သယ်ယူပို့ဆောင်စရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိနိုင်စေရန်နှင့် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွင်း ကျေးလက်လမ်း၊ တံတားအစင်း ၁၇၄၀ ခန့် ဆောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

“မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မြို့နယ်အသီးသီးမှာ ကျေးလက်တံတားအနေနဲ့ ကွန်ကရစ်တံတား ၁၅၇ စင်း၊ သစ်သားတံတား ခြောက်စင်း၊ ဘေလီတံတား ၇၁ စင်း၊ ရေကျော် ၂၉၈ စင်း၊ Box Culvert ၁၀၂၈ စင်း၊ အခြား ၁၈၀ စင်း စုစုပေါင်းအစင်း ၁၇၄၀ ခန့် ဆောက်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်” ဟု မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းစန်းလှိုင်က ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ် ငါးမြို့နယ်၌ ကွန်ကရစ်တံတား ရှစ်စင်း၊ ရေကျော်လေးစင်း၊ Box Culvert ရှစ်စင်း၊ ဘေလီတံတား နှစ်စင်း၊ အခြား ရှစ်စင်း စုစုပေါင်းအစင်း ၃၀ ကို လျာထားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ **မောင်မောင် (မင်းဘူး)**

## ပေါက်တောမြို့နယ် IDPs စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး (Covaxin) စတင်ထိုးနှံ



**ပေါက်တော ဇူ ၃**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ IDPs စခန်းများတွင် ခိုလှုံနေကြသော ပြည်သူများအနက် အသက် ၁၈ နှစ်နှင့်အထက် ဦးတည်အုပ်စုပြည်သူများအား သတ္တမအသုတ် ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး (Covaxin) ကို ယမန်နေ့က ဆက်လက်ထိုးနှံခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆေးမထိုးမီ ကိုယ်ပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးကြပြီး ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးထိုးနှံပေးသည်။

ကိုဗစ် -၁၉ရောဂါကာကွယ်ဆေး သတ္တမအသုတ် ဒုတိယအကြိမ် ထိုးနှံပေးရာတွင် ယမန်နေ့က ပေါက်တောမြို့နယ်ရှိ ဆင်တက်မော် IDPs စခန်းမှ ၂၂၁ ဦး၊ အနောက်ရဲ IDPs စခန်းမှ ၄၇ ဦး၊ ကြိမ်နီပြင် IDPs စခန်းမှ ၁၈၃ ဦး စုစုပေါင်း ၄၅၁ ဦး လာရောက် ထိုးနှံခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်ဆက်)**

## ဇလွန်မြို့နယ်၌ နွေရာသီ ကျောင်းပိတ်ရက် မြန်မာ့သိုင်းသင်တန်းဖွင့်

**ဇလွန် ဇူ ၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာ့သိုင်းသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ် ပြန်/ဆက်ရုံး၌ ဖွင့်လှစ်သည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရေးနှင့် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာ့သိုင်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး မြန်မာ့သိုင်းသင်တန်းတွင် ကိုးမောင်းအားလက်ရေး ၆၃ ကွက်ကို အစပြု၍ ဗန်ဒိုသိုင်း၊ တုတ်၊ ဓား သိုင်းအစရှိသည်တို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိုင်းသင်တန်းဆရာဦးနိုင်ဦးက ပြောသည်။ **ဝေယံ - ဇလွန်**



သင်တန်းတွင် မြန်မာ့သိုင်းပညာ သင်ကြားနေသောလူငယ်များ။

# မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီကို ယခင်နှစ်ထက် တစ်လစော၍ စတင်ပိတ်သိမ်း

မြိတ် မေ ၃

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီ စတင်ပိတ်သိမ်းပြီဖြစ်ကြောင်းနှင့် ဝါတန်း (ဝိုင်းချုပ်)၊ ကင်းမွန်၊ ကျားပိုက်နှင့် အင်္ဂလန်ကျားပိုက် ငါးလှေများသည် ဧပြီလ တစ်လတိုးမြှင့်ကာ ငါးဖမ်းခွင့်ရရှိမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသားပေါက်ရာသီတွင် ယခင်နှစ်က ငါးမဖမ်းရရာသီအဖြစ် မေ၊ ဇွန်၊ ဇူလိုင်လများကို သတ်မှတ်ခဲ့ပြီး ယခုနှစ်တွင် ရှေ့တစ်လတိုး၍ ဧပြီ၊ မေနှင့် ဇွန်လများကို ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သိရသည်။

"မြန်မာ့ပင်လယ်ပြင်မှာ မုတ်သုံရာသီမတိုင်မီ ငါးသားပေါက် အများအပြားပေါက်ပွားပြီး သယံဇာတအများဆုံးရှိနိုင်တဲ့ ဖေဖော်ဝါရီဒုတိယပတ်ကနေ မေလဒုတိယပတ်အထိ သုံးလအတွင်း ငါးဖမ်းရာသီ ပိတ်သိမ်းသင့်တယ်ဆိုပြီး သုတေသနရလဒ်ပေါ်ထွက်လာတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့က ၂၀၂၀ ပြည့်နှစ်မှာ Stakeholder အစည်းအဝေးလုပ်လိုက်တယ်။ ၂၀၂၁ ခုနှစ်မှာ မေ၊ ဇွန်၊ ဇူလိုင်လတွေကို ပိတ်မယ်။ ၂၀၂၂ ခုနှစ်မှာတော့ ဧပြီ၊ မေ၊ ဇွန်လတွေကို ပိတ်မယ်။ ၂၀၂၃ ခုနှစ်မှာတော့ မတ်၊ ဧပြီ၊ မေလတွေကို ပိတ်မယ်ဆိုပြီးတော့ သဘောတူညီမှုရလာခဲ့တယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ၂၀၂၁ ခုနှစ်မှာ မေ၊ ဇွန်၊ ဇူလိုင်လတွေကို ပိတ်ခဲ့ပါတယ်။ ယခု ၂၀၂၂ ခုနှစ်မှာတော့ ဧပြီ၊ မေ၊ ဇွန်လတွေကို ပိတ်ရပါမယ်" ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးက ပြောကြားသည်။



မြိတ်မြို့ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ရပ်နားထားသော ငါးဖမ်းလှေများ။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ပြင်၌ ငါးဖမ်းလုပ်ငန်းခွင်ဝင်နေကြသည့် ကမ်းဝေးငါးဖမ်းလှေကြီးများမှာ ငါးမဖမ်းရရာသီ (ငါးသားပေါက်ရာသီ) စတင်ရောက်ရှိပြီဖြစ်သည့်အတွက် ဆိပ်ကမ်းအသီးသီးသို့ မတ် ၃၁ ရက်တွင် ရောက်ရှိရပ်နားနေကြပြီဖြစ်ကြောင်း ငါးဖမ်းလှေလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

"ဝိုင်းချုပ်၊ ကင်းမွန်၊ ကျားပိုက်တို့လို ပွင့်လင်းရာသီမှသာလျှင် လုပ်ရတဲ့လုပ်ငန်းတွေရှိတယ်။ အဲဒီလုပ်ငန်းရှင်တွေက သူတို့လုပ်ငန်းတွေက လုပ်ငန်းကာလတိုတောင်းတယ်။ အဲဒီလိုစောပြီးပိတ်ရင် သူတို့လုပ်ငန်းကာလက ငါးလလောက်ပဲရှိမယ်။ အဲဒါကို ထည့်သွင်းစဉ်းစားပေးပါဆိုပြီး အစည်းအဝေးမှာ သူတို့တင်ပြခဲ့ပါတယ်။ အဲဒီအပေါ်မှာ ရာသီပိတ်အမိန့်ကြော်ငြာစာ ထွက်လာတော့ အဲဒီလိုမျိုး အပြောင်းအလဲလေး လုပ်ပေးထားတာ ဖြစ်ပါတယ်" ဟု ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေသယံဇာတများကို ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ ငါးဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အခက်အခဲများကြုံတွေ့နေရသည့်အတွက် မြိတ်မြို့တွင် ငါးလေလံဈေးတစ်ခု အသစ်တည်ဆောက်ရန် ခွင့်ပြုမိန့်ရရှိထားသော်လည်း လုပ်ငန်းများ မစတင်နိုင်သေးသဖြင့် လုပ်သားဦးရေ သောင်းနှင့်ချီကာ အလုပ်အကိုင်အခွင့်အလမ်းများ မရရှိသေးကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ကမ်းဝေးငါးဖမ်းလှေ အစင်းရေ ၁၅၀၀ ကျော်ရှိကာ မြိတ်ခရိုင်တွင် လိုင်စင်ပြုလုပ်ထားသည့် ကမ်းနီးငါးဖမ်းလှေ အစင်းရေ ၆၀၀၀ ကျော်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြင့်ဦး

(မြိတ်)

## အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) တွင် တက်ရောက်ရန်သင်တန်းသားများခေါ်ယူ

တောင်ကြီး မေ ၃

နိုင်ငံတော်အတွက် အားထားရသော လူငယ်လူရွယ်များအား အားကစား၊ ပညာရေးနှင့် ကိုယ်ရည်ကိုယ်သွေး ထူးချွန်ထက်မြက်သောသူများဖြစ်လာစေရေးအတွက် အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) မှ ပြုစုပျိုးထောင် ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) သို့ တက်ရောက်လိုသော သင်တန်းသားများအား ခေါ်ယူခြင်းနှင့် ရွေးချယ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



**အားကစားနည်း ၁၀ မျိုး**

အဆိုပါသင်တန်းတွင် ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ဘောလုံး၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒိုနှင့် ဘော်လီဘော စသည့်အားကစားနည်း ၁၀ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖြစ်၍ တက်ရောက်လိုသော သင်တန်းသားများအနေဖြင့် အခြေခံပညာ အလယ်တန်း (၇တန်း) အောင်မြင်ပြီးသူ၊ အရပ်အမြင့် အမျိုးသား (၅ပေ ၄ လက်မ)၊ အမျိုးသမီး (၅ပေ ၂လက်မ) ရှိသူ၊ သတ်မှတ်ကိုယ်အလေးချိန်နှင့် သက်ဆိုင်ရာ အားကစားနည်းကို ကျွမ်းကျင်မှုရှိပြီး သင်တန်းစည်းကမ်းများ လိုက်နာနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)တွင် တက်ရောက်ရန် သင်တန်းသားများအား ဧပြီ ၂၀ ရက် မှစတင်၍ တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်း၊ လွိုင်လင်၊ လဲချား၊ လင်းခေး၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များတွင် အားကစားနည်းအလိုက် ကျွမ်းကျင်မှု၊ ကြံ့ခိုင်စွမ်းရည်နှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများအပြင် ပညာအရည်အချင်း အထောက်အထားစစ်ဆေးမှုများကို ဆောင်ရွက်ပြီး သင်တန်းသားရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## လယ်ဧက ၁၀၀၀ ကျော်အကျိုးပြုမည့် ကြို့ပင်ဝိုင်းကျေးလက်ကုန်ထုတ်လမ်းဖွင့်

ကြို့ပင်ကောက် မေ ၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ပျဉ်ထောင်တွင်းကျေးရွာအုပ်စုတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် လယ်ဧက ၁၀၀၀ ကျော်အကျိုးပြုမည့် ကြို့ပင်ဝိုင်း ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါကြို့ပင်ဝိုင်းကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၄၅၁၅ ပေ၊ အကျယ် ၁၂ ပေ၊ မြေသားထု ၂ပေ ၉ လက်မ ဂဝံလမ်းအမျိုးအစားဖြစ်ပြီး လမ်းပေါ်တွင် သံကူကွန်ကရစ်သစ်သားလက်ရန်းပါ အရှည် ၁၄ ပေ၊ အကျယ် ၁၀ ပေ တံတားတစ်စင်းနှင့် မြောင်းကူး တံတားလေးစင်း ပါရှိသည်။ အဆိုပါ တံတားကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၄ သန်းဖြင့် Lucky Bago Co.,Ltd မှ တည်ဆောက်ပြီးစီးပြီဖြစ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းဋ္ဌေးနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗညားတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြို့ပင်ဝိုင်း ကုန်ထုတ်လမ်းမှတစ်ဆင့် ကျေးရွာပေါင်း ၁၀ ရွာမှ လူဦးရေ ၃၀၀၀ ကျော်နှင့် လယ်ဧက ၁၀၀၀ ကျော်၏ လယ်ယာထွက်ကုန်များ အချိန်နှင့်တစ်ပြေးညီ အခက်အခဲမရှိ သယ်ယူတင်ပို့ရောင်းချနိုင် တော့မည် ဖြစ် ၍ ဒေသခံ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ခရီးသွားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ စတင်စစ်ဆေး

**သပိတ်ကျင်း**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်း၊ သပိတ်ကျင်း- ဖော့တော လမ်းဆုံစစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား နိုင်ငံသားကတ်(မှတ်ပုံတင်)စစ်ဆေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သပိတ်ကျင်းမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ဧပြီ ၁ ရက်မှစတင်ဆောင်ရွက်သည်။

အဆိုပါ စစ်ဆေးရေးစခန်း၌ ခရီးသွားပြည်သူများအား မြို့နယ်ပြင်ပသို့ ခရီးသွားလာပါက နိုင်ငံသားကတ်၊ ဧည့်နိုင်ငံသားကတ်၊ အမျိုးသားမှတ်ပုံတင်များ ပါရှိခြင်းရှိမရှိ စစ်ဆေးပြီး မပါရှိပါက မိမိတို့နေထိုင်ရာဒေသသို့ ပြန်လည်ရောက်ရှိပါက မှတ်ပုံတင်ရှိရေး ဆောင်ရွက်ကြရန် သတိပေးပြောကြားကာ ခရီးသွားခြင်း၊ တည်းခိုခြင်းများအတွက် အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**စိုးနိုင်ဝင်း( သပိတ်ကျင်း)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ခရီးသွားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားစစ်ဆေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်မွန်နှင့်ဝန်ထမ်းများက ဧပြီ ၁ ရက်မှစ၍ မိတ္ထီလာ- တောင်ကြီးကားလမ်း ကွဲတပ်ဆုံစစ်ဆေးရေးဂိတ်တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ဆေးရာတွင် မြို့နယ်အတွင်းဝင်ရောက် ဖြတ်သန်းသွားလာကြမည့် ခရီးသွားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထောင်ပြစနစ်ဖြင့် စစ်ဆေးပြီး ခရီးသွားပြည်သူများအနေဖြင့် တာဝန်ရှိသူများကစစ်ဆေးသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို ကိုင်ထောင်ပြသခြင်းဖြင့် ကူညီပေးရန်၊ ခရီးသွားသည့်အခါတိုင်း နိုင်ငံသားကတ်ယူဆောင်ကြရန်နှင့် နိုင်ငံသားကတ်မရှိသူများအနေဖြင့် မိမိဒေသပြန်ရောက်သည့်အခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့၌ ဆောင်ရွက်ကြရန် အသိပညာပေးခဲ့သည်။ သာစည်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားစစ်ဆေးခြင်းကို အဆိုပါနေရာ၌ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နေ့စဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဦးပိန်တံတားနှင့် တောင်သမန်အင်း ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး အလေးထားဆောင်ရွက်

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အမရပူရမြို့နယ်ရှိ တောင်သမန်သစ္စာ စီမံကိန်းနေရာသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာကာ အဆိုပါ စီမံကိန်းမှ တာဝန်ရှိသူများက စီမံကိန်းဧရိယာအတွင်း လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အပန်းဖြေနေရာများတွင် ပြည်သူများ စိတ်ချမ်းမြေ့စွာ အနားယူနိုင်ရေး စီစဉ်ပေးရန် မှာကြားပြီး စက္ကူပန်းပင်များ ပျိုးထောင် စိုက်ပျိုးထားမှုများ၊ အပန်းဖြေနေရာများအား လိုက်လံကြည့်ရှု၍ အပန်းဖြေလာရောက်ကြသူများကို ရင်းနှီးစွာ နှုတ်ဆက်သည်။



ယင်းနောက် ဦးပိန်တံတား တောင်ဘက်နှင့် မြောက်ဘက်နေရာများသို့ သွားရောက်ကြည့်ရှုရာ (ယာပုံ) တောင်မင်းကြီး မြတ်စွာဘုရားဂေါပကအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဈေးဆိုင်ခန်းများ ချထားပေးမှု၊ ပြည်တွင်းပြည်ပဧည့်သည် ဝင်ရောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်မင်းကြီးမြတ်စွာဘုရား၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားယဉ်ကျေးမှုဦးစီးဌာနမှ သတ်မှတ်ထားသော ဧရိယာများတွင်သာရှိရန်၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရှေးဟောင်းယဉ်ကျေးမှုကို ပံ့ပိုးမှုသာဖြစ်စေပြီး ရှေးဟောင်းယဉ်ကျေးမှုကို ထိခိုက်စေမည့်အဆောက်အအုံများ ခွင့်ပြုဆောက်လုပ်ခြင်း မပြုရန်နှင့် တံတားကြံ့ခိုင်ရေး၊ အပန်းဖြေအနားယူသူများ စိတ်ချမ်းမြေ့စွာရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယနေ့သည် ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ တောင်သမန် ဦးပိန်တံတားသို့ အပန်းဖြေအနားယူလာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းစဉ်**

# သဘာဝကိုအခြေခံသော အမျိုးသားဥယျာဉ် ခြောက်ခုအား ချင်းပြည်နယ်၌ တည်ထောင်သတ်မှတ်ထား

ရန်ကုန် မေ ၃

**သဘာဝကိုအခြေခံသော အမျိုးသားဥယျာဉ် ခြောက်ခုကို ချင်းပြည်နယ်၌ တည်ထောင်သတ်မှတ်ထားကြောင်း သိရသည်။**



နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ် **(အပေါ်ပုံ)** အပါအဝင် အမျိုးသားဥယျာဉ် ခြောက်ခုအား တည်ထောင်သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါ အမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေနှင့် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေတို့ဖြင့် သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစားများ သတ်မှတ်ထားသည်။ ၂၀၂၂ ခုနှစ် မတ် ၂၈ ရက်ထိ သဘာဝထိန်းသိမ်းရေး နယ်မြေ ၅၇ ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားရှိပြီး နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်းအထိ တည်ရှိသည်။ တည်ထောင်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် အမျိုးသားဥယျာဉ် ၁၁ ခု၊ အဏ္ဏဝါအမျိုးသားဥယျာဉ် နှစ်ခု၊ သဘာဝကြိုးဝိုင်းလေးခု၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော / ဥယျာဉ် ၃၇ ခုနှင့် ဘူမိရုပ်သွင်ထူးခြားနယ်မြေ သုံးခုတို့ ပါဝင်ပြီး အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် ခါကာဘိုရာဇီ၊ နတ်မတောင်၊ ထမံသီ၊ အလောင်းတော်ကဿပ၊ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိန်းမလှကျွန်းနှင့် လန်ပိကျွန်းတို့ ပါဝင်သောကြောင့် အာဆီယံနိုင်ငံများကြား ဂုဏ်တင့်လျက်ရှိသည်။

**မျိုးသုဉ်းရန် ရင်ဆိုင်နေရသော နို့တိုက်သတ္တဝါများ**

အမျိုးသားဥယျာဉ်များအဖြစ် သတ်မှတ်ရာ၌ ငှက်နှင့် နို့တိုက်သတ္တဝါများ ကျက်စားပျော်မွေ့မှုပေါ် မူတည်၍ ဂေဟစနစ်အရ အမျိုးသားဥယျာဉ်များအဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်လေ့ရှိပြီး ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်တွင် ရှားပါးမျိုးစိတ်နှင့် မျိုးသုဉ်းရန် အန္တရာယ်ဖြင့် ရင်ဆိုင်နေရသော နို့တိုက်သတ္တဝါများ ဖြစ်သည့် မျောက်လွှဲကျော်၊ သင်းခွေချပ်၊ အင်းကျား၊ ဆတ်၊ တောခွေး၊ ခွေးတူဝက်တူ၊ ဝက်ဝံ၊ကြောင်မင်း၊ တောင်ဆိတ်နှင့် ငှက်မျိုးစိတ်များ ဖြစ်သော အောက်ချင်း၊ အောင်လောင်၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ ဇာမဏီငှက်နှင့် Burmese Tit ငှက်တို့ကို အမျိုးသားဥယျာဉ်၏ ထိရောက်သော ဆန်းစစ်ခြင်း အစိတ်အပိုင်းတစ်ခုအဖြစ် ထိန်းသိမ်းရေး လုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်လေ့ရှိသည်။

**သဘာဝအခြေခံခရီးသွားလုပ်ငန်း အထောက်အကူပြု**

"တောတောင်မှာ ရစ်ငှက်၊ ဇာမဏီငှက်၊ အောက်ချင်းငှက်ရှိပြီဆိုရင် သဘာဝအခြေခံကောင်းများ ရှိတဲ့အတွက် ထိန်းသိမ်းမှု အဆင့်အောင်မြင်တယ်လို့ ပြောရမှာပါ။ နတ်မတောင်မှာရှားပါးပြီး မျိုးသုဉ်းရန်အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ငှက်နဲ့ နို့တိုက်သတ္တဝါတွေ ကျက်စားပျော်မွေ့မှုဟာ အမျိုးသားဥယျာဉ်မှာ ဂေဟစနစ်နဲ့ မျိုးစိတ်များ တည်ရှိနေမှုကို ပြသတာဖြစ်တဲ့အတွက် တောတောင် ကောင်းမွန်ပြီး သဘာဝအရင်းအမြစ်တွေ ရှင်သန်နေတယ်ဆိုတာကို ပေါ်လွင်စေပါတယ်။ ချင်းပြည်နယ်မှာ အမျိုးသားဥယျာဉ် ခြောက်ခု တည်ထောင်သတ်မှတ်ထားတာကြောင့်သဘာဝအခြေခံခရီးသွား လုပ်ငန်းကို အထောက်အကူပြုနေပါတယ်"ဟု နတ်မတောင် အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

အာဆီယံအမွေအနှစ်အဖြစ်လည်းကောင်း၊ ရမ်ဆာရေဝပ်ဒေသအဖြစ် လည်းကောင်း၊ လူသားနှင့် ဇီဝအဝန်း နယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ထားသော အင်းတော်ကြီးကန်နှင့် အင်းလေးကန်၊ ရမ်ဆာရေဝပ်ဒေသနှင့် အာဆီယံအမွေအနှစ်အဖြစ် သတ်မှတ်ထားသော မိန်းမလှကျွန်း၊ ခါကာဘိုရာဇီနှင့် နတ်မတောင်တို့သည် ပြည်တွင်း/ ပြည်ပခရီးသွားများ အထူးစိတ်ဝင်စားရာ နေရာများအဖြစ် တည်ရှိသည်။ နတ်မတောင်အမျိုးသားဥယျာဉ်၊ ဖွေပါးတောင်အမျိုးသားဥယျာဉ်၊ စာမွန်းတောင်အမျိုးသားဥယျာဉ်၊ ကနေဒီ(ခေါ်)လေသာတောင် အမျိုးသားဥယျာဉ်၊ မီအေပီတောင် အမျိုးသားဥယျာဉ်နှင့် ဇိန်မူတောင်အမျိုးသားဥယျာဉ်တို့ဖြင့် ချင်းပြည်နယ်တွင် သဘာဝကို အခြေခံသော အမျိုးသားဥယျာဉ် ခြောက်ခုကို သတ်မှတ်တည်ထောင်ထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ်ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# ရေသတ္တဝါ(အရှင်) များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန်အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့် အောက်ပါရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊ တင်ပို့ခြင်းမပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

- ➢ ကျောက်ပုစွန်၊ကင်းပုစွန်၊ ငါးလင်ပန်း - ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ
- ➢ ကျောက်ငါး - ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ
- ➢ ရေချိုငါးအားလုံး - မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ
- ➢ ရေငန်ပုစွန် - ဇွန်လ(၁)ရက်နေ့မှဩဂုတ်လ(၃၁)ရက်နေ့အထိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## တောင်ကြီးမြို့တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**တောင်ကြီး ဧပြီ ၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လျော့နည်းပပျောက်စေရန် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့နံနက် ၉ နာရီခွဲမှစတင်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် တောင်ကြီးမြို့ ချမ်းသာရပ်ကွက် ပန်းတင်ကျေးရွာအုပ်စု ရွှေညောင်မြို့၊ ကျောက်နီကျေးရွာအုပ်စု အေးသာယာမြို့ အမှတ်(၁၀) ရပ်ကွက်နှင့် ကျောက်တလုံးကြီးမြို့ အသုံးတော်ကျေးရွာအုပ်စုနေ ပြည်သူများအား သတ်မှတ်စုရပ်နေရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို ဧပြီ ၇ ရက်အထိ လည်းကောင်း၊ သင်္ကြန်ရုံးပိတ်ရက်ပြီးချိန်တွင် ဧပြီ ၁၈ ရက်မှ ၂၈ ရက်အထိ တောင်ကြီးမြို့နယ်အတွင်း ကျန်ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်လင်း**



မော်လမြိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် (၁၀၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၃ ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာ အုတ်လမ်းရှိ မော်လမြိုင်အသင်း ဓမ္မာရုံတွင် ဥက္ကဋ္ဌ ဦးဆန်းဦးနှင့် အသင်းသူ အသင်းသားများက အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွားများအား ကန်တော့ကြစဉ်။

အာကာလင်း

## ရှမ်းရွာသစ်မြို့ ကွီးလေးကျေးရွာအုပ်စုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်

**ရှမ်းရွာသစ် ဧပြီ ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေရန် ရည်ရွယ်၍ အသက်(၁၈)နှစ်အထက် ဒေသနေပြည်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် တစ်ကြိမ်တစ်ခါမျှ မထိုးရသေးသည့် ပြည်သူများနှင့် ပထမအကြိမ်ထိုးနှံ ပြီးစီးသည့် ဒေသနေပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း လုပ်ငန်းကို ယနေ့ နံနက် ၉ နာရီတွင် ကွီးလေးကျေးရွာ၌ တာဝန်ရှိသူတို့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးနိုင်ဝင်းအောင်က ကြီးကြပ် ဆောင်ရွက်လျက်ရှိရာ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်စု တာဝန်ရှိသူများက ကာကွယ်ဆေးထိုးရန် လာရောက်သည့် ပြည်သူများအား စာရင်းရေးသွင်းပေးခြင်းနှင့် မှတ်တမ်းကောက်ယူခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အသက်(၁၈)နှစ်အထက် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် တစ်ကြိမ်တစ်ခါမျှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ ဆောင်ရွက်ခြင်း မရှိသူများအား ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးပြီး ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိသည့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ဆက်လက် ထိုးနှံပေးသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## ငဖဲမြို့နယ်အတွင်းရှိ ကျေးရွာများမှ နွားအကောင် ၅၁၀ ကို ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**ငဖဲ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသခံတောင်သူများ မွေးမြူထားသည့် ကျွဲ၊ နွားများတွင် ကျရောက်တတ်သော ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ဆေးများကို ကျေးရွာများသို့ ကွင်းဆင်း၍အချိန်မှန်မှန် ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းမှ ညနေပိုင်းထိ နွားအကောင် ၅၁၀ ကို ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများကို ကွင်းဆင်းထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးများထိုးနှံပေးရာတွင် ငဖဲမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာချစ်ချယ်ရီစိုးနှင့် ဒေါက်တာဆုပိုင်မြင့်ဦးတို့ ဦးဆောင်ပြီး တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများပူးပေါင်းကာ ရှောက်ဝကျေးရွာတွင် နွား ၈၈ ကောင်၊ ပေါင်းကလေးကျေးရွာတွင် ၁၂၅ ကောင်၊ အောင်ပင်လယ်ကျေးရွာတွင် ၅၇ ကောင်၊ လေးအိမ်စုကျေးရွာတွင် အကောင် ၁၉၀ နှင့် ညောင်ကိုင်းကျေးရွာတွင် အကောင် ၅၀ စုစုပေါင်း နွားအကောင် ၅၁၀ ကို ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ကျွဲ၊ နွားများတွင် ဖြစ်ပေါ်တတ်သောရောဂါများ၊ စနစ်တကျမွေးမြူနည်းနှင့် အာဟာရညီညွတ်မျှတစွာ ပါဝင်သောအစားအစာကို လုံလောက်စွာ ကျွေးမွေးရန်နှင့် ကူးစက်ရောဂါကာကွယ် ထိန်းချုပ်နည်းဆိုင်ရာ အကြောင်းအရာများကိုလည်း တောင်သူများအား အသိပညာပေး ဆွေးနွေးပြောကြားကြောင်း သိရသည်။

**မယု(ငဖဲ)**

## ညောင်ရွှေမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးမှတ်တမ်း စစ်ဆေးဆောင်ရွက်

**ညောင်ရွှေ ဧပြီ ၃**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု မှတ်တမ်း စစ်ဆေးဆောင်ရွက်ခြင်းကို ဧပြီ ၃ ရက်က မြို့အဝင် တောင်ခြေစစ်ဆေးရေးဂိတ်နှင့် ပေါင်းပိုင်းစစ်ဆေးရေးဂိတ်တို့တွင် ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခရီးသွားလာနေကြသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု မှတ်တမ်းတို့ကို စစ်ဆေးပြီး ဆေးမထိုးရသေးသည့် ပြည်သူများကို စစ်ဆေးရေးဂိတ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ခါတည်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**



## ဗန်းမောက်မြို့နယ် မံကပ်ကြိုးဝိုင်းတွင် သစ်ပင်ခုတ်လှဲရာမှ သစ်ကိုင်းထိုးမိ၍ လူတစ်ဦးသေဆုံး

**ဗန်းမောက် ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ပင်ဟင်းခါးအုပ်စု နမ့်မိုးခေါင်ကျေးရွာအနီး မံကပ်ကြိုးဝိုင်းအတွင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်က အမျိုးသားတစ်ဦး သစ်ပင်ခုတ်လှဲရာမှ သစ်ကိုင်းထိုးမိ၍ သေဆုံးသွားခဲ့ကြောင်း လူမှုကူညီရေးအသင်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဗန်းမောက်မြို့နယ် နောင်မဲ့လုံကျေးရွာနေ ကိုသန်းအောင်သည် နမ့်မိုးခေါင်ကျေးရွာအနီး မံကပ်ကြိုးဝိုင်းအတွင်းရှိ ကျွန်းပင်ကြီးကို ခုတ်လှဲရာမှ အပင်လဲကျပြီး ၎င်းအပင်မှ အကိုင်းမှာ ကိုသန်းအောင်၏ ဝမ်းဗိုက်ကို ထိုးစိုက်ခဲ့သဖြင့် အခင်းဖြစ်ပွားသည့်နေရာ၌ပင် သေဆုံးသွားခဲ့သောကြောင့် မြင့်မြတ်သွေးလှူရှင်နှင့် လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ ရင်ခွဲရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့မရဲစခန်းက သေမှုသေခင်းရေးဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

(၀၇၈)

**မလိုအပ်သောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



# ကျောင်းကုန်းမြို့၌ ကျေးရွာမြစ်ကူးတံတားသစ် ဖွင့်ပွဲကျင်းပ

**ကျောင်းကုန်း မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လှေကွဲလဟာအုပ်စု ပိန်းမြောင်ကြီးကျေးရွာနှင့် တက်ဆိပ်အုပ်စု တက်ဆိပ်ကျေးရွာတို့ ဆက်သွယ်သည့် ကျေးရွာမြစ်ကူးတံတားသစ်ကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ရာ လေးမျက်နှာမြို့ ဒက္ခိဏာရုံ ပရဟိတကျောင်း ဆရာတော်အရှင်အရိယာနန္ဒနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားသည် အရှည် ပေ ၃၄၀ ရှိပြီး ပလတ်စတစ်ပီပါများဖြင့် တွဲထားသော ဖောတံတားဖြစ်သည်။ လှေကွဲလဟာအုပ်စု ပိန်းမြောင်ကြီးကျေးရွာတွင် အိမ်ခြေ ၁၃၀ ကျော်နှင့် စံပယ်ရုံအုပ်စု ခြောက်အိမ်တန်းကျေးရွာတွင် အိမ်ခြေ ၆၀ ကျော်ရှိပြီး ဒါးကမြစ်အတွင်း ကျွန်းပေါ်တွင်တည်ရှိသော ကျေးရွာများဖြစ်သည်။ ယခုမြစ်ကူးတံတားသစ်ဖြစ်မြောက်ရေးအတွက် ပိန်းမြောင်ကြီးဇာတိသားဖြစ်သော လေးမျက်နှာမြို့ ဒက္ခိဏာရုံ ပရဟိတ ဆရာတော် အရှင်အရိယာနန္ဒက ဦးဆောင်ပြီး အနယ်နယ်အရပ်ရပ် အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၄၀ ကျော်ဖြင့် တံတားသစ်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်အဆင်ပြေလာမည်ဖြစ်သဖြင့် ကျေးရွာနေ ဒေသခံပြည်သူများ ဝမ်းသာနေကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# နွားထိုးကြီးနယ်ထွက် နှမ်းဖတ်၊ ပဲဖတ် ယခုနှစ်ဈေးကောင်းရနေ

**နွားထိုးကြီး မေ ၃**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် နှမ်းဈေး၊ မြေပဲဈေး ယခုနှစ် ဈေးကောင်းရ၍ တောင်သူများနှင့်ပွဲရုံများ အလုပ်ဖြစ်ခဲ့ကြောင်း မဟာနွယ်ပွဲရုံထံမှ သိရသည်။

အလားတူ မြို့ပေါ်ဆီစက်ပိုင်ရှင်များကလည်း ဆီဈေးနှုန်းမြင့်တက်လာ၍ ကြိတ်ခွဲမှု အလုပ်ဖြစ်နေသော်လည်း ယခုအခါ နှမ်းဖတ်၊ ပဲဖတ်များ ဈေးတက်လာ၍ နှမ်းဖတ်၊ ပဲဖတ် တစ်ပိဿာ ငွေကျပ် ၁၂၀၀ မှ ၁၅၀၀ ထိ ဈေးကောင်းရနေကြောင်း ပြောသည်။

ယခင်က နှမ်း၊ မြေပဲ ကြိတ်ခွဲရာတွင် ဆီပေါ်မှ အမြတ်နည်းယူပြီး နှမ်းဖတ်၊ ပဲဖတ်ကိုသာ အမြတ်ယူခဲ့ရာ ယခုအခါ ဆီရော၊ နှမ်းဖတ်၊ ပဲဖတ်ပါမြတ်နေ၍ ဆီကြိတ်လုပ်ငန်းများ အလုပ်ဖြစ်နေကြသည်။

(၀၁၈)



မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာရှိ မော်ဖောင်း(၁) စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်)မှ မတ် ၃၀ ရက်က ကျေးရွာရှိ ဘာသာပေါင်းစုံ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ သမဝါယမဦးစီးဌာန






# ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ဆင်စာဘူဖေးလှူဒါန်းကျွေးမွေးမှု ၂၁ ကြိမ်အထိ ရှိလာ

**မင်းဘူး မေ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်းရှိ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ဆင်စာဘူဖေးလှူဒါန်းကျွေးမွေးမှု ၂၁ ကြိမ်အထိ ရှိလာပြီဖြစ်ကြောင်း ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်ထံမှ သိရသည်။

"ဆင်စခန်းမှာက ဆင် ၁၁ ကောင်ရှိတယ်။ ဆင်စခန်းကို ဖေဖော်ဝါရီ ၅ ရက်က မန်းရွှေစက်တော် ဘုရားပွဲတော်နှင့်အတူ ပြန်လည်ဖွင့်လှစ်ခဲ့တာပါ။ ဆင်စာကို အွန်လိုင်းကနေ ဆက်သွယ်ပြီး လှူဒါန်းကျွေးမွေးကြသလို ကိုယ်တိုင်လာရောက် ကျွေးမွေးတာတွေလည်း ရှိပါတယ်။ ဆင်စာကျွေးမွေးမှုက ဖေဖော်ဝါရီလပိုင်းမှာ ကိုးကြိမ်၊ မတ်လပိုင်းမှာ ၁၂ ကြိမ် စုစုပေါင်း ၂၁ ကြိမ်အထိ ရှိသွားပါပြီ။ အများစုက ဘုရားပွဲတော်ချိန်ကာလဖြစ်လို့ ဆင်စခန်းမှာ ကိုယ်တိုင်လာရောက်ကျွေးမွေးမှုက အများဆုံးဖြစ်ပါတယ်" ဟု ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်က ပြောသည်။

အဆိုပါ ဆင်စခန်းတွင် ဆင်ထီး လေးကောင်၊ ဆင်မ ခုနစ်ကောင် စုစုပေါင်း ဆင် ၁၁ ကောင်ရှိပြီး ဆင်စာဘူဖေးကျွေးမွေးလိုသူများ အနေဖြင့် ငွေကျပ် ၃၀၀၀၀ မှစပြီး ၅၀၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း၊ မိမိတို့ တတ်နိုင်သော နှုန်းထားဖြင့် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်လှူဒါန်း ကျွေးမွေးနိုင်သလို ကိုယ်တိုင်လာရောက်ပြီးကျွေးမွေးနိုင်ကြောင်း၊ အဝေးမှ လာရောက်ကျွေးမွေးလိုသူများ အနေဖြင့် ကြိုတင် ချိတ်ဆက်ထားပါက အဆင်သင့် ကျွေးနိုင်အောင် ပြင်ဆင်ပေးထားကြောင်း၊ ဆင်စာအဖြစ် ကြံ၊ ပြောင်းဖူး၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီးနှင့် နေဇီယာမြက်များကို ဝယ်ယူကျွေးမွေးရပြီး ဆင်စာများ လှူဒါန်းကျွေးမွေးလိုပါက ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်း Facebook Page ဖုန်း ၀၉-၄၀၂၆၂၃၇၃၀ နှင့် ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင် ဖုန်း ၀၉-၄၄၃၄၄၃၉၈၈ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



# တရားမဝင် ကျွန်းသစ်၊ လုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော်　ဧပြီ　၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေဆိပ်ကုန်လှောင်ရုံ တာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော တရားမဝင် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၃၈၂,၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) နှင့် ကိုက်ညီမှုမရှိသော တရားမဝင် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မော်တော်ကား လေကာမှန်များနှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁,၉၀၀,၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဧပြီ ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား(၂ ဒသမ ၄၁၁၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃,၃၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် (၄၃ ဒသမ ၁၁၆၀) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၉၂၉,၆၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁ ရက်နှင့် ၃ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀,၉၃၄,၉၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ရဲမှူးချုပ်နှင့်တာဝန်ရှိသူများက ဟိုပုံးမြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဟိုပုံး　ဧပြီ　၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများကို ယနေ့ နံနက် ၉ နာရီခွဲက တာဝန်ရှိသူများက သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးရာတွင် ရှမ်းပြည်နယ် ရဲမှူးချုပ် တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ ဟိုပုံးတပ်နယ်မှ ဗိုလ်ကြီး ကျော်ကျော်ထက်နှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ခွဲ (၂) တောင်ကြီးမှ ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး (ဟိုပုံး) ရဲမှူး စိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများ စုစုပေါင်း အင်အား ၆၁ ဦးတို့သည် စံဖူးကျေးရွာအုပ်စု လိုက်ကန်ကျေးရွာ၏ မြောက်ဘက် နှစ်ဖာလုံခန့်အကွာ ရေသွင်းစိုက်ပျိုးထားသည့် အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း နှစ်ဧကကိုလည်းကောင်း၊ လုံပောကျေးရွာအုပ်စု လိုက်ကတူးကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ ရေသွင်းစိုက်ပျိုးထားသည့် အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း သုံးဧကကိုလည်းကောင်း၊ လုံပောကျေးရွာအုပ်စု လိုက်ကတူးကျေးရွာ၏ အနောက်မြောက် တစ်မိုင်ခန့်အကွာ ရေသွင်းစိုက်ပျိုးထားသည့် အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း လေးဧကကိုလည်းကောင်း၊ လုံပောကျေးရွာအုပ်စု တုပ်ဆောက်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ရေသွင်းစိုက်ပျိုးထားသည့် အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း နှစ်ဧကကိုလည်းကောင်း စုစုပေါင်း ၁၁ ဧကဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# သာစည်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၃၉ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော်　ဧပြီ　၃

**သာစည်မြို့နယ်နှင့် မရမ်းကုန်း မြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၃၉ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**



သာစည်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၁ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးသွား ကားလမ်းကျွဲတပ်ဆုံစစ်ဆေးရေးစခန်းအနီးတွင် ကလောမှ သာစည်ဘက်သို့ ဝေပိုင်ဦး မောင်းနှင်ပြီး ၎င်း၏ဇနီး မနန်းမူးကေသာ၊ စောအောင်လွင်ဦး (ခ) အောင်လွင်ဦးနှင့် ဗိုလ်ဗိုလ်နိုင် တို့လိုက်ပါလာသည့် ALPHARD မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၈၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဧပြီ ၁ ရက် နံနက် ၁၁ နာရီတွင် ရာပါ (ခ) ကိုကိုမောင် နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဉ္ဇူလမ်းရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ဒသမ ၂ သိန်းနှင့်အတူ Kluger မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း၊ ဝေပိုင်ဦးနှင့် မနန်းမူးကေသာ တို့နေထိုင်သည့် ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ် (၈၉) ရပ်ကွက် ကနောင်မင်းသားကြီး လမ်းရှိ နေအိမ်မှ Landcruiser မော်တော်ယာဉ် တစ်စီးကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့၍ ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၃၉ ဘီလီယံကျော် တန်ဖိုးရှိ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ဒသမ ၀၅ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာဖူဆယ်အသင်း အာဆီယံ ဖူဆယ် ပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် ဗီယက်နမ်နှင့် ကစားရမည်

**ရန်ကုန် မေ ၃**

ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၄ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ တီမောနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို မေ ၂ ရက်တွင် စတင်ကျင်းပခဲ့သော်လည်း အုပ်စု (က) ပွဲစဉ်များကိုသာ ပြုလုပ်နေကာ မြန်မာအသင်းပါဝင်သော အုပ်စု (ခ) ပွဲစဉ်များကို မေ ၄ ရက်မှ စတင်ကျင်းပခြင်းဖြစ်သည်။ မေ ၄ ရက်တွင် အုပ်စုပွဲများအဖြစ် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဗီယက်နမ်နှင့် မြန်မာ၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တီမောနှင့် ဩစတြေးလျ၊ မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားနှင့် မလေးရှား၊ ညနေ ၄ နာရီခွဲတွင် ဘရူနိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ဗီယက်နမ်၊ ဩစတြေးလျတို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမပွဲတွင် ဗီယက်နမ်၊ ဒုတိယပွဲတွင် ဩစတြေးလျတို့နှင့် တွေ့ဆုံနေရာ ယင်းနှစ်ပွဲမှာ အရေးပါလျက်ရှိသည်။ မေ ၂ ရက်က ကျင်းပသည့်ပွဲစဉ်များတွင် မလေးရှားက ကမ္ဘောဒီးယားကို ခုနစ်ဂိုး - ခြောက်ဂိုး၊ ထိုင်းက ဘရူနိုင်းကို ၁၃ ဂိုး - ဂိုးမရှိ၊ မေ ၃ ရက်က ကျင်းပသည့်ပွဲတွင် ထိုင်းက ကမ္ဘောဒီးယားကို ၁၆ ဂိုး - ဂိုးမရှိ၊ အင်ဒိုနီးရှားက ဘရူနိုင်းကို ၁၂ ဂိုး - ဂိုးမရှိတို့ဖြင့် အနိုင်ရထားသည်။

မေ ၄ ရက်စတင်မည့် အုပ်စု (ခ) အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၃ ရက်က ပြုလုပ်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က "ကျွန်တော်တို့ အုပ်စုမှာ ဗီယက်နမ်၊ ဩစတြေးလျတို့လို အသင်းတွေပါဝင်တာကြောင့် ဒီအုပ်စုက ခက်ခဲမယ့် အုပ်စုပါ။ ကျွန်တော်တို့အတွက် ဗီယက်နမ်အသင်းက ဩစတြေးလျ အသင်းထက် ကစားရတာ ပိုခက်ခဲပါလိမ့်မယ်" ဟု ပြောသည်။

**ရဲရင့်လွင်**






# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ၂၀၂၂ အာဆီယံ ဖူဆယ်ပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်

**ရန်ကုန် မေ ၃**

၂၀၂၂ အာဆီယံ ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အပြီးသတ်ကစားသမား ၁၄ ဦးကို မေ ၃ ရက်က ရွေးချယ်လိုက်ပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ရဲမွန်ထွဋ်၊ အသင်း မန်နေဂျာ ဦးရဲဝင်းထွန်း၊ နည်းပြချုပ် ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက် နည်းပြများ ဦးဌေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ တာဝမ် (ထိုင်း)၊ ဂိုးသမားများ ကျော်ထက်အောင် (MIU FC)၊ ဖွဲ့ပြည့်စုံ (VUC FC)၊ ကစားသမားများ ဟိန်းမင်းစိုး (MIU FC)၊ မျိုးမြင့်စိုး (VUC FC)၊ ကိုကိုလွင် (MIU FC)၊ ဝေဇင်ဦး (VUC FC)၊ မျိုးသက်အောင် (MIU FC)၊ ငြိမ်းမင်းစိုး (VUC FC)၊ ချမ်းသာ (VUC FC)၊ သိုင်းဘွဲ့အောင် (M2K FC)၊ ခင်ဇော်လင်း (MIU FC)၊ နိုင်လင်းထွန်းကျော် (VUC FC)၊ လှိုင်မင်းထွန်း (MIU FC)၊ အောင်ဇင်ဦး (VUC FC)တို့ ပါဝင်ကြသည်။ မြန်မာအသင်း နည်းပြချုပ် ဘန်လက်ချာယိုဝန်သည် အပြီးသတ်လူစာရင်းကို မေ ၃ ရက်မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၂ ဦးမှ ရှစ်ဦး လျှော့ချခဲ့ရသည်။

မြန်မာအသင်းသည် ဗီယက်နမ်၊ ဩစတြေးလျ၊ တီမောတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် မေ ၄ ရက်တွင် ဗီယက်နမ်၊ မေ ၅ ရက်တွင် ဩစတြေးလျ၊ မေ ၆ ရက်တွင် တီမောတို့နှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**



## မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျပန်မှ အိုဆာကာကို အနိုင်ယူကာ ပိုလန်သူဆွီယာတက်ခ် ဖလားဆွတ်ခူး

မီယာမီအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်သည် ဂရင်းဆလမ်း ချန်ပီယံဆု လေးကြိမ် ဆွတ်ခူး ရရှိထားသော ဂျပန်တင်းနစ်မယ် အိုဆာကာကို အနိုင်ရရှိကာ မီယာမီအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ဆွီယာတက်ခ်သည် ပြိုင်ဘက် အိုဆာကာကို ၆-၄၊ ၆-၀ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကာ ဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွီယာတက်ခ်သည် ယခုနှစ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဒိုဟာအိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် အင်ဒီးယန်းဝဲလ်တင်းနစ်ပြိုင်ပွဲတွင်လည်း ဖလားဆွတ်ခူးထားသည်။ ယင်းကြောင့် အသက် ၂၀ အရွယ်ရှိ ဆွီယာတက်ခ်သည် တစ်နှစ်အတွင်း ဖလားသုံးလုံး ဆွတ်ခူးနိုင်သည့် ပထမဆုံး အမျိုးသမီးတင်းနစ်မယ် ဖြစ်လာခဲ့သည်။

ဆွီယာတက်ခ်သည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာကို ၆-၂၊ ၇-၅ ဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့သည်။ ပြိုင်ဘက်အိုဆာကာက အဆိုပါအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘင်းဆစ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ၄-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။

**အောင်ဇော်**

## ဝက်စ်ဟမ်းတို့ အဲဗာတန်ကို အနိုင်ယူပြီး စပါးတို့ နယူးကာဆယ်ကို ဂိုးပြတ်နိုင်

ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှ ဝက်စ်ဟမ်း အသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်ကို မေ ၃ ရက် ညပိုင်းက ဝက်စ်ဟမ်း အိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ပွဲစဉ် (၃၁) အပြီးတွင် ရမှတ် ၅၁ မှတ် ရရှိလာပြီဖြစ်သည်။ ယခု ပွဲစဉ်သည် နှစ်သင်းကြား ခြေစွမ်းကွာဟမှု မရှိဘဲ အပြန်အလှန် ထိုးဖောက်မှုများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် ဝက်စ်ဟမ်း အသင်းမှ ခရက်စ်ဝဲလ်က ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဂိုးသွင်းယူ နိုင်ခဲ့သောကြောင့် ဝက်စ်ဟမ်းအသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ အဲဗာတန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် ဟိုးဂိတ်က သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၅၉ မိနစ်တွင်



ဝက်စ်ဟမ်းအသင်းမှ ခရက်စ်ဝဲလ် ပြစ်ဒဏ်ဘောမှတစ်ဆင့် အဲဗာတန် အသင်းဘက်သို့ ဘောလုံးကန်သွင်းစဉ်။

ဘိုဝင်က သွင်းယူပေးခဲ့သည်။

ပွဲချိန် ၆၅ မိနစ်တွင် အဲဗာတန်အသင်းမှ မိုက်ကယ်ကိန်း ပြိုင်ဘက်ကစားသမားကို ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သည့်အတွက် ကွင်းလယ်ဒိုင်က အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ အဲဗာတန်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ၂၈ ပွဲကစားပြီး တန်းဆင်းဇုန်အသင်းနှင့် သုံးမှတ်အကွာတွင် ရပ်တည်နေသည်။

အခြားသော ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် လက်စတာအသင်းတို့ ပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ စပါးနှင့် နယူးကာဆယ်တို့ပွဲတွင် စပါးက ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

**အောင်ဇော်**

## အမည်ပြောင်း

ဦးမောင်သန်းထွန်း၏သမီး မခင်စန်းနိုင် ၁၁/ရသတ(နိုင်)၀၇၉၄၆၀ (ရသေ့တောင်မြို့နယ်၊ ထီးစွဲကျေးရွာ) အား မခင်ဆန်းနိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မခင်ဆန်းနိုင်**

## မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ နယ်မြေ(၆)၊ အမှတ်(၁၀၀၃)နေ မဖြိုးမြတ်လှိုင် ၁/မကန(နိုင်)၁၈၆၉၁၅၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၈-၁၉၉၆ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးတယ်ချောက်(ခ) တက်တွန်း ၁/မကန(နိုင်) ၀၁၅၁၇၈ ဖြစ်ပါသည်။

## အမည်မှန်

ဦးရယ်ဒမ်းဝမ်ခင် ၁/မခဘ(နိုင်)၀၀၆၄၂၄၏ သမီးများဖြစ်သော ဖားကန့်မြို့နယ်၊ နမ္မဖြစ်၊ အထက (ခွဲ) ကျောင်းမှ ၂၀၂၀-၂၀၂၁ခုနှစ် ပညာသင်နှစ် ဆဋ္ဌမတန်း(စနစ်သစ်)မှ မနန်စောမ် ၏အမည်မှန်မှာ မရယ်ဒမ်းဝမ်နန်စောမ်ဖြစ်ပြီး၊ ဒုတိယတန်းမှ မဇမီဆန်း၏အမည်မှန်မှာ မရယ်ဒမ်းဝမ်ဇမီဆန်း ဖြစ်ပါသည်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ သပြေသာကျေးရွာနေ ဦးမြင့်ဇော်- ဒေါ်သောင်းသောင်းအေး တို့၏ သမီး မနှင်းလဲ့လဲ့ဖြိုး ၅/ရဘန(နိုင်) ၁၈၇၆၇၀သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် မိဘများ သဘောမတူသောသူ နှင့် လိုက်ပါပေါင်းသင်းကာ မိသားစုစိတ်ဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုလုပ်ခဲ့သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် မိဘနှစ်ပါးနှင့် လုံးဝ မသက်ဆိုင်တော့ပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်ဇော်-ဒေါ်သောင်းသောင်းအေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/1765, Toyota Hiace LH 184, Mini Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၉/စကန(နိုင်) ၀၆၀၆၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**


မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်


## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
### စက္ကူ၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | 30'' Newsprint Paper 45.0 ± 1.0 Gsm | တန် | ၁၅၀၀ |
| (ခ) | Coldset Web Offset Printing Ink (Black) | ကီလို | ၂၀၀၀၀ |
| (ဂ) | Coldset Web Offset Printing Ink (Cyan) | ကီလို | ၁၃၀၀၀ |
| (ဃ) | Coldset Web Offset Printing Ink (Magenta) | ကီလို | ၉၀၀၀ |
| (င) | Coldset Web Offset Printing Ink (Yellow) | ကီလို | ၁၂၀၀၀ |
| (စ) | Fountain Solution | လီတာ | ၁၁၃၀၀ |
| (ဆ) | Positive Thermal CTP Plate (Kodak) (889 x 574 x 0.3)mm | ချပ် | ၁၁၀၀၀ |
| (ဇ) | Positive Thermal CTP Plate (Kodak) (889 x 577 x 0.3)mm | ချပ် | ၃၀၀၀၀ |
| (ဈ) | Positive Thermal CTP Plate (Kodak) (889 x 609 x 0.3 ) mm | ချပ် | ၅၅၀၀၀ |
| (ည) | Positive Developer (Kodak) | လီတာ | ၁၂၀၀၀ |
| (ဋ) | Rubber Blanket (889 x 615 x 1.68)mm (Orient X-cel) | ချပ် | ၅၀ |
| (ဌ) | Rubber Blanket (889 x 651 x 1.68)mm (Orient X-cel) | ချပ် | ၂၀ |
| (ဍ) | Rubber Blanket (889 x 625 x 1.68)mm (Orient Super) | ချပ် | ၂၀ |
| (ဎ) | Rubber Blanket (889 x 593 x 1.7)mm (Goss Community) | ချပ် | ၃၀ |
| (ဏ) | Rubber Blanket (915 x 620 x 1.7)mm (Knocept) | ချပ် | ၂၀ |
| (တ) | Sponge | ခု | ၁၅၀ |
| (ထ) | Plate Cleaner | လီတာ | ၂၀၀ |
| ( ဒ ) | Gum Arabic | လီတာ | ၂၅၀ |
| ( ဓ ) | Sharp A3 Copier Toner / Cartridge | ဘူး | ၆၀ |
| ( န ) | 165 A3 Copier / Toner Cartridge | ဘူး | ၆၀ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၄-၂၀၂၂ ရက်နေ့မှ ၂၉-၄-၂၀၂၂ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါ (၁)စောင်လျှင် ၃၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်မင် တင်ဒါ (၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများအတွက် တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ကုမ္ပဏီ(၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၅-၂၀၂၂ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက် ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ် တစ်ခုခုမှ PG (Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၁၂၂၃၊ ၀၆၇-၃၄၁၂၂၈၊ ၀၁-၈၂၀၁၁၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| ဖုန်း-၀၆၇-၃၄၁၂၂၃၊ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၀၆၇-၃၄၁၂၂၈ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၃၄၁၂၂၃၊ ၀၆၇-၃၄၁၂၂၈ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၄၈၅၀၄ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမိုင်ဇေအောင် ၇/ပတတ(နိုင်)၁၅၁၆၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနနှင့် ဘဏ္ဍာရေးဌာန၊ ရုံးချုပ်(နေပြည်တော်)တို့တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ အငယ်တန်းစာရေးရာထူး ၂၃ နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) လျှောက်လွှာပိတ်သည့် ၂၅-၄-၂၀၂၂ ရက်၌ အသက် ၃၀ (ဝန်ထမ်းဖြစ်ပါက ၃၅ နှစ်ထက် မကျော်လွန်သူ)ဖြစ်ရမည်၊

(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊

(ဃ) စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနအတွက် အင်္ဂလိပ်စာ၊ ကွန်ပျူတာဘာသာရပ်များတွင် အခြေခံတတ်ကျွမ်းသူများကိုလည်းကောင်း၊ ဘဏ္ဍာရေးဌာနအတွက် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ(သို့မဟုတ်)စီးပွားရေးဘွဲ့(အဝေးသင်) ရရှိသူများကိုလည်းကောင်း ဦးစားပေးခန့်ထားပါမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော (၁"x၁.၂၅")အရွယ်ကာလာဓာတ်ပုံ (၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာတတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထား မိတ္တူများ၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့် **နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ထောက်ခံချက်မူရင်း။**

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို ၂၅-၄-၂၀၂၂ ရက် ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊ စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်အထောက်အထား(မူရင်းများ)နှင့်အတူ လာရောက်၍ဆက်သွယ်ကြရန် ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း တို့အား မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) ၂၆-၄-၂၀၂၂ ရက်၊ နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ)အား ဖြေဆိုခြင်း၊

(ခ) ၂၆-၄-၂၀၂၂ ရက် (နေ့လယ်ပိုင်း)နှင့် ၂၇-၄-၂၀၂၂ ရက်များတွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊ ဖုန်း-၀၆၇-၇၇၀၃၂/၇၇၁၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
### မြောင်းမြမြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၂၄

| | | |
|---|---|---|
| ဦးကျော်စိုးလင်း | **နှင့်** | ဦးခင်မြင့်(ခ)ဦးအီစမိုင်(ခ)ဦးမြင့်မြတ် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ စကားဝါလမ်းသွယ်၊ အမှတ်(၄) ရပ်ကွက်နေ ဦးခင်မြင့်(ခ)ဦးအီစမိုင်(ခ)ဦးမြင့်မြတ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်စိုးလင်းက ခေတ္တလက်လှည့်သုံးချေးငွေမှ ပေးဆပ်ရန်ကျန်ငွေ (၆၀၀၀၀၀၀ိ/-) (ကျပ်ခြောက်ဆယ်သိန်း)ရလိုကြောင်းလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၆ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၇ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေမိုးသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြောင်းမြမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၂)၊ သိန်းနီလမ်းနေ (ဘ) (ဦးအောင်ကျော်ညွန့်) နှင့် (မိ) ဒေါ်ဆွေဆွေလွင် ၅/ရဘန(နိုင်)၀၇၈၀၉၂ တို့၏သားများဖြစ်သည့် မောင်နေမှိုင်းဟန် ၁၃/လရန(နိုင်)၁၉၂၂၅၂နှင့် မောင်ဇင်မျိုးဟန် ၁၃/လရန(နိုင်) ၁၉၂၂၅၁ တို့သည်မိဘဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေလွင်**

## ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း/ရေအရင်းအမြစ်)မှ မိုးမတိုင်မီဆောင်ရွက်မည့် ချောင်းကော၊ ရေနုတ်မြောင်းကောများ တူးဖော်ခြင်း၊ ရေငန်တားတာပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ Solor Pump စနစ်ဖြင့် ရေတင်လုပ်ငန်းနှင့် ရေတံခါးရွက်များ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းတင်ဒါများနှင့်တည်ဆောက်ရေးသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** | - ၂၀-၄-၂၀၂၂ ရက်မှ ၂၂-၄-၂၀၂၂ ရက်ထိ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီထိ |
| (ခ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** | |
| | **ပစ္စည်းတင်ဒါ** | - ၂၅-၄-၂၀၂၂ ရက်မှ ၃-၅-၂၀၂၂ ရက်ထိ |
| | **လုပ်ငန်းတင်ဒါ** | - ၂၅-၄-၂၀၂၂ ရက်မှ ၃-၅-၂၀၂၂ ရက်ထိ ညနေ ၄:၃၀ နာရီ နောက်ဆုံးလက်ခံပါမည် |
| (ဂ) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | |
| | **ပစ္စည်းတင်ဒါ** | - ၆-၅-၂၀၂၂ ရက် |
| | **လုပ်ငန်းတင်ဒါ** | - ၁၃-၅-၂၀၂၂ ရက် |
| (ဃ) | **တင်ဒါလျှောက်လွှာရောင်းချ/ဖွင့်လှစ်မည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ |

၂။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို အထက်ဖော်ပြပါ လိပ်စာရှိရုံးနှင့်လုပ်ငန်းတည်ရှိရာ ခရိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ပဲခူး၊ တောင်ငူ၊ သာယာဝတီ၊ ပြည်)ရုံးများသို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ဖော်ပြပါရက်များ ပြောင်းလဲပါက ကြိုတင်၍ ထပ်မံအသိပေးအကြောင်းကြားပါမည်။

မှတ်ချက်။ ။ တည်ဆောက်ရေးပစ္စည်းတင်ဒါ တင်သွင်းခြင်းအတွက် ၂၀၂၂ ခုနှစ်အတွင်း စမ်းသပ်ထားသော ဓာတ်ခွဲခန်းအဖြေ(မူရင်း)များ လိုအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်ဇေယျရပ်ကွက် အကွက် (၆၆/မြို့လယ်ရပ်)၊ ဦးပိုင်အမှတ် ၂၅/က၊ ဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိ မြေကွက်အား ကျွန်မ ဒေါ်လဲ့လဲ့ဝင်း ၅/ကလထ(နိုင်)၁၀၉၁၄၁ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရန် လျှောက်ထားရယူမည်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ မြေငှားဂရန်အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့ဝင်း**
**ပင်လုံနယ်မြေ(၁)**
**ဗိုလ်ချုပ်လမ်း၊ ကလေးမြို့**
**ဖုန်း-၀၉-၇၉၇၄၈၅၆၄၁**

## အသင်းသူ / သားများနှင့် မြီရှင်များသိရှိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ ဂျီအီးစီ(ပညာရေးတက္ကသိုလ်)သမဝါယမအသင်းလီမိတက်ကို သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၆-၁-၂၀၂၂ ရက်စွဲပါ စာအမှတ် င-ဗ-၃(၆)/၄၆၇/၂၀၂၂၊ အမိန့်အမှတ်(၁၇၂)ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်လိုက်ပြီဖြစ်သည့်အတွက် ယင်းအသင်းထံမှ အသင်းသူ/သားများနှင့် မြီရှင်များသည် ငွေကြေး (သို့မဟုတ်) ပစ္စည်းတစ်စုံတစ်ရာရရန်ရှိသူများသည် ရလိုကြောင်း ခိုင်လုံသော သက်သေခံ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဦးစီးအရာရှိ(မြို့နယ်) သမဝါယမဦးစီးဌာန၊ မဟာအောင်မြေမြို့နယ်၊ စာရင်းရှင်းတာဝန်ခံထံသို့ ၂၀၂၂ ခုနှစ် ဧပြီ ၂၅ ရက်မတိုင်မီ တင်ပြတောင်းခံကြရန် အသိပေးကြော်ငြာအပ်ပါသည်။

(သတ်မှတ်ထားသောရက်ကျော်လွန်မှ လက်ခံရရှိသော တောင်းခံချက်များကို လက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါကြောင်း ကြိုတင်အသိပေးနှိုးဆော်ပါသည်။)

**စာရင်းရှင်းတာဝန်ခံ**
**မြို့နယ်သမဝါယမဦးစီးဌာန**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာချက်

ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ ၊ကွင်းအမှတ်-၆၈၃/၇၅၉၊ ဦးပိုင်အမှတ်၄၇၊ ဧရိယာ ၂ ဒသမ ၅၀ဧက အကျယ်ထဲမှ အကွက်အမှတ်E-1,2,3,4,5ဟုခေါ်တွင်သည့်(အရှေ့လားသော် F-1,2,3, 4,5၊ အနောက်လားသော်လမ်း-တောင်လားသော်-လမ်း၊ မြောက်လားသော် - လမ်း) အနားလေးရပ်အတွင်း အရှေ့ ၁၈၀ပေ ၊ အနောက် ၁၈၀ပေ ၊ တောင် ၆၀ပေ ၊ မြောက် ၆၀ပေ အကျယ်ရှိ မြေကွက်အား ၃-၈-၂၀၁၉ ရက်တွင် "နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ်"ပြုလုပ်ချုပ်ဆိုပြီး ဦးမောင်မောင်လွင်ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူ၍ လက်ရှိထား နေထိုင်လျက်ရှိပါသည်။ အဆိုပါ စာချုပ်မူရင်းမှာ လွန်ခဲ့သော (၂)လခန့်ကခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေထံ ဆက်သွယ်ပေးပါရန်နှင့်အဆိုပါစာချုပ်မူရင်းအားအသုံးပြု၍ အလွဲသုံးစားပြုလုပ်ခဲ့ပါက သိရှိသည်နှင့်တစ်ပြိုင်နက် ပြုလုပ်သူမည်သူကိုမဆို ဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ယုယုဝေ** | **ဒေါ်ညီပုလုံး(LL.B)** |
| **၁၂/လသယ(နိုင်)၀၃၄၈၀၃** | **တရားလွှတ်တော်ရှေ့နေ** |
| **ထုံးဘိုကျေးရွာ၊ ပြင်ဦးလွင်မြို့** | **(စဉ်-၁၆၄၈၀)** |
| **ဖုန်း-၀၉-၄၀၄၂၄၈၇၁၈** | **နှင်းဆီလမ်း၊ကွက်ပြင်(၃)၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၃၂၅)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်ခင်ဝင်း (AF-065557 ) ၁၂/ဥကတ(နိုင်)၀၄၂၅၁၀ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၂၅) ၊ ပဒေသရာဇာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစံခင် ၁၂/ဥကတ(နိုင်)၀၅၀၃၅၅ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘုမောင်(LL.B)(စဉ်-၂၂၇၄၇)၊** | **ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၆၃)ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀') ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေအလျားx အနံ(၂၀'x၆၀')ပေရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မိုးမိုးငြိမ်း ၂/လကန(နိုင်)၀၀၆၇၃၂ ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးကျော်ဆန်း ၁၂/ဒဂမ(နိုင်)၀၁၂၂၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထွေး ၁၂/ပဘတ(နိုင်)၀၀၂၅၇၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် (စဉ်-၁၄၆၉၈) LL.B,D.B.L,D.M.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အုတ်တံတိုင်း၊ မုခ်ဦး၊ ရေကန်၊ တံတား ဒါယကာကြီး

# ဦးလှရွှေ

### အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ ယုဇနစီးပွားရေးတာဝါ၊ အခန်းအမှတ်(၁၀၀၈)၊ ၁၀-လွှာနေ (ဦးအောင်ဖိုး-ဒေါ်ကျော်တင့်)တို့၏သား၊ ဒေါ်ယဉ်ယဉ်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအုန်းရွှေ) -ဒေါ်မြင့်မြင့်ခင်၊ ဦးထွန်းရွှေ-ဒေါ်စမ်းစမ်းသီ၊ (ဦးအောင်မြင့်)-ဒေါ်ခင်စမ်းရီ၊ ဦးထွန်းဝင်း-ဒေါ်ဝင်းမာဦးတို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဦးနိုင်ဌေး-ဒေါ်မိုမိုအိ၊ (ဦးသူရကျော်စွာ)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်မင်းခန့်၊ မသီရိသစ္စာတို့၏ချစ်လှစွာသောအဘိုး၊ တူ၊ တူမ ငါးယောက်တို့၏ ချစ်လှစွာသောဘကြီးသည် ၃-၄-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူဝင်း ၈/မလန(နိုင်) ၀၉၆၂၅၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၅၅ဧက ရှိ မြေကွက်အမှတ် (ပ-၃၀၁၂၁) ၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းဌေး ၉/ပမန(နိုင်)၀၁၅၄၄၆ (ဘ)ဦးမောင်ညဏ် မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ပုဗ္ဗသီရိမြောက်ရပ်)၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ ၀ ၅၄)ဧကရှိ ဦးအေးစိုး ၁၂/မရက(နိုင်) ၀၁၈၄၁၉(ဘ)ဦးချစ်စိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၂၉၃၄)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၃/၂၀၁၅ (၆-၂-၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာရရှိထားသူ ဒေါ်ဖြူဖြူသင်း ၈/တတက(နိုင်) ၀၈၂၅၃၀ (ဘ)ဦးတင်ထွန်းမှ ဦးဝေလွင် ၈/တတက (နိုင်) ၀၆၆၆၅၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## သွေးသည် အသက်

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဒုတိယဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း)

### ကြည်း/၁၁၁၈၄(OTS-36)

### အသက်(၈၃)နှစ်

မင်းတုန်းမြို့နေ (ဦးတင်မောင်-ဒေါ်ပု)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာနေ ဒေါ်နှင်းရီ (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ခင်ပွန်း၊ ဦးဝဏ္ဏ- ပါမောက္ခ ဒေါက်တာညိုမီမေသင်၊ ဦးရှူပ-ဒေါ်အိမ္မာန်ခိုင်တို့၏ ဖခင်၊ မောင်ဘုန်းမြတ်သာ၊ မောင်ကောင်းမြတ်ညီ တို့၏အဘိုးသည် ၂-၄-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မငြိမ်းငြိမ်းအေး ၈/ဆဖန(နိုင်) ၁၀၅၃၈၀၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၃)
## (၁/၂၀၂၂-၂၀၂၃)
## Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တကူ-တိုက်ကမ်းတံတား၊ ဖောင်ဆိပ်တံတား၊ ဟိန္ဒားပြင်တံတား၊ ဂျင်းထောက်တံတား၊ ဘုရင့်တောင်တံတား၊ သဖြူချောင်းတံတား၊ ဝါးချောင်းတံတား၊ အရှေ့မော်တုန်း-အနောက်မော်တုန်းတံတား၊ ကဘင်းချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် လိုအပ်သောဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်) ငွေဖြင့် ဝယ်ယူခြင်းကို Coronavirus Diease 2019(COVID-19)ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်းအစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) ဝယ်ယူလိုသည့်ပစ္စည်းများ | - | J/Wood, Chipping,R/Sand, Bentonite, H.S.D,2mm thk;M.S Plate, 10mm thk;M.S Plate, Ready Mixed Concrete(3500 psl, 5500 psl) |
| (ခ) ငှားရမ်းလိုသည့်ပစ္စည်း | - | Ton 1200Barge, Tug Boat,Z-Craft,Landing Craft |
| ၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၅-၄-၂၀၂၂ရက်(အင်္ဂါနေ့) |
| ၃။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | ၂၅-၄-၂၀၂၂ရက်(တနင်္လာနေ့) နံနက်၁၁နာရီ |
| ၄။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - | ၂၆-၄-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီ |
| ၅။တင်ဒါဖွင့်လှစ်မည့်နေရာ | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊တံတားအထူးအဖွဲ့(၁၃)၊ မြန်မာ့စီးပွားရေးဘဏ်အနီး၊ မြိတ်မြို့ |

၆။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။ ဖုန်း-၀၉-၄၂၂၁၉၉၄၉၅၊ ၀၉-၂၅၇၆၀၂၉၇၈၊ ၀၉-၇၈၃၁၇၃၅၄၃၊ ၀၅၉-၂၀၄၂၀၁၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၃)၊မြိတ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/3060, Toyota Landcruiser Prado S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းလင်း ၁၃/ကမန(နိုင်)၁၀၇၈၉၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## လမ်းဦးစီးဌာန၊ မြိတ်ခရိုင်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်မည်သူမဆို အိတ်ဖွင့်တင်ဒါ(Open Tender)ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၁-၄-၂၀၂၂ရက် (သောကြာနေ့) မှစ၍ (ရုံးချိန်အတွင်း) |
| ၃။ တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | - | ၂၁-၄-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ |
| ၄။တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်နှင့် အချိန်/နေရာ | - | ၂၅-၄-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၉နာရီ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြိတ်ခရိုင်၊ မြိတ်မြို့ |

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၅၉-၄၁၁၁၇၊ ၀၅၉-၄၁၀၀၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေကွက်အမှတ်(၈၅/၆၆)၊ ပေ(၄၀x၆၀)ရှိ ဒေါ်မြင့်မြင့် ၁၂/တမန(နိုင်)၀၂၁၀၇၉ အမည်ပေါက်၊ မြို့မြေကွက် (အလွတ်)ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ရှိထားသူ ဦးနိုင်ဝင်း ၁၂/ဒဂတ(နိုင်)၁၄၁၅၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့ထွေး ၁၂/ဒဂတ(နိုင်)၀၆၀၆၆၀ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ အချို့ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုးဟန် (LL.B)** | **ဒေါ်ထူးထူးမြတ် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၁၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၆) |
| (၁၇-၁၂-၁၉၉၁) | (၁၆-၅-၂၀၁၇) |
| အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့ | အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့ |
| ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ ၀၉-၄၄၃၁၆၉၄၁၂၊ | ဖုန်း-၀၉-၂၅၀၉၈၇၀၂၉ |

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက်အမှတ် (၁၉၃/၃၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ပါမစ်မြေကွက်အား ဦးထက်ပိုင် ၁၂/စခန(နိုင်)၀၅၇၉၉၉ မှ ပျဉ်းမနားမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဘက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမောင် ၁၂/လမန(နိုင်)၀၂၇၀၂၇ နှင့် ဒေါ်အေးရီ ၁၂/လမန(နိုင်)၀၂၇၀၂၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၂၃၀၃(ခ)နေ ဦးဝင်းမောင်-ဒေါ်အေးရီတို့၏သမီး မသက်မှူးခင် ၁၂/ရပသ(နိုင်)၀၈၁၃၀၆ သည် မိဘများအကြိမ်ကြိမ်ဆိုဆုံးမသွန်သင်နေပါလျက် နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ ဒုက္ခရောက်အောင် ပြုမူဆောင်ရွက်သွားသည့်အပြင် မိမိစိတ်တိုင်းကျပြုမူနေထိုင်သွားသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့်မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမောင်-ဒေါ်အေးရီတို့နှင့် လုံးဝသက်ဆိုင်ပတ်သက်မှုမရှိပါကြောင်း အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစောလယ်ကလဲ(LL.B)** | **တိုးတိုးအောင်မြင့်(LL.B)** | **စည်သူအုံ့ဘွယ်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၃၉၂၄)** | **(စဉ်-၄၅၉၇၃)** | **(စဉ်-၈၄၅၃)** |

**စုပေါင်းရုံးဝင်းရှေ့နေများရုံးခန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၉၅၅၀၃၃၃၅**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်း ၁၂/ရပသ(နိုင်)၁၂၅၆၁၂ နှင့် ဒေါ်ညိုညိုစန်း ၁၂/အစန(နိုင်)၁၄၆၄၂၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွင်၊ ပန်းခြံ(၁၉)၊ မဟာဗန္ဓုလလမ်း၊ အိမ်အမှတ် ၁၄/၁၁/၆၀၀(က+ခ)နေ ဦးဇော်ဝင်း-ဒေါ်ညိုညိုစန်းတို့၏ သားကြီး မောင်မင်းဇော်ဦး ၁၂/ရပသ(နိုင်)၁၂၇၀၆၀ သည် မိဘများ အကြိမ်ကြိမ်ဆိုဆုံးမသွန်သင်နေပါလျက် နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲဒုက္ခရောက်အောင် ပြုမူဆောင်ရွက်သွားသည့်အပြင် မိမိစိတ်တိုင်းကျပြုမူနေထိုင်သွားသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့်မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဝင်း-ဒေါ်ညိုညိုစန်းတို့နှင့် လုံးဝသက်ဆိုင်ပတ်သက်မှုမရှိပါကြောင်း အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစောလယ်ကလဲ(LL.B)** | **တိုးတိုးအောင်မြင့်(LL.B)** | **စည်သူအုံ့ဘွယ်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၃၉၂၄)** | **(စဉ်-၄၅၉၇၃)** | **(စဉ်-၈၄၅၃)** |

**စုပေါင်းရုံးဝင်းရှေ့နေများရုံးခန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၉၅၅၀၃၃၃၅**

---

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)
## ရုပ်ရှင်ထုတ်လုပ်မှု အင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်ရန် ရာထူးနေရာများခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ရှိ ရုပ်ရှင်ထုတ်လုပ်မှု အင်ဂျင်နီယာဌာနတွင် တာဝန်ထမ်းဆောင်ရန် ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများကို အောက်ဖော်ပြပါ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|---|
| (က) | ရုပ်သံကျွမ်းကျင်(၂) တည်းဖြတ် | ၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ | (၁)နေရာ |
| (ခ) | ဓာတ်ပုံကျွမ်းကျင်(၂) | ၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ | (၁)နေရာ |

၂။ ရုပ်သံကျွမ်းကျင်(၂)တည်းဖြတ်နှင့် ဓာတ်ပုံကျွမ်းကျင်(၂)ရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။

(ခ) အသက်(၃၅)နှစ်ထက် မကျော်ရ(၂၀၂၂ ခုနှစ်၊ မေလ ၈ရက်နေ့အထိ)၊
(နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှော့ပေါ့စဉ်းစားမည်)၊

(ဂ) ကင်မရာ၊ ဗီဒီယိုကျွမ်းကျင်စွာ တည်းဖြတ်ရိုက်ကူးနိုင်သူဖြစ်ရမည်။

(ဃ) ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) အနုပညာရပ်ဆိုင်ရာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်များနှင့် ပတ်သက်၍ နားလည်စိတ်ပါဝင်စားသူဖြစ်ရမည်။

(စ) ကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ စီမံရေးရာဌာနခွဲရုံးခန်းသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ရက်မှ မေလ ၈ ရက်နေ့ အထိ လာရောက် လျှောက်ထားရမည်ဖြစ်ပါသည်-

(က) CV From (၆လ အတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ ပုံ)

(ခ) နိုင်ငံသားစိစစ်ရေးကတ်/ဝန်ထမ်းကတ်(မိတ္တူ)

(ဂ) ပညာအရည်အချင်း သတ်မှတ်ချက် အထောက်အထား

(ဃ) ဘွဲ့လက်မှတ်(မိတ္တူ)

(င) မိမိနေထိုင်ရာ ဒေသမှ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ထောက်ခံချက်(မူရင်း)

၄။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့၊ လက်တွေ့စစ်ဆေးမည့်အစီအစဉ်ကို အချိန်မီထပ်မံ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ဖုန်း-၀၈၅-၄၀၁၁၈၂၊ ၀၈၅-၄၀၁၁၈၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၁

| | | |
|---|---|---|
| ဒေါ်မြသီ | နှင့် | ဒေါ်မြစန္ဒာ |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ စိန်ရတနာ ၃လမ်း၊ အမှတ် (၁၈၈/က)နေ တရားပြိုင် ဒေါ်မြစန္ဒာ (ယခု နေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ် တရားလိုက ဂရန်စာချုပ်လက်ရောက်ရရှိရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မေ ၂ ရက် (၁၃၈၄ ခုနှစ် ကဆုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောသိန်းကုဋ္ဌေအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အနာဂတ်မျိုးဆက်သစ်လူငယ်များအား ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် တက္ကသိုလ်များနှင့် စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ဖျက်ဆီး

နေပြည်တော် ဧပြီ ၃

အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် Human Resources (HR) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အချို့ရှိ တက္ကသိုလ်များနှင့် စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



ဗန်းမော်မြို့ ဗန်းမော်တက္ကသိုလ်ဘောလုံးကွင်းအနီး အမှိုက်ပုံတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဗန်းမော်တက္ကသိုလ်ဝင်းအတွင်းရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။



## နန်းချို ကြိုးပြင်ကာကွယ်တော အပိုင်း(၂) သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(င) နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၇၉၂၇ ဧကရှိသော နယ်မြေကို **"နန်းချို ကြိုးပြင်ကာကွယ်တောအပိုင်း(၂)"** အဖြစ် အမိန့်ကြော်ငြာစာ အမှတ်(၆၃/၂၀၂၂)အရ ၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁ ရက် (၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖

### ယနေ့ သတင်းအညွှန်း

**မတ္တရာမြို့နယ် ကင်းကျေးရွာရှိ တောင်ကျောင်းဆရာတော်အား PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်** ပြည်တွင်းသတင်း စာ - ၁၂

**ဧပြီ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၆ ဦး တွေ့ရှိ** ပြည်တွင်းသတင်း စာ - ၁၅